


www.burmeseclassic.com
အောင်မြင်စာပေ
ဂ မ္ဘီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်
ကြိုခဏ္ဍ
ချစ်ငြီးမပြေတဲ့
အချစ်ကြိုးကဝေ
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

ကြီးစက္ခု
ချစ်ပြီးမပြေတဲ့အချစ်ကြီးကာဝေ/ကြီးစက္ခု။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃၊
၂၃၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြီးစက္ခု

**ထုတ်ဝေသူ** ဦးအောင်မြင့်၊ **မြန့်ချိရေး** အောင်မြင်စာပေ၊
**အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်** အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)။



# ဒဿန လက်ဆောင်

❖ ကြမ်းတမ်းခက်ထန်တဲ့
မြေအိုးကောင်းတစ်လုံးထက်
ကွဲအက်နေတဲ့ ကျောက်စိမ်းတစ်လုံးက
ပိုပြီးတန်ဖိုးရှိပါတယ်။
တန်ဖိုးမရှိဘဲ ဟန်ဆောင်နေရတာနဲ့စာရင်
ဆင်းရဲပေမယ့် တန်ဖိုးရှိတဲ့ဘဝမျိုးက
ပိုပြီးကောင်းပါတယ်။

❖ ကျားတစ်ကောင်နဲ့မတွေ့တာအကောင်းဆုံးပါပဲ
မလွှဲမရှောင်သာလို့
ကျားတစ်ကောင်ရဲ့ကျောပေါ်ကို
ရောက်သွားပြီဆိုရင်တော့
ဘာမှတွေဝေနေစရာမလိုဘဲ...
အနိုင်တိုက်ရပါမယ်...။

❖ သူတစ်ပါးမခံသာအောင်
စကားလုံးများ ရှာဖွေပြောတတ်သူဟာ
သဘောထားသေးသိမ်သော
အပ်ချွန်တစ်ချောင်း သူ့ဆီမှာရှိနေပြီကို
သဘောပေါက်ထားရပါမယ်...။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿန လက်ဆောင်

❖ သဘောထားမရိုးဖြောင့်သူတွေဟာ
ရိုးဖြောင့်တဲ့စကားလုံးတွေနဲ့
အကာအကွယ်ယူလေ့ရှိကြတယ်
သဘောထား ရိုးဖြောင့်တဲ့လူတွေရဲ့
စကားလုံးတွေကတော့
ကြားရသူရဲ့နားထဲမှာ...
ချောချောမွေ့မွေ့ဖြစ်ချင်မှ ဖြစ်တတ်ကြတယ်။

❖ အချစ်ဆိုသောအရာသည်
တစ်ဦးနှင့်တစ်ဦး ချစ်သူမဖြစ်ကြခင်အထိက
အရေးကြီးပါသည်။
ချစ်သူဘဝ ရောက်သွားလျှင်တော့
ထို့ထက်ပိုပြီးအရေးကြီးသောအရာများက
ပေါ်ပေါက်လာပေလိမ့်မည်။

❖ ချစ်သူတို့အတွက်
သာယာပျော်ရွှင်ဖွယ်ရာများကိုတွေ့နိုင်တယ်
မုန်တိုင်းထန်သောအခက်အခဲများကို
တွေ့နိုင်တယ်၊ ဒါပေမယ့် မျှော်လင့်ချက်ကြောင့်
အရာအားလုံးကို ကျော်ဖြတ်နိုင်ကြပါတယ်။

# ဒဿန လက်ဆောင်

❖ ထာဝရ တည်မြဲနေသော
အရာနှစ်ခုရှိပါတယ်
သေခြင်းတရားနဲ့ အချစ်စစ်ဖြစ်ပါတယ်
သေခြင်းတရားက ပြီးဆုံးခြင်းဖြစ်ပေမယ့်
အချစ်စစ်ကတော့
ထာဝရရှင်သန်နေတတ်ပါတယ်။

❖ မီးကို အလိုရှိလျှင်
နှင်းခဲတွေနှင့် မွှေးလို့မရပါဘူး
အချစ်ကို အလိုရှိလျှင်
ပကာသနတွေနဲ့ မဖန်တီးပါနဲ့
ပကာသနတွေ ပါလာလျှင်
အချစ်စစ်ကို မရနိုင်ပါဘူး...။

❖ ရေကြည်ရေသန့် လိုချင်လျှင်
ခြေထောက်ကို ရွှံ့ပေတာ ခံနိုင်ရပါတယ်။
ကမ်းပေါ်မှ အလွယ်တကူ ခပ်ယူရုံတော့
ရေကြည်ရေသန့် မရနိုင်ပါဘူး...။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ အခြားသူများထံမှာ
အကူအညီလာတောင်းစဉ်က
ခေါင်းကိုငုံ့ထားသောသူသည်
သူ့ထံသို့ အကူအညီသွားတောင်းသည့်အခါ
သူ့မျက်နှာကိုပင် မြင်ခွင့်ရနိုင်မည်မဟုတ်ပေ။

❖ စိတ်ပင်ပန်းခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ
ဦးနှောက်ကိုအသုံးမချခြင်းကြောင့်ဖြစ်သည်၊
နေ့စဉ်နှင့်အမျှ
ဦးနှောက်ကိုအသုံးချနေသောသူအတွက်
စိတ်ပင်ပန်းလျှင်သော်မှအကျိုးရှိသည်၊

❖ ရိုးသားခြင်းမရိုးသားခြင်းမှာ
စကားကြည့်ပြီး ဆုံးဖြတ်မရဘဲ
ပြုမူသောအမှုအရာကြောင့်သာ
အကဲခတ်နိုင်သည်။
စေတနာရှိသည် မရှိသည်ကတော့
တုံ့ပြန်လာသော အချက်များအပေါ်မှာသာ
အဖြေတွေ့နိုင်လေသည်၊

# စာရေးသူ၏ဝန်ခံချက်

ဤဝတ္ထုအဖြစ်အပျက်မှာ ဖြစ်ရပ်မှန်များဖြစ်ပါသည်။ (၁၃၁၅ခု) (၁၉၅၃ - ခုနှစ်)လောက်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များပင်ဖြစ်ပါသည်။

ထိုအချိန်က ဟံသာဝတီအပိုင်း ကားမှတ်တိုင်း၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များမှာ မြန်မာ့အလင်း သတင်းစာမှာပါပြီး ဟိုးလေးတကျော်ဖြစ်ခဲ့ဖူးပါသည်။

ယခု နှစ်ပေါင်း (၆၀)ဝန်းကျင်ရှိခဲ့ပြီးဖြစ်သောကြောင့် ဖြစ်ရပ်မှန်အကြောင်းအရာများကို အနည်းငယ် ပြုပြင်ပြောင်းလဲ၍ ဝတ္ထုသဖွယ် ရေးသားခဲ့ခြင်းဖြစ်ပါကြောင်း ကြိုတင်အစီရင်ခံအပ်ပါသည်။

စာဖတ်သူများ၏မေတ္တာရိပ်အောက်မှ...

(စာရေးသူ)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း (၁) မြတ်စွာဘုရား၏ဗျာဒိတ်တော်သိုက်

အခန်း (၂) မှခသိုက်နှင့် အခြားသိုက်တာများ

အခန်း (၃) ကားမှတ်တိုင်မှ မိန်းမပျို

အခန်း (၄) အကျည်းတန်လာသည့်မျက်နှာပြင်များ

အခန်း (၅) မကောင်းဆိုးဝါးပူးကပ်နေသောသစ်ပင်

အခန်း (၆) ပေတလူနှင့် ဟင်းကောင်းတစ်ခွက်

အခန်း (၇) လက်တစ်ဖက်လာတောင်းသည့်သရဲ

အခန်း (၈) နှစ်ဆောင်ပြိုင်မှ မာယာရှင်

အခန်း (၉) ကျားနက်ရုပ်နှင့် ဆန်းကြယ်သော အဖြစ်အပျက်

အခန်း (၁၀) ရွှေစေတီမှ ဆုတောင်းပြည့်ဆေးလုံးများ

အခန်း (၁၁) များပြားလှစွာ စုန်းကဝေပညာ

အခန်း (၁၂) ချစ်ရေးမပြေသာသည့် ဝင့်ကြွေးကြမ္မာ

အခန်း (၁၃) ကျားဖြူသိုက်မှ ပြဒါးရှင်

အခန်း (၁၄) ဘဝဟောင်းမှ သစ္စာပြုဖက်များ

အခန်း (၁၅) သစ္စာပြုဖက်တွဲလက်မကျွာ




## အခန်း(၁)

## မြတ်စွာဘုရား၏ ဗျာဒိတ်တော်သိုက်

ကမ္ဘာပေါ်တွင် ထူးခြားဆန်းကြယ်သော နေရာအ ဆောက်များများရှိကြပေရာ အချို့လည်းသိကြသည်။ အချို့လည်း လူတို့မသိနိုင်သောနေရာများတွင် ရှိကြလေသည်။

ထိုလျှို့ဝှက်စွာရှိနေကြသော နေရာများတွင် 'ရတနာ သိုက်' များမှာ လူသိအများဆုံးနှင့် လူအများစိတ်ဝင်စားမှုအရှိ ဆုံးအရာများ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာသိုက်ဟု ယေဘုယျခေါ်ဝေါ်နေကြသည့်နေရာများမှာလည်း အမျိုးအစားချင်းတူညီကြသည်တော့ မဟုတ်ကြပေ။

ရွှေ ငွေ၊ ကျောက်သံပတ္တမြား စသည်တို့ချည်း ရှိသောနေရာများ၊ အခြားအဖိုးတန်သတ္တုရတနာများ ရှိသောနေရာ၊ ပြဒါးစသော သိဒ္ဓိရှိအရာဝတ္ထုများ စုဝေးရှိနေသည့်နေရာ၊

ရေနံများ စုဝေးနေသည့်နေရာ၊ ရှေးဟောင်းပညာရပ်များ သို၀ှက်ထားသောနေရာများ အစရှိသဖြင့် အမျိုးအစားမြောက်မြားစွာရှိကြလေသည်။ တည်ရှိသော အရာဝတ္ထုများအပေါ်မူတည်ပြီး အခေါ်အဝေါ်လည်း ခြားနားလေသည်။

ရွှေ၊ ငွေ၊ ရတနာများချည်းရှိသောနေရာကို ရတနာသိုက်၊ ပြဒါးရှင်စသော သိဒ္ဓိရှိသောပစ္စည်းများရှိသည့်နေရာကို ပြဒါးသိုက်၊

ရေနံကြောရှိသောနေရာကို ရွှေမည်းသိုက်၊ ဘော်၊ ငွေနှင့် ပလက်တီနမ် အစရှိသော အဖိုးတန်ပစ္စည်းများ တစ်စုတစ်ဝေးတည်း ရှိသောနေရာကို ရွှေဖြူသိုက်၊ ထွက်ရပ်လမ်းနှင့် အခြားလျှို့၀ှက်သော ပညာရပ်များကို သိမ်းဆည်းထားပြီး တစ်စုတစ်ဝေးတွေ့နိုင်သောနေရာကိုတော့ ပညာသိုက်ဟု ခေါ်ဝေါ်ကြသည်။

'သိုက်'ဟူသော ဝေါဟာရမှာ 'တစ်စုတစ်ဝေးတည်း ရှိနေသောနေရာ'ဟု အဓိပ္ပာယ်ရှိပါသည်။ ဥစ္စာသိုက်ဆိုလျှင် ရှေးဟောင်း ရွှေငွေများရှိသောနေရာ. . ရတနာသိုက်ဆိုလျှင်





ကျောက်မျက်ရတနာများ ရှိသောနေရာဟု အလွယ်တကူသိနိုင်ကြသည်။

အချို့ကတော့. . . ဆင်သချိုင်းတွင် ဆင်စွယ်များအမြောက်အမြားရှိနေသောနေရာကိုပင် 'ဆင်စွယ်သိုက်' ဟု ခေါ်ဝေါ်တတ်ကြသည်။

အများအားဖြင့်တော့ 'သိုက်'ဆိုသောစကားလုံး ကြားလိုက်ရသည်နှင့် ဥစ္စာစောင့်များ၊ တစ္ဆေသရဲ၊ ဘီလူးစသည်တို့နှင့် ရွှေငွေရတနာအမြောက်အမြား ရှိသောနေရာဟု ထင်တတ်ကြပေသည်။

ဒါကလည်းတစ်ခေတ်တစ်ခါက လူကြိုက်များခဲ့သော သိုက်သမိုင်းစာအုပ်နှင့် သိုက်သမိုင်းရုပ်ရှင်ဇာတ်ကားများကြောင့်လည်း ဖြစ်နိုင်ပေသည်။

(၁၉၅၅)ခုနှစ်ဝန်းကျင် ကျွန်တော်တို့ငယ်ရွယ်စဉ်အချိန်က ကြည့်ရှုခဲ့ရသော သိုက်သမိုင်းဇာတ်ကားများအကြောင်းကို ယခုအချိန် အရွယ်ရောက်သည့်တိုင်အောင် အမှတ်ရနေဆဲပင်ရှိသေး၏။

ရွှေဂျိုးဖြူ မူလခဲသိုက်၊ မင်းစိန်မင်းသိန်သိုက်၊ ရတနာနတ်မယ်သိုက် အစရှိသော ဇာတ်လမ်းများကို သတိရနေဆဲပင်ရှိသေး၏။

မင်းသားနှင့် သိုက်စောင့်မင်းသမီးတို့ ချစ်ကြိုးသွယ်ကြသည့် အခန်းကိုကြည့်ပြီး သဘောကျသည်။

သိုက်ထဲမှ ရွှေငွေရတနာများကိုမြင်တော့ မိမိကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သိုက်ထဲရောက်ဖူးချင်သည်။

သိုက်စောင့် သရဲ၊ ဘီလူး စသည်တို့ကို မြင်ရသောအခါ ရုပ်ရှင်ရုံထဲမှာပင် ခေါင်းမဖော်ဝံ့အောင်ရှိပြီး အိမ်ပြန်ရောက်တော့ မှောင်လာလျှင်တစ်ယောက်တည်း မနေဝံ့တော့လောက်အောင် ကြောက်ရွံ့နေတတ်သည်။

သို့သော်လည်း သိုက်စောင့်များ၊ ဘီလူးသရဲများပါသော သိုက်သမိုင်းဇာတ်ကားများကို ကျွန်တော်တို့ နှစ်သက်ခဲ့ကြသည်။

နောက်ပိုင်းအရွယ်ရလာပြီး စာဖတ်စအရွယ်ရောက်လာတော့လည်း သိုက်သမိုင်းအကြောင်းများကို ရေးသားထားသည့်စာပေများကို ဖတ်ဖြစ်သည်။

ထိုအကြောင်းများကို ဦးစားပေးရေးသော စာရေးဆရာများလည်း ပေါ်ပေါက်ခဲ့ရာ ထိုအထဲတွင် ဆရာကြီးမြစကြာနှင့် ကဝေသာရတို့မှာ ထင်ရှားလေသည်။

ကဝေသာရက စာအုပ်ရေ မများသော်လည်း ဆရာကြီးမြစကြာကတော့ အုပ်ရေအတော်များသည်။

မြစကြာ၏ခရီးစဉ်၊ ခရေပင်ဇောက်ထိုး၊ ကျောက်နွားကိုးကောင်၊ ပြဒါးပြာသိုက်စသော စာအုပ်များကိုတော့ နှစ်သက်ပါသည်။

ထိုအချိန်က ကျွန်တော် ဘောကျခဲ့သော အခြားစာရေးသူတစ်ယောက်လည်း ရှိပါသည်။

စာရေးဆရာမကြီး (ဒေါ်)ဒဂုန်ခင်ခင်လေးက ကိုကိုလေးဟူသော ကလောင်အမည်ခွဲဖြင့် ရေးသားခဲ့သည့် 'မှော်ဆရာမှတ်တမ်း' ဇာတ်လမ်းတွဲများကိုတော့ များစွာနှစ်သက် သဘောကျခဲ့ပေသည်။





ယခုမျက်မှောက်ခေတ်ကာလတွင် ကမ္ဘာတစ်ဝှမ်းမှာ လူကြိုက်အများဆုံးဇာတ်လမ်းတွဲမှာ 'ဟယ်ရီပေါ်တာ' ဇာတ်လမ်းတွဲပင်ဖြစ်သည်။

ရုပ်ရှင်အနေနှင့်ရော၊ စာအုပ်အနေဖြင့်ပါ အောင်မြင်ခဲ့သော ဇာတ်လမ်းတွဲများဖြစ်သည်။

အမှန်တော့ ထိုဇာတ်လမ်းတွဲများမှာ မှော်ပညာအသားပေးသော ဂမ္ဘီရဇာတ်လမ်းအမျိုးအစားပင် ဖြစ်သည်။ တိုက်ဆိုင်နေသည်က ကိုကိုလေးအမည်ဖြင့် မှော်ဆရာမှတ်တမ်းများကို ရေးသော ဒဂုန်ခင်ခင်လေးမှာလည်း အမျိုးသမီးတစ်ဦးဖြစ်သလို. . ကမ္ဘာကျော် ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲများရေးသော J.K Rowling သည်လည်း အမျိုးသမီးတစ်ယောက်ပင် ဖြစ်ပေသည်။

အမျိုးသမီးက ထူးခြားဆန်းကြယ်သော အကြောင်းအရာများကို ပိုမိုစိတ်ဝင်စားကြလေသလား မပြောတတ်တော့ပါချေ။ ဘာစ်ခုတော့ရှိသည်။

J.K Rowling ရေးသော မှော်ပညာဇာတ်လမ်းများပေါ်ပေါက်လာသည်မှာ သိပ်မကြာသေးသော်လည်း မြန်မာအမျိုးသမီး စာရေးဆရာမကြီး(ဒေါ်)ဒဂုန်ခင်ခင်လေးက ကိုကိုလေးကလောင်အမည်ဖြင့် ရေးသားခဲ့သော မှော်ဆရာမှတ်တမ်းများ ဇာတ်လမ်းတွဲများက (၁၉၅၆-၅၇) ခုနှစ်ဝန်းကျင်ကစ်ဝိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



စတင်ပြီးရေးသားခဲ့သဖြင့် နှစ်ပေါင်း(၅၀)ကျော်၊ (၆၀)နီးပါး ရှိခဲ့ပြီဖြစ်သည်။

သို့ကြောင့် မှော်ပညာနှင့် ဂမ္ဘီရဇာတ်လမ်းများ စတင်ရေးသားသော အမျိုးသမီးစာရေးဆရာမှာ မြန်မာပြည်မှဖြစ်သည်ဟုပင် ပြော၍ရနိုင်သည်။

ဆရာမကြီးသည် မှော်ဆရာမှတ်တမ်း ဇာတ်လမ်းတွဲများကို အပုဒ်ရေပေါင်းများစွာ ရေးသားခဲ့ပြီးနောက်ပိုင်း စုပေါင်းထုတ်သောအခါ စာအုပ်(၉)အုပ် အထိရှိခဲ့သည်။

တကယ်တော့ သိုက်ဟူသောဝေါဟာရမှာ 'အစုအဝေးရှိသောနေရာ'ဟု အဓိပ္ပာယ်ကောက်ယူနိုင်သကဲ့သို့ မှော်ပညာဆိုသည်မှာလည်း ပြုစားနိုင်ခြင်းမဟုတ်ဘဲ သာမန်ထက်ပိုမို ဆန်းကြယ်သောပညာဟု ယေဘူယျကောက်ချက်ချနိုင်ပေသည်။

ရှေးခေတ်အခါကတည်းက ယခုအချိန်ကာလထိအောင် သိုက်နှင့်သက်ဆိုင်သော အကြောင်းအရာအမျိုးမျိုး ဇာတ်လမ်းအမျိုးမျိုးတို့ ရှိခဲ့ကြသည်။

ထိုအထဲတွင် ထင်ရှားသော အမည်အသုံးအနှုန်းများလည်း ပေါ်ပေါက်ခဲ့ကြလေသည်။

ဗျာဒိတ်တော်သိုက်၊ ဘုရားသိုက်၊ သိကြားသိုက်၊ ဇာဂနွသိုက်၊ နတ်မက်ရောင်သိုက်၊ ဂဝံပတော့သိုက်၊ ငမှန်ကန်းသိုက်၊ ရွှေတိဂုံသိုက်၊ အင်းဝသိုက်၊ မုခသိုက်. . .

ဟူသော သိုက်စာအမျိုးမျိုးရှိခဲ့ကြပြီး ထင်ရှားသော ကျမ်းစာများလည်း ဖြစ်၏။





အချို့ကတော့ သိုက်စာဆိုသည် ဥစ္စာရှာဖွေရန် ညွှန်းပြထားခဲ့သောစာများဖြစ်သည်ဟု ထင်တတ်ကြသည်။

တကယ်တော့ ထိုသို့မဟုတ်ပေ။

သိုက်စာဆိုသည်မှာ ညွှန်းပြလိုသော အကြောင်းအရာများကို စုစည်းထားခြင်းသာဖြစ်သည်။

ဥပမာ. . .'ဘုရားသိုက်' ဆိုသည်မှာ ဘုရားမှာထားသော ရတနာပစ္စည်းများကို ညွှန်ပြထားခြင်းမဟုတ်ပေ။ မြတ်စွာဘုရား ဟောကြားညွှန်ပြထား၊ ဗျာဒိတ်တော်များကို စုစည်းထားသည့်ကျမ်းမျိုးကို 'ဘုရားသိုက်'ဟု ခေါ်ခဲ့ကြသည်။

ဥပမာ. . နောင်နှစ်ပေါင်း (၂၅၀၀)ကျော်လောက်တွင် ဖြစ်ပျက်မည့် အကြောင်းအရာများကို ကောသလမင်းက အိပ်မက်မက်ခဲ့သည်မှာ တစ်ဆယ့်ခြောက်ချက်ရှိသည်။

ထိုအဓိပ္ပာယ်များက မြတ်စွာဘုရားက ကြိုတင်ဟောပြခဲ့ခြင်းများကို မြတ်စွာဘုရားဗျာဒိတ်တော်ထားခဲ့သည့် 'ဘုရားသိုက်'ဟု ခေါ်ဝေါ်ကြသည်။ အဓိပ္ပာယ်ကတော့ မဖြစ်သေးသော်လည်း နောက်နှစ်ပေါင်းများစွာကြာလျှင် ဖြစ်မည့်အကြောင်းကို ကြိုတင်ပြောပြထားခြင်းများကို 'သိုက်' ဟုခေါ်ဝေါ်ခြင်း ဖြစ်လေသည်။ အချို့ ပညာရှင်များကလည်း ရှေ့တွင်ဖြစ်မည့်အကြောင်းအရာများကို မြတ်စွာဘုရား ကြိုတင်ဗျာဒိတ်တော်ထားခဲ့သောကြောင့် 'ဗျာဒိတ်တော်သိုက်' ဟုရေးသားဖော်ပြခဲ့ကြသည်။

ထိုအိပ်မက်ပါ အကြောင်းအရာများကို မြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com



ဗျာဒိတ်ပေးခဲ့သည်မှာ နှစ်ပေါင်း(၂၅၀၀)ကျော်ခဲ့ပြီဖြစ်၏။

ထိုဗျာဒိတ်တော်များမှာ ယခုမျက်မှောက် ခေတ်ကာလတွင် အားလုံးဖြစ်ပျက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ဧကနိပါတ်၊ မဟာသုပိနဇာတ်တော်လာသော. . သောဠသ သုပိနဂါထာ ပါဠိတော်နှင့် မြတ်စွာဘုရားဗျာဒိတ်တော်ကို လေ့လာကြည့်ပါလျှင်. . .

➤(၁) ဥသဘာ၊ မျက်စဉ်းညိုယောင်၊ မည်းနက်မှောင်သော လေးကောင်သော ဥသဘနွားကြီးတို့သည် တားဆီးမရ၊ ဝှေ့ကြမည်သဏ္ဌာန်ပြုပြီးမှ အဝေးသို့ ဖယ်ရှောင်သွားကြသည်။

မြတ်စွာဘုရား ဗျာဒိတ်တော်(၁)

အရပ်လေးမျက်နှာမှ တိမ်ညိုတိမ်မည်းတွေ ရှိပါသော်လည်း ရာသီဥတုများ ဖောက်ပြန်သောကြောင့် မရွာဘဲ ဖယ်ရှောင်သွားကြမည့် နိမိတ်ဖြစ်သည်။

➤(၂) ရုက္ခာ. . . သစ်ပင်ချုံနွယ် လွန်နုနယ်တို့သည် အရွယ်နှင့်မလိုက် ကိုက် ညွန့်ဖူးငုံ အသီးအပွင့်နှင့် ပြည့်စုံကြလေသည်။

မြတ်စွာဘုရား ဗျာဒိတ်တော်(၂)

မိကုမ္မာရီ မိန်းမငယ်တို့သည် အရွယ်မရောက်သေးခင်ကပင် လင်ယူသားမွေး အိမ်ထောင်ရေးကိစ္စများ ပြုလုပ်ဆောင်ရွက်ကြပေလိမ့်မည်။

➤(၃) ဂါဝီယော. . . ယခုပင်ဖွားသော နွားမငယ်နို့ကို နွား





ကြီးများက သောက်စို့ကြရသည်။

မြတ်စွာဘုရား ဗျာဒိတ်တော်(၃)

မိအိုဖအိုတို့သည် သားသမီးတို့က သနားသဖြင့် ကျွေးမွေးမှ စားသောက်ရသော ဘဝမျိုးရောက်ကြပေလိမ့်မည်။

➤(၄) ဂဝါစ. . . စေခိုင်းနေကျ ဗလသန်စွမ်း လမ်းမှန်သွားတတ်သည့်နွားကြီးတို့ကို မစေခိုင်းဘဲ၊ နို့စို့အရွယ်သာရှိသေးသည့် နွားငယ်များကို ဦးစားပေး စေခိုင်းသောကြောင့် လှည်းများမရွေ့ကြတော့ပေ။

မြတ်စွာဘုရား ဗျာဒိတ်တော်(၄)

ဂဝါစ အသက်သိက္ခာ ဉာဏ်ပညာဖြင့်ပြည့်စုံလျက် ကောင်းသောလမ်းကို ဖြောင့်အောင်သွားနိုင်သောလူကြီးများကို ဖယ်ထုတ်ပြီး လူငယ်များကိုစေခိုင်းသဖြင့် ပြုဆောင်သမျှကိစ္စ ချည်းနှီး၊ ပျက်စီးခြင်းသို့ရောက်ကြပေလိမ့်မည်။

➤(၅) အဿော. . မျက်နှာနှစ်ခုနှင့် ခံတွင်းနှစ်ပေါက်ပါသော မြင်းသည် မုယောမြက်၊ မုယောအနှံတို့ကို နှစ်ဖက်မှပေးလာတိုင်း၊ ကျွေးလာတိုင်း မရပ်မနားစားကြလေသည်။

မြတ်စွာဘုရား ဗျာဒိတ်တော်(၅)

အဿော အမှုသည်များ နှစ်ဖက်စလုံး အနိုင်အရှုံးပေါ်အောင် ပေးသမျှကျွေးသမျှ လာဘ်လာဘတို့ကို မျက်နှာနှစ်ခု၊ ခံတွင်းနှစ်ပေါက်ဖြင့် စားကြသကဲ့သို့ တရားစီရင်ခွင့်ရသူတို့ မရှက်မကြောက်စားသောက်ခြင်း ပြုကြပေလိမ့်မည်။

➤(၆) ကံသော. . တစ်သိန်းအသပြာထိုက်တန်သော ရေတနာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေခွက်ကို မြေခွေးအိုအားပေးသော. . ထိုမြေခွေးအိုသည် ပေးတိုင်းရဲဝံ့ ရတနာရွှေခွက်၌ ကျင်ငယ်စွန့်လေ၏။

မြတ်စွာဘုရား ဗျာဒိတ်တော်(၆)

မတရားသော မင်းတို့လက်ထက်တွင် အမျိုးယုတ်တို့ ရာထူးဂုဏ်ရှိန်မြင့်လေသော် သူတော်ကောင်းတို့က ခစားရပြီး အချို့က သမီးကညာများပေးသော်လည်း ပေးတိုင်းယူကြပေလိမ့်မည်။

➤(၇) သိင်္ဂါလိကာစ. . . ယောက်ျားတစ်ဦးက အားသွန်ခွန်စိုက် လွန်ကြိုးကို ကျစ်ချသော် ကျလာသောကြိုးစကို အောက်မှစောင့်နေသည့် မြေခွေးမက ချတိုင်းစားပစ်လေသည်။

မြတ်စွာဘုရား ဗျာဒိတ်တော်(၇)

ယောက်ျားများက ကြိုးစားရှာဖွေသော ဥစ္စာပစ္စည်းတို့ကို သစ္စာမဲ့သော မိန်းမများက ဖောက်ပြားလျက် နောက်လူတို့နှင့် ဖြုန်းတီးသဖြင့် ပျက်စီးကြပေလိမ့်မည်။

➤(၈) ကုမ္ဘော. . အိုးငယ်ထောင်ပေါင်း ဝန်းရံနေသော်လည်း ထိုအိုးများ၌ ဘာမှမရှိပေ။ အလယ်၌ရှိသော အိုးကြီးတစ်လုံးတွင် ရေများပြည့်နေပါသော်လည်း လာသမျှလူတို့က အိုးကြီး၌ဖြည့်ပြီး အိုးငယ်တို့ကို မကြည့်ကြပေ။

မြတ်စွာဘုရား ဗျာဒိတ်တော်(၈)

တိုင်းသူပြည်သား ဆင်းရဲနွမ်းပါးနေသော်လည်း ကူညီ





ဖြည့်သူမရှိဘဲ မင်းစိုးရာဇာတို့အတွက်သာ ပံ့ပိုးပေးနေရသောကြောင့် ဆင်းရဲနွမ်းပါးသူတို့ များလာပေလိမ့်မည်။

➤(၉) ပေါက္ခရဏီစ. . . ကြာမျိုးစုံတို့ဖြင့် တင့်တယ်သော ရေကန်ကြီးအလယ်မှာရှိသော ရေတို့ နောက်ကျိလျက် အနားစပ်မှာ ရှိသောရေတို့သာ ကြည်လင်နေကြလေ၏။

မြတ်စွာဘုရား ဗျာဒိတ်တော်(၉)

မင်းစိုးရာဇာတို့ တရားပျက်စီး နှိပ်စက်မှုများသောကြောင့် မင်းနှင့်ဝေးအောင် မြို့တွင်းမှာမနေလိုတော့ဘဲ မြို့နှင့်ဝေးသော မြို့ပြင်များမှာ အနေများသောကြောင့် မြို့တွင်းထက် မြို့စွန်မြို့ပြင်များ စည်ကားလာပေလိမ့်မည်။

➤(၁၀) အပါကံ. . . အိုးတစ်လုံးတည်းဖြင့် ချက်ထားသော ထမင်းသည် ပျော့သည်ကတစ်ခြမ်း၊ မာသည်ကတစ်ဖက် မကျက်တကျက်လည်းရှိသဖြင့် သုံးမျိုးသောစားရလေ၏။

မြတ်စွာဘုရား ဗျာဒိတ်တော်(၁၀)

လူနှင့်မင်းတို့ ကိုယ်ကျင့်တရား ပျက်ပြားမှုများသောကြောင့် ရာသီဥတုများ ပျက်စီးကြရလေရာ မိုးခေါင်ခြင်း၊ မိုးများခြင်း မရွာတစ်ချက် ရွာတစ်ချက်ဖြစ်သောကြောင့် သီးနှံစိုက်ခင်းများစွာတို့ ပျက်စီးရပေလိမ့်မည်။ ထိုပျက်စီးနေသည့် အသီးအနှံများကိုသာ စားသောက်ကြရပေလိမ့်မည်။

➤(၁၁) စန္ဒနံ. . . တန်ဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာကို အရာမဟုတ် ရက်တက်ပုတ်ဖြင့် ရောင်းစားကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြတ်စွာဘုရား ဗျာဒိတ်တော်(၁၁)

စန္ဒန် အဖိုးအနဂ္ဃထိုက်တန်လှသော တရားဓမ္မဒေသနာတို့ကို သဒ္ဒါပုဒ်နည်း အနည်းငယ်သာသိသော ရဟန်းတို့သည် တရားဟောပြရာ၌ စည်းချက်ဝါးချက်၊ အသံနေအသံထား ပါဠိ အနက်တို့ကို ဇာတ်ကွက်ဇာတ်လမ်းခင်းပြီး ဟောပြောကြသည်ကို လူတို့နှစ်သက်ကြကုန်၏။ ထိုတရားဟောပုဂ္ဂိုလ်တို့အား လှူဖွယ်ပစ္စည်းတို့ မြောက်မြားစွာ ပေးလှူကြသည်။ တရားဟောတို့ကလည်း ယူကြပေရာ စန္ဒကူးနံ့သာနှင့်တူသော တရားဓမ္မဒေသနာတို့ကို အသပြာငွေကြေး မျှော်ကိုးပြီးဟောပြောကြသောကြောင့် ရက်တက်ပုတ်နှင့်လဲသကဲ့သို့ ရှိကြပေလိမ့်မည်။

➤(၁၂) လာဗူနိသိဒန္တိ . . ရေ၌ ဘူးတောင်းမမြုပ်ကောင်းသော်လည်း ဘူးတောင်းတို့သည် ရေ၌စုံးစုံးနစ်မြုပ်ကြကုန်၏။

မြတ်စွာဘုရား ဗျာဒိတ်တော်(၁၂)

သီလမရှိသော ရဟန်း၊ ကိုယ်ကျင့်တရားပျက်ပြားသော လူတို့သည် တရားဓမ္မတို့ကို ပေါ့ပျက်ဟော့ရမ်းလမ်းတကာများ ဟောပြောကြသည်ကို လူတို့က ယုံကြည်နှစ်သက်ကြသည်။

ဘူးတောင်းရေမှာနစ်သကဲ့သို့ အနှစ်မရှိသောတရားဓမ္မ စကားတို့သည် လူတို့အာရုံကို ဆွဲနှစ်ကြပေလိမ့်မည်။

➤(၁၃) သီလာပလဝန္တိ . . . လေးလံသော ကျောက်ဖျာချပ်ကြီးများ ရေ၌ ပေါလောမျှောပါနေကြကုန်၏။





မြတ်စွာဘုရား ဗျာဒိတ်တော်(၁၃)

သီလသမာဓိနှင့်ပြည့်စုံသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့က ဖြောင့်မှန်သောတရားဓမ္မတို့ကို ဟောပြောညွှန်ပြပါသော်လည်း လူတို့က မရှိသေ၊ မလိုက်နာကြ၊ ပေါ့ပျက်ပျက်ဟောပြောသောစကားများကိုသာ လက်ခံပြီး ပေါ့ပျက်ပျက်သာ နေကြပေလိမ့်မည်။

➤(၁၄) မဏ္ဍုကိယော . . . ဖွားစနုနယ် ဖားမငယ်တို့က အဆိပ်ပြင်းသော မြွေကြီးများကို ဖမ်းဆီးသတ်ဖြတ်ဝါးမျိုကြကုန်၏။

မြတ်စွာဘုရား ဗျာဒိတ်တော်(၁၄)

အသက်ကြီးသော ယောကျာ်းများက ကိလေသာမီးဖိစီးကြောင့် အရွယ်ငယ်သောမိန်းမများကို ယူကြသည်။ ကြာသော် အမဂုဏ်နွံ့တွင်း နစ်မွန်းရင်းနှင့် မြွေကိုဖားကိုက်သကဲ့သို့ ထိုမိန်းမငယ်တို့ နှိပ်စက်မှုကို ခံကြရပေလိမ့်မည်။

➤(၁၅) ကာကံ . . . အကျင့်လည်းဆိုး၊ အမျိုးလည်းယုတ်သော ကျီးတစ်ကောင်ကို ရွှေအဆင်းရှိသော ရွှေဟင်္သာတို့က ကျိုးနွံ့ဝပ်တွား ခစားကြရလေ၏။

မြတ်စွာဘုရား ဗျာဒိတ်တော်(၁၅)

အမျိုးယုတ်သောသူတို့ သြဇာအာဏာရလာကြသောအခါ ပညာရှိတို့မှာ နှိပ်စက်ခြင်းမခံရလေအောင် သူ့အလိုလိုက် အကျိုးဆောင်ကာ ကျိုးနွံ့ဝပ်တွား ခစားကြရပေလိမ့်မည်။

➤(၁၆) တသာဝကာ . . . သားကောင်အမျိုးမျိုး ကြောက်ရွံ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သော ကျား၊ ကျားသစ် စသော . သတ္တဝါတို့မှာ ဆိတ်သတ္တဝါတို့၏ နှိပ်စက်မှု မခံရလေအောင် ပုန်းရှောင်ကွယ်လျှိုးနေကြရ၏။ အစဉ်အမြဲ ကြောက်ရွံ့နေကြရ၏။

မြတ်စွာဘုရား ဗျာဒိတ်တော်(၁၆)

မတရားမှုကို နှစ်သက်သောသူတို့ အခွင့်အာဏာရသော် မင်းမြောင်များဖျက်ဆီးမှုကြောင့် ပညာရှိများညွှန်ပြသော စကားကို မနာယူတော့။

ထိုသို့ညွှန်ပြသည်ကိုပင် ဖျက်ဆီးသည်ထင်သဖြင့် ပညာရှိသူတို့မှာ ဝေးရာရှောင်ပုန်းနေကြရပေမည်။

အထက်ပါ (၁၆)ချက်မှာ ကောသလမင်းကြီး မြင်မက်တော်မူသော အိပ်မက် (၁၆)ချက်ဖြစ်ပြီး ရှေးနှစ်ပေါင်း (၂၅၀၀) ကျော်အချိန်က မြတ်စွာဘုရားဟောထားခဲ့သော ဗျာဒိတ်တော် သိုက်ပင် ဖြစ်ပေတော့သည်။







# အခန်း(၂)

# မှုခသိုက်နှင့် အခြားသိုက်စာများ

မြတ်စွာဘုရားဟောကြားခဲ့သော ဗျာဒိတ်တော်သိုက်ပါ အကြောင်းအရာများကတော့ နှစ်ပေါင်း(၂၅၀၀)ကျော်လာခဲ့သော ယခုမျက်မှောက်ခေတ်ကာလတွင် ဖြစ်ပျက်လာခဲ့ကြလေပြီ။ ကမ္ဘာနေရာအနှံ့အပြားတွင် ထိုအဖြစ်အပျက်များတို့မှာ မရေမတွက်နိုင်အောင် ဖြစ်နေခဲ့ကြပြီတည်း။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာနိုင်ငံတော်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် ဘာသာရေးကို အလေးထားကြသည်။

ဘာသာရေး၊ သာသနာရေးနှင့် ပတ်သက်လာလျှင် လက်မတွန့်ချင်ကြပေ။

ဒါကပင် အခွင့်အရေးယူချင်သူတွေအတွက် အခွင့်ကောင်း ယူချင်စရာဖြစ်တော့သည်။

ရှေးအခါက နယ်လှည့်တရားဟောခဲ့သော ဆရာတော်ကြီး များရှိသော်လည်း များများတော့မရှိပေ။

ကျွန်တော်တို့ သိမီသလောက် ဝေဘူဆရာတော်ကြီး၊ ဆေးဝက်ပါဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီးတို့ကို တွေ့ဖူးသည်။

ဆရာတော်ကြီးများ ဟောကြားသောတရားတို့ကို နာယူခဲ့ဖူးသည်။ ကြည်ညိုဖွယ်ရာကောင်းလှသည်။

သံဃာတော်တို့၏ ဂုဏ်တော်တို့ကို ထိတွေ့ခွင့်ရကြလေသည်။ နောက်ပိုင်း တရားပြသရာမှာ ကောင်းမွန်လှသော မဟာစည်ဆရာတော်၊ မင်းကွန်းဆရာတော်၊ မဟာဂန္ဓာရုံဆရာတော်ကြီးများ အပါအဝင် အခြားဆရာတော်ကြီးများ တရားတော်များကို နာယူခဲ့ဖူးပါသည်။

မြတ်စွာဘုရား၏ တရားတော်တို့၏ အနှစ်သာရတို့ကို သိတွေ့ခွင့်ရကြသည်။

နောက်ပိုင်း မဂ္ဂဇင်းကြီးတစ်စောင်မှာ နယ်လှည့်အယ်ဒီတာ တာဝန်ကို ဆယ်နှစ်ကြာအောင် လုပ်ကိုင်ခဲ့တော့ မြန်မာနိုင်ငံနေရာ အနှံ့အပြားမှာ သီတင်းသုံးနေကြသည့် ဆရာတော်





ကြီး အတော်များများနှင့်လည်း ထိတွေ့ခွင့်ရလေသည်။

ထိုအချိန်က. . ချင်းတောင်ပေါ်မှာ ဆရာတော်ကြီးဦးဥတ္တမပင် ရှိနေသေးသည်။

သာမညတောင်ဆရာတော်၊ ကုံလုံဆရာတော်၊ ရွှေပေါ်ကျွန်းဆရာတော်ကြီးတို့ပင် ရှိကြပါသေးသည်။

ထိုအလုပ်မှအနားယူတော့ မိတ်ဆွေအချို့ကမေးသည်။

"ခင်ဗျားက မြန်မာပြည်နေရာအနှံ့ သွားခဲ့ဖူးတော့ ပေါက်မြောက်ပြီးသား ပုဂ္ဂိုလ်တွေ၊ ဆရာတော်ကြီးတွေနဲ့ မတွေ့ခဲ့ မကြုံခဲ့ရဘူးလား"

"ကြုံခဲ့ရပါတယ်"

"ဒါဖြင့် တစ်ဆိတ်လောက် လမ်းညွှန်ပေးစမ်းပါဗျ၊ အဲဒီပုဂ္ဂိုလ်၊ ဆရာတော်တွေကို ဘယ်နေရာသွားရင်တွေ့နိုင်မလဲ"

"ခင်ဗျားသွားရှာလည်း တွေ့မှာမဟုတ်ဘူး၊ ခင်ဗျားနဲ့တွေ့ဖို့ အကြောင်းရှိမှ တွေ့ရမှာ၊ အကြောင်းမရှိဘဲတွေ့ချင်လို့ကတော့ တွေ့ရမှာမဟုတ်ဘူး။ လူပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ ရဟန်းပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ပေါက်မြောက်သွားရင် လူတွေနဲ့နီးတဲ့နေရာမှာ မနေတော့ဘူး"

ထိုသို့ပြောလိုက်မှ လက်လျှော့သွားတော့သည်။

တကယ်တော့ ကျွန်တော်လုပ်ခဲ့ရသောအလုပ်သည် များစွာအကျိုးရှိခဲ့ကြောင်း ယခုမှပြန်စဉ်းစားမိသည်။

လျှို့ဝှက်သောနေရာများနှင့် ပုဂ္ဂိုလ်ထူးများအကြောင်းကို တာဝန်ယူရေးသားခဲ့ရသဖြင့် တစ်ခါတစ်ရံ ထိုပုဂ္ဂိုလ်တို့နှင့်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ခွင့်ရပါသည်။ တွေ့တုန်းကမသိလိုက်ဘဲ နောက်မှ တဖြည်းဖြည်း သဘောပေါက်ခဲ့ရသည်လည်း ရှိ၏။

မြန်မာပြည်အနှံ့အပြားမှာ တရားအလုပ်ကိုသာ ဖြောင့်စွာအားထုတ်ရင်း လူတွေနှင့်အတွေ့မခံလိုသော ပုဂ္ဂိုလ်အချို့လည်း ရှိပါသည်။

ထိုအထဲမှာ 'မဟာဗောဓိမြိုင်ဆရာတော်ကြီး'လည်း တစ်ပါးအပါအဝင်ဖြစ်ပေသည်။

ထိုပုဂ္ဂိုလ်မျိုးတွေရှိသလို. . . တရားပွဲကျင်းပရန် ဘုန်းကြီးသွားပင့်တော့. . 'ဒကာကြီးတို့ရပ်ကွက်မှာ ဝတ္ထုငွေဘယ်လောက်ရမလဲ'ဟု မေးဝံ့သူများ လည်း ရှိသည်။

တရားဟောပလ္လင်ပေါ်ရောက်မှ လက်ညှိုးထောင်ပြီး 'ကျုပ်ပြောတာနားလည်လား'ဟု ဟောသူတွေလည်းရှိသည်။ တရားပွဲတစ်ပွဲမှာ ပါရမီဆယ်ပါးကို ဖြောင့်မှန်အောင် မပြောနိုင်ဘဲ 'ဒါနပါရမီ' အရေးကြီးဆုံးဖြစ်ကြောင်းပြောပြီး အလှူခံသူတွေလည်း တွေ့ခဲ့ရဖူးသည်။

သာသနာတော် ထွန်းကားနေသောအချိန်မှာ ပရိယတ်ပဋိပတ်ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသော ပုဂ္ဂိုလ်တွေလည်း ရှိပါသည်။

သို့သော်လည်း ဆွမ်းဆန်ထဲကြွက်ချေးရော ဆိုသကဲ့သို့ မသန့်ရှင်းသောပုဂ္ဂိုလ်များလည်း ရောထွေးနေပြီဖြစ်သောကြောင့် လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော်အချိန်က မြတ်စွာဘုရား ဟောကြားခဲ့သော ဗျာဒိတ်တော်သိုက်မှာ ပါသည့်အ





တိုင်း. . .

စန္ဒန် အဘိုးအနဂ္ဃထိုက်တန်လှသား တရားဒေသနာကို သဒ္ဒါပုဒ်ဗျည်း အနည်းငယ်မျှထည့်ပြီး သံတိုသံရှည်၊ ဇာတ်ကွက်ဇာတ်လမ်းတို့ဖြင့် ချဲ့ထွင်ပြီး လာဘ်ပူဇော်ခြင်းကို မျှော်ကိုးပြီး တရားဟော ကြားသူတို့များလာမည်ဖြစ်ပေရာ စန္ဒကူးကဲ့သို့ တန်ဖိုးရှိသော တရားတော်တို့ကို လာဘ်ပူဇော်ခြင်းတို့ဖြင့် လဲယူကြရာ "စန္ဒကူးနှစ်ကို ရက်တက်ပုတ်နှင့် လဲယူသကဲ့သို့ ဖြစ်လာပေလိမ့်မည်. . ."

ဟူသော အချက်မှာ ယခုမျက်မှောက်ကာလမှာ အများဆုံး တွေ့နေရပြီဖြစ်ပေ၏။

ကျွန်တော်ရေးလိုသော အချက်မှာ မြတ်စွာဘုရားထားခဲ့သည့် ဗျာဒိတ်တော်သိုက် အဘယ်မျှမှန်ကန်ကြောင်း သိစေလိုသဖြင့် သာမကအချို့ ထည့်သွင်းရေးသားခြင်းဖြစ်ပါသည်။

ထို့ထက်ပိုပြီး နှိုက်နှိုက်ချွတ်ချွတ်ရေးလျှင်တော့ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလိုသာဖြစ်တော့မည်မို့ ဆက်မရေးတော့ပေ။

## ဘုရားသိုက်ဆိုသည်မှာ....

မြတ်စွာဘုရားအတွက် ရည်စူးထားသော ဥစ္စာပစ္စည်းများထားရှိသော နေရာမျိုးများ မဟုတ်ပေ။

မြတ်စွာဘုရားဟောကြားခဲ့သော ဗျာဒိတ်တော်စကားအချို့ကိုပင် ခေါ်ဝေါ်ခြင်းဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com

ဥပမာပြုရလျှင်. . .

မြတ်စွာဘုရားသည် ပုလဲတောဌ် ဝါဆိုဝါကပ်တော်မူစဉ် ပုလလဲဆင်မင်းကြီးက ကြာပန်းဖြင့် ပူဇော်လေသည်။

သောမကြွက်မင်းက မြေစာပန်းဖြင့်ပူဇော်လေသည်။

ကေသရကျေးသားက ဗန္ဒရသရက်သီးဖြင့် ပူဇော်လေသည်။ မဟိန္ဒကျီးမင်း စကားပန်းဖြင့် ပူဇော်လေသည်။

ထိုအခါ မြတ်စွာဘုရားက. . ၎င်းတို့လေးဦးကို "သံခမောက်ဆောင်း၊ လူစွမ်းကောင်းလေးယောက်ပေါ်လတ္တံ့"ဟု ဗျာဒိတ်စကား ထားခဲ့လေသည်။

ထိုဗျာဒိတ်ကို 'ဘုရားသိုက်ထွက်ဗျာဒိတ်စက်'ဟု ရေးသားဖော်ပြကြသည်။

ထိုဗျာဒိတ်စကားကို ရှင်အာနန္ဒာကြားသဖြင့် လျှောက်ထားသောအခါ ထိုသို့မိန့်ကြားတော်မူသည်။

သာသနာတော် (၂၀၀၀)ကျော်လျှင် ပုလလဲဆင်မင်းသည် သုနာပရန္တတိုင်းကြီး၌ သာသနာတော်ကို ကြည်ညိုသော ဗြဟ္မဝံသ၊ သကျသာကီယအနွယ်၌ မုဆိုးဆက်ဖြစ်လိမ့်မည်။

သောမမည်သော ကြွက်မင်းသည်. . အိန္ဒိယနိုင်ငံ၌ ကောက်ကျစ်စဉ်းလဲသော ဉာဏ်ပညာဖြင့် ထီးဆောင်းမင်းတို့၏ တိုင်းပြည်နိုင်ငံများကို တိုက်ခိုက်သိမ်းယူခြင်းပြုပေလိမ့်မည်။

ကေသရမည်သော ကျေးသားမှာ ပင်လယ်ရေငန်ရှိသောကျွန်းတွင် ယန္တရား၊ လုံ့စက် အမျိုးမျိုးသော အတတ်ပညာတို့ကို တတ်ကျွမ်းသောလူမျိုး ဖြစ်ပေလိမ့်မည်။





မဟိန္ဒကျီးမင်းသည် ဗြဟ္မာမုဆိုးဆက်၌ တန်ခိုးသတင်းထင်ရှားကျော်ဇောသော စကြာမင်းဖြစ်ပေလိမ့်မည်။

ထိုအခါ အင်းကို ဟင်္သာဖျက်လိမ့်မည်။

ဟင်္သာကို မုဆိုးလေးဖြင့် ခွင်းလိမ့်မည်။

မုဆိုးကို ထီးရိုက်လိမ့်မည်။

ထီးရိုးကို မိုးကြိုးပစ်လိမ့်မည်။

ဟု ဗျာဒိတ်စကား ထားတော်မူလေသည်။

ထိုရတနာပူရ အင်းဝပြည်တွင် ပူးမင်းကို ပင်လယ်ကျွန်းသားအမောက်ကြွားသော နဂါးသတ္တဝါသူယုတ်မာသည် ဇေရာဝတီမြစ်သို့ ဆန်တက်၍ ကြွက်မျိုးများကို ပေါက်လိမ့်မည်။

သာသနာတော် (၂၃၆၉)ခု ရှိသောအခါ နဂါးကျွင့်တန်ကြွက်နိုင်ငံသို့ ထက်သံနိမိတ်မှတ်လိမ့်မည်။

မိစ္ဆာကျင့်ဆိုး ကုလားမျိုးသည် ပုထိုးရုပ်ပွားစေတီများကို တံတားလုပ်၍ လျှောက်လိမ့်မည်။

ငွေစစ်ကိုပင် ကြေးနီဝင် ငွေစင်လုပ်၍သုံးလိမ့်မည်။

ကိုယ်နှင့်မစပ် ဥက္ကောင်းဖြတ်၊ ငွေမှတ်ရုပ်ပုံ တုံးလိမ့်မည်။

ဗြဟ္မာတိုင်းခွင် သူ့ရုပ်သွင် ခေါင်းတွင်ကိုယ်ဆန့်လုပ်လိမ့်မည်၊

ဆိုင်းတုအလား ငါ့ကိုယ်စား လူများအရုပ်လုပ်၍ ဆွဲလိမ့်မည်။

ဆက်လက်၍ ဗျာဒိတ်စကားများ ထားတော်မူခဲ့ပေ


www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

မြို့ရွာလယ်ကြား ငါ့တရား လူများတေးလုပ်ဆိုလိမ့်မည်။

မုဆိုးအထူး အစဦးမှာ ပူးမင်းရွာစားဖြစ်လိမ့်မည်။

မီးတောက်လက်ရုံး ပူးမင်းထုံး တိုင်းလုံးနိုင်ငံချဲ့လိမ့်မည်။

ပူးမင်းလောင်းမြတ် ထိုမင်းနတ်သည် အဝေးရပ်မှာ ဆုံးလိမ့်မည်။

ပူးမင်းသားမှန် ခြသေ့်ပျံ ဆက်ခံထီးနန်းစံလိမ့်မည်။

ခြသေ့်ညီတော် ဂဠုန်ကျော် နန်းတော်ထီးရိပ်လှုံလိမ့်မည်။

ဂဠုန်ညားစပ် ကျားမင်းမြတ် ပြသာဒ်ရွှေဘုံစိုးလိမ့်မည်။

ကျားမင်းသွေးနီး ကြွက်မင်းကြီး ထီးနန်းခဏစံလိမ့်မည်။

ပူးမင်းကြီးသား ရှေးဦးဘွား သားမြတ်ခြသေ့်ဖြစ်လိမ့်မည်။

သားခြသေ့်ကျော် ထိုမင်းသော် ဆွေတော်ချင်းချင်း နိုင်လိမ့်မည်။

ပူးမင်းမှာ ကျား၊ ဆင်ဖြူ လား၊ နန်းလျာအတင်းလုလိမ့်မည်။

ဆင်ဖြူသားပေါင်း ပူးမင်းလောင်း နန်းပေါင်းရိုက်ရာ စံလိမ့်မည်။

ခြသေ့်သားငယ်၊ နဂါးကျယ်၊ နန်းနွယ်ထီးရိုး ဆက်ခံမည်။





နဂါးစံရာ ကျွန်းရင်းသာ မိစ္ဆာလူမျိုးဖျက်လိမ့်မည်။

လူမျိုးမိစ္ဆာဖျက်သောအခါ သာသနာရောင်ဝါ ညှိုးလိမ့်မည်။

ခဏစိုးခါ လူမိစ္ဆာဆိုင်ရာ ကြွက်ကျားကိုက်လိမ့်မည်။

နဂါးကြွက်ဂဠုန် ခြသေ့်စုံ တိုင်းဘုံထီးနန်း သွေးစမ်းချောင်းစီး တိုင်းပြည်ကြီး မီးသို့ကြိုက်ကြိုက်ပူလိမ့်မည်။

ခြသေ့်မင်းသား ကိုယ်စားထားတစ်ပါးပြည်သို့ ထွက်လိမ့်မည်။

(၂၀-၇၀) ထွက်မည့်ရွှယ်(လ)ဝယ်ကြယ်နဝင်း၊ ကြယ်ကခွင်း သည် မင်းပြောင်းမင်းလွဲကြုံလိမ့်မည်။

တိမ်တံခွန်တန်း ဥဘာသန်း၊ ထက်နန်းဝေဟင် တိတ်ကြီးထင်၊ ငလျှင်များစွာလှုပ်လိမ့်မည်။

သူပုန်ရန်သူ ယူမယူကြ ရေလားမလား ဗိုလ်လူများ ကားနှစ်ခွပြောလိမ့်မည်။

ဖိုးဦးတောင်တက် လူစုံတက် အိပ်မက်မင်းလောင်း ပေါ်လိမ့်မည်။

မြမန်းတောင်တက် (၁၈)ရက် သက်သာပန်းဖြေနားလိမ့်မည်။

သောသတ္တာ၊ အဠနဝ သင်္ချာစွန်း ခါသမယတွင် မိစ္ဆာရွှန်းမိုး စက်ရောင်ညှိုး၍ မုဆိုးပွဲကြီးသိမ်းခါနီးဝယ် ဘုန်းမီး [illegible] ထီးနန်းရမှ ဓမ္မရာဇာဘွဲ့သညာနှင့် စကြာမင်းမြတ်ပေါ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကံကြီးမား လောင်းမင်းများ နဂါးဝိုင်း၍ နန်းတင်လိမ့်မည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံ သုံးပုံမင်းမျိုးစုလိမ့်မည်။

မင်းမျိုးစုလေ လူဗိုလ်ခြေ သေကြေပျက်စီးများလိမ့်မည်။

ဝတီစံပျော်၊ နတ်မင်းကျော်က သူတော်ရောင်ဟန်၊ ဖန်ဆင်းကြံ၍ ဆင်ပျံ (၃)စီး မြင်းပျံကြီး အပြီးမနေ ဆက်လိမ့်မည်။

တစ်စီးစာတင်၊ တစ်စီးဆင်မှာ ဘုရင်တက်စီး ဆင်တက်စီးမှာ မိဖုယားခေါင်ကြီးများစီးလိမ့်မည်။

အသံကြီးစွာ ပညာထိုးထွင်း တောင့်တင်းခွန်အား ပြဒါးသေသူ လူစွမ်းကောင်းလေးယောက် သံခမောက်ဆောင်း ထို မင်းလောင်းက နောက်ပါအတူပါလိမ့်မည်။

တိုင်းသူပြည်သားလူအများ သုံးစားရွှေငွေပေါလိမ့်မည်။

ဒသသက္ကရာဇ်၊ ဆန်းသည့်နှစ်တွင် ရှင်ချစ်လူ့ဘ (ဗုဒ္ဓ ရာဇ) မင်းလောင်းလျာသည် သက်သာပန်းတောင်း မန်းစ[illegible] ချောင်းမှ မင်းလောင်းထီးနန်းစိုက်လိမ့်မည်။

ရှင်စောမြတ်စွာ သာသနာ ရောင်ဝါနေလသို့ထွန်းလိမ့်မည်။

လူမိုက်ပျောက်ခါ လူလိမ္မာ ထိုခါအလွန်ပေါလိမ့်မည်။

ချမ်းသောယာ တိုင်းပြည်ရွာ ရတနာရွှေမိုးရွာလိမ့်မည်။

တစ်ရာ့တစ်ပါး လူမျိုးများ ဘုရားလောင်းမင်း ပိုင်[illegible]မည်။





သမိုင်းစာကျမ်း သိုက်ကိန်းခမ်းအလို ထိုထိုဥသုံ တိုင်းပြည်ဘုံမှာ တစ်စုံတစ်ခု သစ်ရန်မှုကို ဗိုလ်ထုအများတွေ့လိမ့်မည်။

အထက်ပါအကြောင်းအရာအချို့ကို 'ဘုရားသိုက်ကျမ်း အာဒိတ်ပန်း' ဟု ခေါ်ဝေါ်ရေးသားကြသည်။

## [illegible]

ဂဠုန်နှင့်ကျား၊ ပြည်သားတိုင်းသူ၊ ကျွတ်ကျွတ်ဆူပူ[illegible] ထွက်လေကျားကြီး၊ တတီးတီး၊ ကျားကြီးဥစ္စာကျွတ်မှာသာ[illegible]ကာ ယူထား ကျားကိုလိုက်လေ. . . များဗိုလ်ခြေ နေထိုင်[illegible]တမ်းပါး. . အောက်ခြေသွားသည် ကျားမပါ. . ကျွတ်ကျွတ်[illegible] တောနေကျားကို မတွေ့လေ. . .

ဟူသော တိုင်းရေးပြည်ရာနှင့် ပတ်သက်သည့် ကြိုတင်[illegible]ဆိုက်သော ဂဝံပတေ့ရသေ့ ထားခဲ့သော တဘောင်စကား[illegible] ဖြစ်သည်။

## [illegible]

ဆယ်ခုသို့ရောက်လျှင် ပန်းတောင်းသက်သာမှာ မြို့ကြီး[illegible]တွင် မြို့သက်ကား (၁၀၀) မင်းဆက်ကား (၃)ကျိပ်၊ (၆)[illegible] (၃၆-ယောက်)၊ ထိုမြို့ထိုမင်းကို ကုန်းဘောင်မင်းဟူ၍[illegible]ဘော်ရာအရပ်၊ ဇင်ပြည်တွင် သိကြားမင်း အမည်ပေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှိသော တဘောင်စကားများကို ငမှန်ကန်းသိုက်ဟု ဆိုမှတ်ခေါ်ဝေါ်ကြသည်။(အကျယ်ကိုတော့ မဖော်ပြတော့ပြီ)

### သိကြားသိုက် ဆိုသည်မှာ...

ဇက်သုံးလုံးချ၊ ဘောမတစ်လုံးသာ. . (၁၁၁၃)ခုမှာ မှန်စွာလျှင်တဆော၊ သဘော်ဗေဒင်လာ. . ဇက်မှအသက်ကုန် ငြိုလ်မှာအဌသုံး၊ အင်းဝမြစ်ဆုံပျက်၊ မြောက်ဘက်မှာသော် နှစ်သောင်းကျော်၊ ရွှေတန်ဆာသိင်္ဂီဒေဝတွင်လမည် ဟိုင်းခြသေ့ ကြုံ့ ဂဠုန်ဝမ်းဘဲ အမြဲမှတ်ကြပါ။

အစရှိသော ဗေဒင်နက္ခတ်ပညာ သင်္ကေတများဖြင့် ညွှန်းပြထားသော တဘောင်စကားများကို သိကြားသိုက်ဟု ခေါ်ဝေါ်ကြသည်။

### အင်းဝသိုက် ဆိုသည်မှာ...

သဇင်အုန်းခိုင်ပွင့်ချင်းဆိုင်၊ နိုင်းပြိုင်စံမရ၊ မင်းဆက်ဇကန္တ၊ အညမည်၊ မစံသည်းသည်း၊ မျက်မာန်သည်း ထီးကမ္ဘိုလ် ပေါက်လတ္တံ့။

အိမ်ကြိုအိမ်ကြား၊ လူအများလည်း၊ တရားငါ့နှယ်ဟော လတ္တံ့။

မိစ္ဆာမတရား မင်းအများလည်း၊ မုသားကွယ်ဝှက်ဆိုလ တ္တံ့။

အစရှိသော တဘောင်များကို အင်းဝသိုက်ဟု ခေါ်ကြ





သည်။

### ရွှေတိကုံသိုက် ဆိုသည်မှာ...

နဝတိုင်လျှင် ကျားကြီးက သားမြေးတို့ ကပ်သုံးပါး ရောက်၍ ကုန်လတ္တံ့။

တိကာလမှ အနောက်တောင်အရပ်မှ သမ္မုဒ္ဒအလောင်း မင်းကောင်း နရိန္ဒ၊ ဒဿစွန်းကျော်၊ နှစ်ခုပေါ်တွင် ဂဠုန်နဂါး၊ ဆင်ဖြူသုံးစီး၊ သံခမောက်ဆောင်း လေးယောက်နှင့် အနောက် တောင်ရိုးက ရောက်ရှိလာပေလိမ့်မည်။ ဆင်ဖြူတော်သုံးစီး၊ တစ် စီးမှာပိဋကတ်၊ တစ်စီးကား မွေတော်ဓာတ်တော်တင်လျက်၊ တစ် စီးကား မင်းစီးကာ ဝင်လာလိမ့်မည်။

အစရှိသော တဒ္ဒဘောင်စကားမှာ ရွှေတိကုံသိုက်မှ စာ သားအချို့ပင်ဖြစ်၏။

ဂဝံပတေ့သိုက်နှင့် နတ်စက်ရောင်သိုက်စာတို့မှာလည်း အထက်ပါတဘောင်စကားမျိုးပင်ဖြစ်ကြလေသည်။

မုခသိုက် မှာသော တဘောင်စကားများကတော့ တစ် မျိုး ဆန်းလေသည်။

"မကျည်းငုတ်တို့ ရွက်နုပေါက်ကာမှ
ချဉ်ရေသောက်ကြစို့ မောင်နှင့်မယ်
အောက်ပြည်နယ်က ငထွေသား
ဆားနယ်ခဲ့ကွယ်. . .
ဖိုခနောက်ကိုတဲ့ သုံးလုံးတည်



www.burmeseclassic.com

www.burmeseclassic.com



အလယ်ခေါင် ဖျင်းပက်ပက်ကယ်နှင့်
မခွေးဝင်လို့ချက်တော့
ပွက်လိုက်လေငထွေသားရယ်၊ သောင်းထိုက်ကကြား"
ဟူသော တဘောင်စကားမျိုးဖြစ်သည်။

ထိုတဘောင်စကားများကတော့ တစ်ကမ္ဘာလုံးစစ်ဘေးစစ်ဒဏ်နှင့် သက်ဆိုင်သော တဘောင်စကားမျိုးဖြစ်သည်။

အထက်ပါ တဘောင်စကားများမှာ အကျဉ်းမျှဖော်ပြပေးခြင်းဖြစ်ပြီး အကျယ်တဝင့်ရေးသားဖော်ပြထားသော ရှေ့ဟောင်းကျမ်းတို့လည်းရှိပါသည်။

ကျွန်တော့်အနေကတော့ 'သိုက်'ဟူသော စကားလုံးနှင့် ပတ်သက်ပြီး အထောက်အထားဖြစ်စေရန် ကြိုတင်ရေးသားဖော်ပြခြင်းသာဖြစ်ပေသည်။

(ဗဟုသုတလိုလားသော စားဖတ်သူတို့အတွက်. . . အောက်ပါ စာအုပ်အချို့ကို ညွှန်းလိုပါသည်။

(၁) (၁၂၈၀)ခုနှစ်က ဘုံဝါဒစာဖတ်အသင်းမှ ထုတ်ဝေထားသော ဆရာဒူကြီး၏ မုခသိုက်ကြီးစာအုပ်။

(၂) (၁၃၀၁)ခုနှစ်က ဦးနိုဗြောခအေရှင်ရေးသားခဲ့သော သိုက်စာညွှန့်ပေါင်းရာဇဝင်သံခိပ် စာအုပ်တို့ပင် ဖြစ်ပေသည်။)







# အခန်း(၃)

# ကားမှတ်တိုင်မှ မိန်းမပျို

အချိန်မှာ (၁၃၁၅)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂)ရက်၊ (၁၉၅၃)ခု အောက်တိုဘာလ(၂၀)ရက် အင်္ဂါနေ့ပင်ဖြစ်သည်။ အချိန်မှာ. . နံနက်ပိုင်း (၉)နာရီ အချိန်ဝန်းကျင်ခန့်ရှိပြီး ထိုအချိန်တွင် ကမာရွတ်ဘက်မှ ဦးပဉ္စင်းငယ်တစ်ပါး သပိတ်ပိုက်ချက် ဆွမ်းခံကြွလာလေသည်။

ထိုဦးပဉ္စင်းမှာ ပဇင်းပျိုတစ်ပါးဖြစ်ပြီး အသက် (၂၅)နှစ်ဝန်းကျင်အရွယ်ခန့်သာရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္စင်း၏ဘွဲ့မှာ 'တိက္ခမ'ဖြစ်ပြီး ကမာရွတ်ဘက်မှာရှိသော ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် သီတင်းသုံးနေထိုင်ရင်း စာသင်ကြားနေသူဖြစ်သည်။

ထိုဦးပဥ္စင်းမှာ ကမာရွတ်ဘက်မှ ကြွလာရာ ကြံတောသင်္ချိုင်းလွန်လာပြီး ဟံသာဝတီအဝိုင်းနားသို့ ရောက်လာလေသည်။

ထိုအချိန်က ကြံတောသုသာန်ရှိသောနေရာနှင့် အနီးတစ်ဝိုက်တွင် လူနေအိမ်ခြေမရှိလှဘဲ ခြံစိုက်ပျိုးသူအချို့သာ နေထိုင်ကြလေသည်။

ဟံသာဝတီ အဝိုင်းနှင့် မနီးမဝေးပြည်လမ်းမပေါ်မှာ ကားမှတ်တိုင်တစ်ခုရှိသည်။

ကားမှတ်တိုင်တွင် ကားစောင့်နေသော လူအချို့ ရှိနေကြသည်။

ဆွမ်းခံကြွလာသော ဦးပဥ္စင်းတိက္ခမသည် ကြံတောသင်္ချိုင်းနား ရောက်လာသောအခါ ခေါင်းထဲမှာမူးနောက်နောက်ဖြစ်လာသောကြောင့် လမ်းလျှောက်ရသည်မှာ အဆင်မပြေတော့ဘဲ ယိုင်တိယိုင်တိုင်ဖြစ်လာတော့သည်။

သို့သော်လည်း ရပ်တန့်မနေဘဲ အားတင်းပြီး ဆက်လျှောက်လာရာ ကြံတောသင်္ချိုင်းကျော်လာပြီး ဟံသာဝတီအဝိုင်းအနီးမှာရှိသည့် ကားမှတ်တိုင်နားသို့ ရောက်လာသည်။

ထိုအခါ သူ့အခြေအနေကို ကားစောင့်နေသော လူတစ်ဦးက သတိပြုမိသွားသည်။





"ဦးဇင်း ဘယ်လိုဖြစ်လာတာလဲဘုရား၊ ယိုင်တိယိုင်တိုင်နဲ့ နေမကောင်းဖြစ်နေသလား"

ဟု မေးသည်။

"ကျုပ်နေကောင်းပါတယ်။ ဟိုနေရာရောက်မှ ခေါင်းထဲက မူးနောက်နောက်ဖြစ်လာတာပါ"

ဟု ဦးပဥ္စင်းတိက္ခမက ပြန်ပြောသည်။

ထိုလူက ဦးပဥ္စင်း ညွှန်ပြသောဘက်သို့ လှမ်းကြည့်ပြီး တစ်မျိုးသဘောပေါက်သွားဟန်ရှိသည်။

"သင်္ချိုင်းနားက ဖြတ်လာတာကိုး၊ အဲဒီနားက အနံ့အသက်တွေလည်းမကောင်းဘူး၊ နောက်ပြီး အနှောင့်အယှက်တွေလည်း ရှိပါတယ်ဘုရား"

ဟုပြောလေသည်။

မှတ်တိုင်၌ ကားစောင့်နေသူများထဲတွင် ကုလားလူမျိုးများ လည်းပါလေရာ သူတို့ကပါ ခေါင်းညိတ်ပြသည်။

ဦးပဥ္စင်းကတော့ ခေါင်းညိတ်ပြရုံသာတတ်နိုင်ပြီး ရှေ့ဆက်သွားဖို့ကြိုးစားသော်လည်း မရတော့ပေ။ ခြေလှမ်းများက လေးလံပြီး ရှေ့မဆက်နိုင်တော့ပေ။ တစ်ကိုယ်လုံးလည်း မူးနောက်နေပြီး ချွေးသီးချွေးပေါက်များကျနေသည်။

အနီးမှာရှိနေသောလူများက ဦးပဥ္စင်း၏ အခြေအနေကို ကြည့်ပြီး စိတ်ပူနေကြသည်။

"ဦးဇင်း သိပ်မူးနေရင် တစ်နေရာမှာထိုင်ပြီး ခဏလေး နားပါလား"



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် ဒကာ. . . ကျုပ်ရဲ့သပိတ်ကိုသာ ကိုင်ထား ပေးပါ"

ဟုပြောပြီး သပိတ်ကိုပေးလိုက်ရာ အနီးမှာရှိနေသော လူတစ်ယောက်က လှမ်းယူထားလိုက်သည်။

ထိုအခိုက်မှာပင် ပတ်ဝန်းကျင်တစ်ဝိုက်သို့ မွှေးကြိုင် သင်းပျံ့ သောရနံ့များ ပြန့်လွင့်လာသည်။

ထိုရနံ့ကို ဦးပဥ္စင်းလည်း ရသည်။

ကားစောင့်နေသူများလည်း ရသည့်အပြင် ကုလား လူမျိုးများကပါ မွှေးရနံ့ကိုရသောကြောင့်. . .

"မွှေးလိုက်တာ၊ သိပ်မွှေးတာပဲ. . ."

ဟု ပြောနေကြသည်။

အချို့ကလည်း. . ကုလားများသုံးလေ့ရှိသော ကုလား ရေမွှေး နံ့ဟုထင်သောကြောင့် ကုလားများကို ကြည့်သည်။

ကုလားများကလည်း ဗမာများထံမှ လာသောရေမွှေးနံ့ ထင်သဖြင့် ပြန်ကြည့်ကြသည်။

သို့သော်လည်း မွှေးကြိုင်သင်းပျံ့လှသော ရနံ့ကတော့ ကုလားများဆီမှလာသည်လည်းမဟုတ်၊ ဗမာများထံမှလာသည် လည်းမဟုတ်ဘဲ ပတ်ဝန်းကျင်တစ်နေရာမှ ရုတ်တရက် ပေါ် ပေါက်လာခြင်းဖြစ်လေသည်။

ထိုသို့ ဇဝေဇဝါနှင့်ဖြစ်နေကြစဉ် လူမမြင်ရဘဲ တစ်နေ ရာမှ အမျိုးသမီးတစ်ယောက်အသံ ပေါ်လာလေတော့သည်။

"ဦးပဥ္စင်း တပည့်တော်မရဲ့ လက်ကလွတ်အောင် ဘယ်





နေရာကိုမှ လွတ်အောင်ရှောင်ပြေးလို့ မလွတ်နိုင်ပါဘူး၊ ဒုက္ခပြိမ်း အောင် ကိုယ့်နေရာကိုသာ ပြန်လာခဲ့ပါဘုရား"

ဟူသော စကားသံဖြစ်သည်။

ထိုစကားသံကြားရသဖြင့် ကားစောင့်နေသူများ မျက် လုံးပြူးသွားကြသည်။

ကုလားများလည်း တောင်ကြည့်မြောက်ကြည့် ဖြစ် ကုန်ကြသည်။ ကားစောင့်နေသူများထဲမှာ အမျိုးသမီးတစ် ယောက်နှစ်ယောက် ပါသော်လည်း အသက်အရွယ်ကြီးသူများ ဖြစ်သည်။ အသက်ငယ်ရွယ်သူမပါပေ။

ယခုကြားရသောအသံက အသက်ငယ်သော မိန်းမပျို တစ်ယေက်အသံမျိုးပင်ဖြစ်၏။

သို့ကြောင့် ဇဝေဇဝါဖြစ်သွားခြင်းပင်ဖြစ်၏။

ဦးပဥ္စင်းတိက္ခမကတော့ အသံကြားသော်လည်း မည် သို့မျှ ထူးခြားမှုမရှိဘဲ ခေါင်းမူးမပြေသေးဟန်ဖြင့် ခေါင်းငုံ့ထား လေသည်။

ကားဂိတ်မှလူများမှာသာ တစ်ယောက်မျက်နှာတစ် ယောက်ကြည့်ပြီး ဇဝေဇဝါဖြစ်နေကြသည်။

ထိုအခါ တစ်နေရာမှ နောက်ထပ် အမျိုးသမီးအသံက ပေါ်လာပြန်သည်။

"ဦးပဥ္စင်း ခေါင်းမူးနေရင် တပည့်တော်မ ဆေးလှူပါ ရစေဘုရား၊ လက်ဝါးဖြန့်ပါ. . ."

ထိုအသံကြားသော်လည်း ဦးပဥ္စင်းက လက်ဝါးမဖြန့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပင်နေသည်။

"တပည့်တော်မ လျှုတဲ့ဆေးကိုမသုံးဘဲ အရှင်ဘုရား ခေါင်းမူးသက်သာမှာမဟုတ်ပါဘူး၊ လက်ဝါးဖြန့်ပေးပါ"

ဟုထပ်ပြောသည်။

သို့ကြောင့် ဦးပဥ္စင်းက ခေါင်းမထောင်ဘဲ လက်တစ်ဖက်ဖြန့်ပေးလိုက်ရာ ထိုလက်ဝါးပေါ်သို့ ဆေးမှုန့်အချို့ ကျလာလေသည်။ ထိုဆေးမှုန့်များကျလာသည်ကို ပတ်ဝန်းကျင်မှာရှိနေသူအချို့လည်း တွေ့မြင်ရသည်။

ဆေးရနံ့မှာ သင်းပျံ့လှပေသည်။

ဦးပဥ္စင်းက ထိုဆေးမှုန့်များကို နှာခေါင်းနှင့်ကပ်ပြီး ရှူလိုက်သောအခါမှ. . . စောစောက မခံနိုင်အောင်ဖြစ်နေသည့် ခေါင်းမူးခြင်း ဝေဒနာမှာ တဖြည်းဖြည်းနှင့် သက်သာလျော့ပါးသွားလေသည်။

ဦးပဥ္စင်းက နဖူးမှ ချွေးသီးချွေးပေါက်များကို ပဝါဖြင့် သုတ်ရင်းမေးလိုက်သည်။

"ဘာကြောင့် ဒီနေရာအထိ လိုက်လာတာလဲ ဒကာမလေး"

"အရှင်ဘုရားက ဒီမှာရောက်နေပေမယ့် တပည့်တော်မက အမြဲတမ်း အနားကနေလိုက်ပြီး စောင့်ရှောက်ပေးနေတာပါ"

"ကျုပ်နဲ့ဘဝချင်းမှ မတူတော့တာ၊ ကျုပ်ဒီဘဝမှာပဲ တစ်သက်လုံးနေသွားဖို့ ဆုံးဖြတ်ထားတယ်"





"ကတိသစ္စာဆိုတာ မပျက်ကောင်းပါဘူးဘုရား၊ ဒီကတိသစ္စာမပျက်မချင်း အရှင်ဘုရားနေချင်တဲ့နေရာမှာ နေလို့မရပါဘူး၊ တပည့်တော်မ လိုက်လာတာကလည်း တခြားအကြောင်းကြောင့် မဟုတ်ပါဘူး၊ မကြာခင် ဝါကျွတ်ပါတော့မယ်၊ ဝါကျွတ်တာနဲ့ အရှင်ဘုရား ဒေးစွန်ပါကို ပြန်ကြွခဲ့ပါဘုရား"

ဟု ပြောဆိုနေသံကို နံဘေးမှလူများမှာ အတိုင်းသားကြားနေကြရသည်။

အချို့ကလည်း ထိုနေရာမှာ ဆက်မနေဝံ့ကြသဖြင့် မသိမသာနှင့် ထွက်သွားကြလေပြီ။

သပိတ်ကိုင်ထားပေးသောလူကပင် သပိတ်ပြန်ပေးရင်း. .

"အရှင်ဘုရား ခေါင်းမူးသက်သာရင် သပိတ်ပြန်ယူပါဘုရား၊ တပည့်တော်လည်း အလုပ်မမီမှာစိုးလို့ သွားလိုက်ပါဦးမယ်"

ဟုပြောဆိုလျှောက်ထားပြီး ထွက်သွားလေသည်။

ကုလားတစ်သိုက်လည်း ၎င်းတို့အချင်းချင်း လက်ဟန်ခြေဟန်ဖြင့် ပြောဆိုပြီး မသိမသာထွက်သွားကြရာ ကားမှတ်တိုင်တွင် ဦးပဥ္စင်းတစ်ပါးတည်းသာ ကျန်နေခဲ့လေတော့သည်။

ထိုအခါမှ. . သူနှင့်မနီးမဝေးနေရာတွင် ရပ်နေသော အမျိုးသမီးတစ်ဦး၏ ပုံရိပ်သဏ္ဌာန်က တဖြည်းဖြည်းပေါ်လာလေတော့သည်။

ထိုအမျိုးသမီးမှာ အသက်(၂၀)ကျော်အရွယ်ခန့်သာ



www.burmeseclassic.com

www.burmeseclassic.com

ရှိသေးပြီး ချောမောလှပသူတစ်ဦးဖြစ်သည်။

နက်မှောင်ရှည်လျားသော ဆံပင်ရှည်ကို တစ်ပတ်လျှို ထုံးကာ ကျောမှာချထားသည်။

အစိမ်းနုရောင် အင်္ကျီလုံချည်တို့ကို ဝတ်ဆင်ထားလေသည်။

"အရှင်ဘုရား သက်သာသွားပြီး မဟုတ်လား"

ဦးပဥ္စင်းက ခေါင်းညိတ်ပြသည်။

"မင်း ငါ့ကို. . . ဘယ်အထိ လိုက်ပြီးနှောင့်ယှက်နေဦးမှာလဲ. . ."

ထိုသို့ပြောလိုက်သောအခါ မျက်နှာတစ်ချက်ပျက်သွားလေသည်။

"အရှင်ဘုရားကို နှောင့်ယှက်ရအောင် လိုက်လာတာ မဟုတ်ပါဘူး၊ အရှင်ဘုရားက တပည့်တော်မနဲ့ဝေးအောင် ဒီဘဝမှာ လာနေပေမယ့် မပျော်ပိုက်ပါဘူး. . ၊ နောက်ကြောင်း မအေးလို့ စိတ်မဖြောင့် ဘူးဆိုတာလည်း သိပါတယ်၊ ဒါကြောင့် နောက်ကလိုက်ပြီး စောင့်ရှောက်နေတာပါ"

ဟု ဝမ်းနည်းသံလေးနှင့်ပြောသည်။

"ဒါက. . . ငါ့အကြောင်းနဲ့ငါပါလေ"

"ဒါပေမယ့်. . . တပည့်တော်မကတော့ အရှင်ဘုရားနဲ့ ပတ်သက်လာရင် ကိုယ့်အကြောင်းလို့ပဲ စိတ်ထဲမှာထားပါတယ်၊ ရွာမှာကျန်နေခဲ့တဲ့ အရှင်ဘုရားရဲ့မိဘတွေကိုလည်း တပည့်တော်မပဲ စောင့်ရှောက်ပေးထားတာပါ"





ထိုစကားကြားသောအခါ ရှင်တိက္ခမက အဝေးသို့ ကြည့်ရင်း သက်ပြင်းတစ်ချက် မသိမသာချလိုက်လေသည်။ သူ့စိတ်ထဲမှာ စိတ်မကောင်းလည်းဖြစ်နေမိသည်။ ထိုအခြေအနေကိုကြည့်ပြီး အမျိုးသမီးက ဆက်ပြောလေသည်။

"တကယ်တော့ အရှင်ဘုရားက တပည့်တော်မ မပိုင်ဆိုင်ရသေးပေမယ့် သက်ဆိုင်တဲ့သူတော့ ဖြစ်နေပါပြီ၊ ဒါကြောင့် အရှင်ဘုရားက တပည့်တော်မကို မချစ်မနှစ်သက်လို့ နေရာအနှံ့ ထွက်ပြေးနေလည်း တပည့်တော်ကတော့ နောက်ကနေလိုက်နေရမှာပါပဲ. . ."

"ငါက သာသနာ့ဝန်ထမ်းတစ်ဦးဖြစ်နေပြီ၊ သာသနာ ဘောင်ဝင်ထားတဲ့သူကို ဖျက်ဆီးရင် ဘယ်လောက်အပြစ်ကြီး တယ်ဆိုတာရော မင်းသိရဲ့လား"

"သိပါတယ်ဘုရား၊ သံဃာတော်အစစ်အမှန်ကို ပြစ်မှားမိရင် ဖျက်ဆီးမိရင်သာ ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ သိပါတယ်၊ အရှင်ဘုရားက သာသနာ့ဘောင်မှာမပျော်ဘဲ မဝင်ချင်ဘဲ ဝင်နေရတာမဟုတ်လား"

ထိုသို့မေးသောအခါ ဦးပဥ္စင်းမှာ ဘာမှပြန်မပြောသာဘဲ ငူငူကြီးဖြစ်သွားလေတော့သည်။

"တကယ်ဆိုရင် သာသနာဘောင်ဝင်မယ့်သူဟာ သက်ဆိုင်သူတွေရှိရင် ရှိတဲ့လူတွေကို ခွင့်တောင်းရတယ် မဟုတ်လား"

"ဒါပေမယ့် မင်းနဲ့ငါနဲ့က ဘာမှဆိုင်သေးတာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သေးတာ. . .”

“အများတကာရဲ့ရှေ့မှာ လက်ထပ်ပါမယ်လို့ ကတိပေး ထားပြီးမှတော့ သက်ဆိုင်သူတစ်ယောက်ဖြစ်နေပြီ မဟုတ်ဘူး လား”

ထိုသို့ထပ်ပြောပြန်တော့လည်း ဦးပဋ္ဌင်းမှာ ဘာမှပြန် မပြောသာတော့ပေ။

အချိန်ကလည်း တဖြည်းဖြည်းနှင့် နေမြင့်လာချေပြီ။

ကားဂိတ်ဝန်းကျင်မှာတော့ လူမရှုပ်သေးပေ။

ထိုအခါ မိန်းကလေးက ထပ်ပြောသည်။

“အရှင်ဘုရား မပြန်ချင်သေးလို့ နေချင်သေးရင်လည်း ပျော်တဲ့နေရာမှာ နေနိုင်ပါတယ်၊ ဒါပေမယ့် . . ဝါကျွတ်ရင်တော့ ဆက်ဆက်ပြန်လာခဲ့ပါဘုရား”

ဦးပဋ္ဌင်းက ကြည့်နေသည်။

“အရှင်ဘုရားပေးခဲ့တဲ့ကတိအတိုင်း တပည့်တော်မနဲ့ လက်ထပ်ဖို့ကိစ္စကိုသာ ဆောင်ရွက်ပေးစေချင်ပါတယ်၊ ဘာ ကြောင့်လဲဆိုတော့ တပည့်တော်မက သက်ဆိုင်ရာတွေကို ခွင့် တောင်းထားပြီးသား၊ အသိပေးထားပြီးသား ဖြစ်နေလို့ပါဘုရား”

ဟုပြောပြီး သူမထံမှာ ပါလာသော ငွေစက္ကူအသစ်က လေးများကို လှူလေသည်။

“ဝတ္ထုငွေကို အလှူခံတော်မမူပါဘုရား၊ အရှင်ဘုရား ရွာပြန်တဲ့အခါ စရိတ်မရှိမှာစိုးလို့ပါ. . .”

“ငါ မယူတော့ပါဘူး”





“လှူတဲ့သူက စေတနာရှိလို့လှူရင် အလှူခံတဲ့သူက လက်ခံရမှာဘုရား. . .”

ဟုပြောသဖြင့် ဘာမှပြန်မပြောဘဲနေရာ သပိတ်အဖုံး ပေါ်သို့ ငွေစက္ကူအသစ်ကလေးများ အထပ်လိုက်တင်ပေးပြီး နောက်သို့ တဖြည်းဖြည်းပြန်ဆုတ်သွားလေသည်။

ဝါးတစ်ပြန်လောက် ရောက်သောအခါ ဖျတ်ခနဲပျောက် သွားလေတော့သည်။

ထိုအဖြစ်အပျက်ကို မနီးမဝေးမှာ ရောက်လာကြသူအ ချို့က အမှတ်တမဲ့မြင်လိုက်ရသဖြင့် တအံ့တဩဖြစ်ကာ မျက်လုံး ပြူးသွားကြသည်။

(ထိုအဖြစ်အပျက်ကို အစအဆုံးမြင်သူများလည်း ရှိကြ သဖြင့် နောက်တစ်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် သ တင်းတစ်ပုဒ်အဖြစ်ရေးသားဖော်ပြခဲ့ရာ တစ်ပြည်လုံးမှ စိတ်ဝင် စားခဲ့ကြသည်။

ဗဟုသုတအဖြစ် လေ့လာလိုပါလျှင်. . . (၁၃၁၅)ခု၊ သီတင်းကျွတ်လဆန်း (၁၃)ရက် (၁၉၅၃)ခု၊ အောက်တိုဘာလ (၂၀)ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းထုတ် ‘မြန်မာ့အလင်းသတင်းစာ’ ၌ လေ့လာဖတ်ရှုနိုင်ကြပါသည်။

ကျွန်တော့်အနေဖြင့် ဝတ္ထုသဘောအရ အနည်းငယ်ပြု ပြင် ရေးထားခြင်းကိုတော့ ဝန်ခံပါသည်။)

ထိုကဲ့သို့ အဖြစ်အပျက်များ ဖြစ်ပြီးနောက် ဦးပဋ္ဌင်းမှာ ရွာသို့ဆွမ်းခံမကြွတော့ဘဲ ပြည်လမ်းမကြီးအတိုင်း ကျောရွတ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ပြန်ကြွသွားလေတော့သည်။

ကျောင်းသို့ပြန်ရောက်သောအခါ သပိတ်ကိုချပြီး ခုတင်ပေါ်မှာလှဲရင်း ထိုအဖြစ်အပျက်များကို ပြန်လည်တွေးတောနေမိသည်။

ရှင်တိက္ခမဆိုသော ရဟန်းပျိုမှ အခြားသူတော့မဟုတ်ပါချေ။ ကျွန်ုပ်၏ဇာတ်လိုက် နီမောင်ပင်ဖြစ်တော့သည်။

နီမောင်အနေဖြင့် ရဟန်းဝတ်ပြီး ရန်ကုန်သို့ရောက်လာခဲ့ရသော အကြောင်းအရာများမှာ ဆန်းကြယ်လှပေသည်။

ထိုအကြောင်းများက ယခုကဲ့သို့ သူ့ဘဝကို အပြောင်းအလဲ ဖြစ်လာစေခဲ့သည်။

တကယ်တော့ နီမောင်မှာ ရဟန်းဘဝသို့ ရောက်ချင်သဖြင့် ရောက်ရခြင်းမျိုးမဟုတ်ဘဲ မလွှဲသာသောအကြောင်းများကြောင့် ရောက်လာခဲ့ရခြင်း ဖြစ်ပေသည်။

သူသည် ခုတင်ပေါ်၌ ပက်လက်လှန်ရင်း နဖူးပေါ်လက်တင်ကာ. . ထိုအကြောင်းများကို ပြန်လည်တွေးတောနေလေသည်။

အတိတ်အကြောင်းများက အတွေးပုံရိပ်ထဲမှာ ဝေ့ဝဲစွာဖြင့် ပြန်ပေါ်လာလေတော့သည်။







# အခန်း(၄)

# အကျည်းတန်လာသည့် မျက်နှာပြင်များ

အချိန်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစ (၁၉၄၈) ခုနှစ် နောက်ပိုင်းကာလဖြစ်သည်။

ထိုအချိန်က တိုင်းပြည် အုပ်ချုပ်ရေးအခြေအနေကသည်း မငြိမ်မသက်ဖြစ်နေသောကြောင့် မြို့နှင့်အလှမ်းဝေးကွာသော ကျေးလက်ဒေသများမှာ တောမီးလောင် တောကြောင်သက်ပမ်းပေါက်ခတ် ဆိုသကဲ့သို့ ဆူပူသောင်းကျန်းမှုများပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လျက် ရှိနေသည်။

ကျေးလက်တောရွာများတွင် ရောင်စုံသောင်းကျန်းသူ များ နှိပ်စက်မှုများကို ခံကြရသည်။

အချို့မခံနိုင်ကြသောကြောင့် မြို့ပြောင်းသူကပြောင်း အခြားအရပ်ဒေသများသို့ ပြောင်းရွှေ့သူက ရွှေ့ကြသည်။ ထိုအ ထဲတွင် နီမောင်တို့ မိသားစုများလည်း ပါဝင်ကြသည်။ သူတို့ မိသားစုများ မူလနေထိုင်ကြသော်နေရာမှာ. . ဘိုကလေးမြို့ အောက်ပိုင်းမှာရှိသော ရွာတစ်ရွာတွင်ဖြစ်သည်။

ထိုရွာမှာနေစဉ်က ဝမ်းစာအတွက် လယ်ကွက်အနည်း ငယ် လုပ်ကိုင်ပြီး လယ်နားသည့်အချိန်များမှာတော့ သားငါး ရှာဖွေစားသောက်ခြင်းပြုကြသည်။

သူတို့မှာ မိသားစုကတော့ မများပါချေ။

ဖခင်ဖြစ်သူ ဦးဘရှိန်၊ မိခင်ဖြစ်သူ ဒေါ်ကျင်မေတို့အ ပြင် (၁၃)နှစ်အရွယ်ခန့်ရှိသော ညီမဖြစ်သူမာလာအပါအဝင် နီမောင်နှင့် လေးယောက်သာရှိသောကြောင့် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နိုင်သည်။

ထိုအချိန်က နီမောင်အသက်မှာ (၂၀)ဝန်းကျင်သာ ရှိ သေးသည်။ သို့သော်လည်း ဖခင်နှင့်အတူ လယ်ယာလုပ်ငန်း သားငါးရှာဖွေခြင်းလုပ်ငန်းများကို ကျွမ်းကျင်စွာလုပ်ကိုင်နိုင် သည်။ တော်ရုံအလုပ်များဆိုလျှင် ဖခင်ဖြစ်သူပင် မလုပ်ရဘဲ နီမောင်တစ်ယောက်တည်းသာ လုပ်နိုင်လေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ရောက်တော့ သစ်တော





များအတွင်းမှာ ခိုအောင်းနေကြသည့် ရောင်စုံသောင်းကျန်းသူ များက မြို့များ၊ ရွာများအထိ တက်လာပြီး တိုက်ခိုက်လုယက်ကြ သည်။

ဆက်ကြေးမရသောရွာများကို မီးရှို့ဖျက်ဆီးသည်။ လူများကိုပါ သတ်ဖြတ်ကြလေသည်။

ထိုအချိန်က ဘိုကလေးမြို့အောက်ပိုင်း ကျွန်းညိုကြီးမှ အစ မိန်းမလှကျွန်းအလယ်၊ ပင်လယ်ကမ်းစပ်၌ရှိသော ကဒုံကနီ ကိုင်အောင် ကနစိုသစ်တောကြီးများက နေရာယူထားကြသည်။

ကနစိုသစ်တောကြီးများ၏ နယ်နိမိတ်က ကျယ်ဝန်း သလို ထိုသစ်တောများအတွင်း၌ ခိုအောင်းနေကြသည့် ရောင်စုံ သောင်းကျန်းသူတို့ကလည်း အရေအတွက်များလှသည်။

ထိုသောင်းကျန်းသူများက မြို့ရွာမှာ မတည်မငြိမ် ဖြစ် နေသောအချိန်တွင် တက်လာပြီး နှိုက်စက်ကြလေသည်။

သို့ကြောင့် မခံနိုင်ကြတော့သဖြင့် ရွှေ့ပြောင်းပြေးကြရ ခြင်းဖြစ်သည်။

အချို့လည်း အုပ်ချုပ်မှုရှိသည့်မြို့များသို့ ပြောင်းရွှေ့ကြ သည်။

အချို့လည်း မိတ်ဆွေများ၊ ဆွေမျိုးများရှိသည့် အထက် ပိုင်းဒေသများသို့ ရွှေ့ပြောင်းပြေးကြတော့သည်။

ထိုအထဲတွင် နီမောင်တို့မိသားစုများလည်း ပါဝင်ကြ လေသည်။

နီမောင်မိခင်ဒေါ်ကျင်မေဘက်မှ ဆွေမျိုးသားချင်းများ



www.burmeseclassic.com

www.burmeseclassic.com



က ပဲခူးနယ်ဘက်တွင်ရှိသည်။

သို့ကြောင့် မြစ်ဝကျွန်းပေါ်ဘက်မှ ရောင်စုံသောင်းကျန်းသူများရန်မှ လွတ်အောင် ပဲခူးနယ်ဘက်သို့ ပြောင်းရွှေ့ရန် တိုင်ပင်ကြလေသည်။

ထိုအချိန်က ပဲခူးရိုးမအတွင်းမှာလည်း သောင်းကျန်းသူများရှိသော်လည်း . မြစ်ဝကျွန်းပေါ်ဘက်မှာလောက် အခြေအနေမဆိုး လှသေးပေ။

သို့ကြောင့် ထိုနယ်ဘက်သို့ ရွှေ့ပြောင်းရန်စိတ်ကူးကြခြင်း ဖြစ်၏။

ဆွေမျိုးသားချင်းများရှိသောရွာမှာ ပဲခူးတိုင်းအတွင်းမှာရှိသော ဒေးဒွန်ပါတောင်နှင့်မဝေးလှသော 'မဟာမြိုင်ရွာ'ပင်ဖြစ်သည်။

ထိုရွာမှာ ဒေးစွန်ပါတောင်နှင့် နီးသလို ပဲခူးရိုးမသစ်တောကြီးများနှင့်လည်း မဝေးလှပေ။

တောင်ခြေနှင့်နီးသော လယ်ယာစိုက်ခင်းများ လုပ်ကိုင်စားသောက်ကြသူများအဖို့ သောင်းကျန်းသူများထက် တောထဲမှာရှိသော တောတိရစ္ဆာန်များ၏အန္တရာယ်ကို ဂရုပြုပြီး လုပ်ကိုင်ကြရလေသည်။

နီမောင်တို့ မိသားစုမှာ မြစ်ဝကျွန်းပေါ်ဘက်၌ရှိသော လယ်ကွက်နှင့် အခြားပစ္စည်းများကို ရောင်းချရသောငွေကလေးဖြင့် ရွှေ့ပြောင်းလာကြသော်လည်း ထိုရွာရောက်တော့ ဘာလုပ်ရမှန်းပင် မသိကြသေးပေ။





ဆွေမျိုးသားချင်းများက နေစရာအတွက် မြေကွက်တစ်ခု ပေးကြသည်။

ရောက်ကာစလည်းဖြစ်ပြန် သူတို့နှင့် မရင်းနှီးသေးသော အရပ်ဒေသဖြစ်သဖြင့် ဘာလုပ်ရမှန်းမသိကြပေ။

သို့သော်လည်း နီမောင်အတွက်တော့ အလုပ်မရှားလှပေ။ သူသည် မြစ်ဝကျွန်းပေါ်ဘက်တွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်သဖြင့် လယ်ယာလုပ်ငန်းများ၊ သစ်တောလုပ်ငန်းများနှင့်၊ သားငါးရှာဖွေ ခြင်းအလုပ်များကို ကျွမ်းကျင်စွာ လုပ်ကိုင်တတ်သည်။

ဆွေမျိုးများကလည်း နေစရာသာပေးနိုင်ကြသော်လည်း စားစရာအတွက်ကတော့ မိမိဘာသာ ရှာဖွေစားသောက်ကြရသည်။

သူတို့ ပြောင်းရွှေ့သွားသောအချိန်မှာ နွေရာသီဖြစ်သောကြောင့် လယ်အလုပ်များမရှိပေ။

ထိုအချိန်က ပဲခူးနှင့်ရန်ကုန်ဘက်မှာရှိသော သစ်ကုမ္ပဏီများက အစိုးရထံမှ သစ်ထုတ်ယူခွင့် လိုင်စင်ယူပြီး ပဲခူးရိုးမတောအတွင်းမှ သစ်များကို လာရောက်ထုတ်ယူကြလေသည်။

အပြိုင်အဆိုင်ထုတ်ယူကြခြင်း ဖြစ်သဖြင့် အလုပ်သမားအတော်များများ အသုံးပြုရလေသည်။ နီမောင်မှာ မဟာမြိုင်သို့ရောက်ပြီး မကြာခင်မှာပင် ထိုရွာမှာနေကြသည့် စောထီးနှင့်မြဲအောင်တို့နှင့် ခင်မင်ရင်းနှီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

စောထီးနှင့်ငမဲအောင်တို့မှာ နီမောင်နှင့် အသက်အရွယ်တူပြီး သစ်လုပ်ငန်းကြီးတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေကြသူများ ဖြစ်သည်။

သူတို့နှစ်ယောက်စလုံးကလည်း နီမောင်ကိုမြင်လျှင်မြင်ချင်းပင် ညီအစ်ကိုတစ်ယောက်ကဲ့သို့ ခင်မင်ကြလေသည်။

"နီမောင်. . . မင်းက အခုမှ ငါတို့ရွာရောက်လာတဲ့လူဆိုတော့ လိုတဲ့အကူအညီလိုရင်ပြောနော်"

"ဟုတ်တယ်နီမောင်၊ ငါတို့က ဆင်းရဲပေမယ့် စေတနာတော့ ချမ်းသာပါတယ်"

ဟု နှစ်ယောက်စလုံးကပြောသည်။

"အခြားတော့မလိုပါဘူးကွာ. . အလုပ်ကလေးဘာလေးရှိရင်တော့ လိုချင်တယ်၊ ဒါထက် မင်းတို့နှစ်ယောက်တဘာလုပ်ကြသလဲ"

"ငါတို့က သစ်လုပ်ငန်းတစ်ခုမှာ လုပ်နေကြတယ်၊ မင်းလုပ်နိုင်မယ်ဆိုရင်တော့ အလုပ်သမားခေါင်းဆောင်ကို ငါတို့ပြောပေးမယ်"

"သစ်တောအလုပ်ဆိုတာကတော့ အတော်ကလေးပင်ပန်းတဲ့ အလုပ်မျိုးပဲဟေ့. . . မင်းလုပ်နိုင်ရင်တော့ဖြစ်မယ်"

"လုပ်တော့ လုပ်နိုင်ပါတယ်၊ တောထဲမှာ ဘယ်လိုအလုပ်မျိုးတွေ လုပ်ရသလဲ"

"အများကြီးပေါ့ကွာ၊ သစ်ပင်ကြီးတွေကို လှဲရတယ်၊ သစ်လုံးတွေဖြစ်အောင် ပိုင်းဖြတ်ရတယ်၊ အဲဒီသစ်လုံးတွေကို





ရပ်ရောက်အောင် ဆင်တွေ၊ ကျွဲတွေနဲ့ ပို့ပေးရတယ်"

"တစ်နေ့ ဘယ်လောက်ရသလဲ"

"ထမင်းကျွေး တစ်နေ့ ငါးကျပ်ပေးတယ်"

ထိုအချိန်အခါက ငွေငါးကျပ်ဆိုသည်မှာ မနည်းလှပေ။ ဆန်တစ်ပြည်မှ တစ်မတ်၊ ငါးမူးသာ ပေးရသောအချိန်မျိုးမှာ ငွေငါးကျပ်တန်ဖိုးမှာ မနည်းလှပေ။ တစ်လလုပ်ပြီး ရသောငွေကို စုထားပါက စားလောက်ရုံမကဘဲ အဝတ်အစားနှင့် ရွှေပင်ဝတ်နိုင်လောက်သည်။

"မင်းတို့ပြောပေးလို့ရရင် ငါလုပ်မယ်"

"မင်းလုပ်နိုင်မယ်မဟုတ်လား"

"လုပ်နိုင်ပါတယ်. . . ဟိုမှာနေတုန်းကလည်း ဒီလိုပဲ တောသွားပြီး ထင်းဖြတ်ခဲ့ရတာပဲ"

"ဒီလိုဆိုရင်လည်း ပြီးတာပါပဲ၊ တောထဲရောက်ရင်တော့ မင်းကို ငါတို့လွှဆိုင်းမှာပဲ ခေါ်ထားပေးပါမယ်"

ဟု ပြောဆိုတိုင်ပင်ပြီးနောက် စောထီးနှင့်ငမဲအောင်တို့က နီမောင်ကို သစ်တောအလုပ်စခန်းသို့ ခေါ်သွားပြီး အလုပ်သမား ခေါင်းဆောင်ကို ပြောပြသည်။

အလုပ်သမားခေါင်းဆောင်က ကြံ့ခိုင်တောင့်တင်းသော နီမောင်၏ အမူအရာကိုကြည့်ပြီး ချက်ချင်းလက်ခံလိုက်လေသည်။

ထိုအချိန်က တောထဲမှာ အလုပ်လုပ်နေသူများမှာ အင်...သော အန္တရာယ်ကတော့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ငှက်ဖျားရောဂါဖြစ်ခြင်းနှင့် ကျားအစရှိသော သားရဲ
များ၏ နှိပ်စက်မှုများပင်ဖြစ်သည်။

ထို့ပြင် သက်ဆိုင်ရာနယ်မြေတာဝန်ခံများအား ဆက်
ကြေးပေးထားသည့်ကြားမှ မကြာခဏဆိုသလို လက်နက်ကိုင်
သောင်းကျန်းသူများ ရောက်လာပြီ နှိပ်စက်မှုကိုလည်း ခံရသေး
သည်။

'လှေထိုး လှေတိုက် လူမိုက်အလုပ်' ဆိုသောစကားပုံအ
တိုင်း လှေတွင် ထိုးဝါးထိုးရသောအလုပ်နှင့် သစ်ပင်များကို
လွှဖြင့်(စက်လွှမဟုတ်ပေ) ဖြတ်ရသောအလုပ်မျိုးမှာ များစွာပင်
ပန်းလှသော အလုပ်မျိုးဖြစ်သဖြင့် သာမန်လောက်သာဖွဲ့ကောင်
သူ၊ အမောအပန်း ခံနိုင်သူတို့ မလုပ်နိုင်ကြပေ။

ဝန်အလေးတင်ထားသောလှေကို ရေဆန်တက်အောင်
ထိုးဝါးဖြင့်ထိုးတက်ရသောအလုပ်မှာ ဘယ်လောက်ပင်ပန်းမည်
ကို တွေးကြည့်ရုံဖြင့် သိနိုင်သည်။

လွှတိုက်ရသောအလုပ်မှာလည်း ကြီးမားသောသစ်ပင်
များကို လှဲချခြင်း၊ သစ်တုံးဘဝရောက်အောင် ဖြတ်တောက်
ခြင်း။

ကြီးမားလေးလံလှသော ထိုသစ်တုံးကြီးကို သစ်ပင်၊ ချုံ
နွယ်များဖြင့်ပြည့်နေသော တောထဲမှလိုသော နေရာစုရပ်ရောက်
အောင် သယ်ယူရသောအလုပ်မျိုးလောက် ပင်ပန်းသည်မှာ ရှိ
တော့မည် မထင်ပေ။

သို့ကြောင့် လှေထိုး၊ လှေတိုက်၊ လူမိုက်အလုပ်မျိုး





စာဆိုထားခဲ့ခြင်းဖြစ်ပေသည်။

နီမောင် အလုပ်စဝင်တော့ စောထီးနှင့်ငမဲအောင်တို့က
သူတို့ လွှဆိုင်းမှာပင် ခေါ်ထားလေသည်။

အခြားလွှဆိုင်းများမှာတော့ အများစုမှာ ကုလားအလုပ်
သမားများဖြစ်ကြပြီး၊ ရခိုင်နှင့်ကရင် အလုပ်သမားအချို့လည်းပါ
သည်။

မြန်မာအလုပ်သမားအချို့ ပါသော်လည်း နည်းသည်။
ထိုအချိန်က သစ်ထုတ်လုပ်ရေးလုပ်ငန်းအတော်များများကို ဘုံ
ဘေဘားမားသစ်ကုမ္ပဏီက လက်ဝါးကြီးအုပ်၍ လုပ်ကိုင်ကြ
လေသည်။

၎င်းတို့က ပင်လယ်ဒီရေတက်သော အရပ်ဒေသမှာရှိ
သော သစ်တောများကို စိတ်မဝင်စားဘဲ ကျွန်း၊ ပျဉ်းကတိုး
အစရှိသော အဖိုးတန်သစ်များရှိသည့် မြန်မာပြည်အလယ်ပိုင်း
နှင့်အထက်ပိုင်း သစ်တောများကို အဓိကထားပြီး ထုတ်ယူကြ
လေသည်။

မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ရသော အဓိက အ
ကြောင်းအရင်းမှာ သစ်ထုတ်လုပ်ရေးကိစ္စကြောင့်ပင်ဖြစ်ပြီး ယခု
ကဲ့သို့ သိမ်းပိုက်ပြီးသောအခါ စိတ်တိုင်းကျထုတ်ယူကြလေတော့
သည်။

မြန်မာနိုင်ငံကို ရှေးကတည်းက ခေတ်အဆက်ဆက်
အုပ်ချုပ်ခဲ့ကြသူများမှာ မြန်မာနိုင်ငံမှထွက်သော အဖိုးတန် သယံ
ဇာတပစ္စည်းများအား အခြားနိုင်ငံရောင်းချခြင်းကို ဝန်မလေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသူများဖြစ်သည်။

ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတို့ကို ရောင်းချခဲ့ကြသည်။

အခြားပစ္စည်းများကို ရောင်းချခဲ့ကြသည်။

သို့ကြောင့် အိမ်နီးချင်းနိုင်ငံများက မြန်မာနိုင်ငံကို မျက်စိကျကြသည်။

ပစ်မှတ်ထားလာကြသည်။

ဆန်စပါးကိုယူသည်၊ ကျွန်းသစ်၊ ရေနံ ယူသည်။ ရွှေကို ယူသည်၊ ငွေကိုယူသည်။ ပြီးတော့. . . ဆရာမောင်သာရ‌ရေးသလို 'ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်' ဆိုသလိုများ ဖြစ်လာလေမည်လား မပြောတတ်ပါချေ။

ထားပါတော့. . . .

ဒီအကြောင်းတွေ ရေးနေလျှင် ဆုံးမှာမဟုတ်ပါဘူး။

ဝတ္ထုဇာတ်လမ်းကိုပဲ ဆက်ရေးပါတော့မည်။

ပဲခူးရိုးမသစ်တောများကို ဘုံဘေဘားမားသစ်ထုတ်လုပ်ရေးကုမ္ပဏီက သစ်ထုတ်ယူခွင့်ရထားသဖြင့် ယာယီသစ်တောစခန်းများဖွင့်ပြီး လာရောက်လုပ်ကိုင်ကြလေသည်။ သစ်ကွက်တာဝန်ခံများ၊ အလုပ်သမားခေါင်းဆောင်များ၊ အလုပ်သမားမြောက်မြားစွာဖြင့် လုပ်ကိုင်နေကြခြင်းဖြစ်သည်။

သစ်ကွက်တာဝန်ခံများက ၎င်းတို့နှင့်သက်ဆိုင်သော နယ်နိမိတ်တို့ကို သတ်မှတ်ပေးသည်။

ထို့ပြင် ထုတ်လုပ်ရမည့် သစ်အမျိုးအစားနှင့် သစ်ကွက်များကို ချပေးသည်။

ထိုနေရာများသို့ အလုပ်သမားခေါင်းဆောင်က လွှခေါင်း၊ ဓားခေါင်းနှင့် အလုပ်သမားများကိုခေါ်ပြီး သစ်ထုတ်ကြသည်။

ကျွန်းပင်များဆိုလျှင် လောလောဆယ်လှဲဖြတ်ရမည့် အပင်များကို ရော်ကင်ဟုခေါ်သော အမှတ်အသားပေးထားသည်။

အခြားသစ်ပင်များကိုလည်း ထိုကဲ့သို့ အမှတ်အသားများ ပြပေးထားသည်။

လွှဆိုင်း၊ ဓားဆိုင်း အလုပ်သမားများက အမှတ်အသားပြထားသည့် သစ်ပင်များကို လှဲဖြတ်ရသည်။

သစ်ပင်လှဲပြီးပါက တာဝန်ခံသူက ပိုင်းဖြတ်ရမည့်နေရာများကို အမှတ်အသားပြပေးပြီး ထိုနေရာမှ အရင်းရောအဖျားပါ ပိုင်းဖြတ်ကြသည်။

သစ်လုံးဘဝရောက်အောင် ကပ်ပါးနှင့်ဓားများကို အသုံးပြုကာ သစ်လုံးကို ချောမောအောင်ပြုပြင်ရသည်။

အကိုင်းအခက်များဖြတ်ခြင်း၊ အဖုအထစ်များကို ရွေပစ်ကြရသည်။

ပြီးမှ ကြိုးထည့်ရန် နဖားဖောက်သည်။

ထိုနဖားပေါက်အတွင်းသို့ ကြိုးထည့်ပြီး ကုတ်အား၊ သုအား၊ ကွဲများ၊ ဆင်များ အသုံးပြုကာ ထိုသစ်လုံးကို စခန်းရောက်အောင် ပို့ကြရသည်။





www.burmeseclassic.com

www.burmeseclassic.com

စုရပ်ဆိုသည်နှင့် ချောင်းဖြင့်နီးသောနေရာဖြစ်ကာ သစ်လုံးများ စုပုံထားသော နေရာမျိုးဖြစ်သည်။

မိုးရာသီ ရေများလာသောအခါ တောင်ကျရေများဖြင့် သစ်လုံးများကို မြစ်သို့ရောက်အောင်ပို့ပေးရသည်။ မြစ်သို့ရောက်သွားပြီးသောအခါမှာတော့ ဖောင်တွဲပြီးလိုသောနေရာရောက်အောင် ယူဆောင်ကြသည်။

ယောက်ျားဖောင်စီး၊ မိန်းမမီးနေဆိုသော စကားအတိုင်း ဖောင်စီးသောအလုပ်မှာလည်း များစွာအန္တရာယ်များလှပေသည်။

ယခုအချိန်ကာလကဲ့သို့ လော်လီကားကြီးများအပေါ်တင်ပြီး အခြားနိုင်ငံများအထိ လွယ်လင့်တကူသယ်ယူသွားကြခြင်းမျိုး မဟုတ်သေးပေ။

ထိုကဲ့သို့ သယ်ယူနေလျှင်တော့ မကြာခင်မှာ မြန်မာနိုင်ငံသည် ကတုံးပြောင်အောင်အတုံးခံရသကဲ့သို့ဖြစ်ပြီး လွင်တီးခေါင်ခေါင်ဖြစ်ကာ သဘာဝတရားများ ပျက်စီးဆုံးရှုံးရတော့မည်မှာ မဝေးလှတော့ပေ။

အာရပ်နိုင်ငံများက ရေနံကို အခြားသို့ရောင်းချခြင်းမှာ သူတို့နိုင်ငံမှာ သုံးစွဲမကုန်သဖြင့် ပိုလျှံသည်ကိုသာ ရောင်းချခြင်းဖြစ်သည်။

တရုတ်၊ ဂျပန်၊ အင်္ဂလန်၊ အမေရိကန် စသောနိုင်ငံများက နည်းပညာဖြင့် ပြုလုပ်ထားသော ပစ္စည်းများကိုသာ ရောင်းသည်။

☺ အောင်မြင်စာပေ ☺



သဘာဝ သယံဇာတများကို မရောင်းပေ။

၎င်းတို့ နိုင်ငံမှာ မခုတ်မလှဲဘဲထားသော သစ်ပင်ကြီးပေါင်း များစွာရှိသည်။

ထိုသစ်တောများကို 'ရောင်းမည်လား' ဟုမေးလျှင် အရူးတစ်ယောက်လိုကြည့်နေပြီး ဘာမှပြန်ပြောကြမည်မဟုတ်ပေ။

ယခင်က အင်္ဂလိပ်နယ်ချဲ့များက မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ကြခြင်းကြောင့် ငွေကုန်ကြေးကျများသည်။ လူပေါင်းများစွာတို့၏ အသက်သွေးချွေးတို့ဖြင့် ရင်းခဲ့ကြရသည်။

အဘယ့်ကြောင့် ထိုသို့ရင်းရသည်ဆိုမူ မြန်မာနိုင်ငံ၏ တန်ဖိုးရှိသော သယံဇာတပစ္စည်းများကို အလိုရှိကြသောကြောင့်ဖြစ်သည်။

ယခုတော့ ထိုသို့ တကူးတကလာတိုက်စရာ မလိုတော့ပေ၊ သင်္ဘောကြီးများဖြင့်၊ မော်တော်ကား၊ ကွန်ပျူတာ၊ တီဗွီအစရှိသော နည်းပညာဖြင့်ပြုလုပ်ထားသော ပစ္စည်းများကို တင်ပို့ပေးလိုက်သည်။

ပြန်သွားတော့ ဆန်စပါးနှင့် ကျွန်းသစ်များ အပြည့်တင်သွားကြသည်။

ယခင်ကလို အသက်သွေးချွေးများဖြင့် ရင်းရန်မလိုတော့ပေ။ မြန်မာနိုင်ငံ၏ မြေပုံအနေအထားကိုကြည့်လျှင် ခါးသေးရင်ချီ ပဒုမ္မကြာကဲ့သို့ လှပသည်။

ထိုသို့လှပခြင်းကို ကတုံးပြောင်ပြောင်တုံးလိုက်လျှင်တော့ လှတော့မည်မဟုတ်ပါချေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း . . ရှေးနှစ်ပေါင်းများစွာကတည်းက အင်္ဂလိပ်တို့ အစပျိုးခဲ့သော သစ်ထုတ်လုပ်ရေးမှာ ယခုထက်တိုင် ဆက်လက်လုပ်ကိုင်နေကြဆဲပင်ဖြစ်သည်။







# အခန်း(၅)

# မကောင်းဆိုးဝါး ကပ်နေသည့်သစ်ပင်

သစ်တောများအတွင်းမှ သစ်များကို ထုတ်လုပ်ရာမှာ သတ်မှတ်ချက်အချို့တော့ရှိသည်။

လုံးပတ်ပေပြည့်မီသော သစ်အမျိုးအစားများနှင့် သတ်မှတ်ထားသည့် ကျွန်းသစ်၊ ပျဉ်းကတိုးသစ် အပါအဝင် တရားဝင် ခွင့်ပြုထားသောသစ်များမှအပ အခြားသစ်ပင်များကို လှဲဖြတ်သုံး ခွင့် မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း စီးပွားရေးသမားများကတော့ ထိုသို့မဟုတ်ကြပေ။

သစ်ကွက်တစ်ကွက်ကို ထုတ်ယူခွင့်လိုင်စင်ရပြီဆိုလျှင် ထိုတစ်ကွက်အတွင်းမှာရှိသော သစ်ပင်အားလုံးကို လှဲဖြတ်ယူချင်ကြသည်။

ယူလည်းယူကြသည်။

လုံးပတ်ပြည့်မီသော သစ်ပင်များရော မပြည့်သေးသည့် သစ်ပင်များပါ လှဲဖြတ်သည်။

သတ်မှတ်ထားသော သစ်အမျိုးအစားများရော၊ ခုတ်ယူခွင့်ထဲမှာမပါသော သစ်ပင်များကိုပါ လှဲဖြတ်ယူသည်။

ရှေးအခါ ရေငန်အရပ်ဒေသများမှာ ကနစိုသစ်တောကြီးများရှိသည်။

အပြိုင်းအရိုင်းပေါက်သောကြောင့် လူတိုးမရအောင်ရှိလေသည်။

ကနစိုပင်ကြီးများမှာ လူတစ်ဖက်နှစ်ဖက်လောက်အထိလုံးပတ်ရှိသည်။

ကနစိုသစ်တောများအတွင်းမှာ အခြားအသုံးမဝင်လှသော ကန့်ပလာ၊ ဗျူး၊ သမှည်၊ သရော အစရှိသော အခြားအပင်မျိုးစုံတို့လည်း ရှိသည်။

မဒမ၊ မြင်းက၊ သင်ပေါင်းပင် အစရှိသော အပင်ငယ်များလည်းရှိသည်။

အင်္ဂလိပ်လက်ထက်က ထင်းပွဲစခန်းများ ဖွင့်သောအခါ





မျက်နှာဖြူသစ်တောအရာရှိများက ကနစိုသစ်ကိုသာ ထင်းအဖြစ် ထုတ်ယူခွင့်ပြုသည်။

သို့သော်လည်း အပင်တိုင်း မလှဲရပေ၊ သတ်မှတ်ချက်ပြည့်သော သစ်ပင်ကြီးများကိုသာ လှဲဖြတ်ယူခွင့်ပြုသည်။

ပေမမီသော သစ်ပင်ငယ်များကို မလှဲဖြတ်ရပေ။

ထိုအပင်ငယ်များကို လှဲဖြတ်မိပါက တောအုပ်တောခေါင်းများက ဖမ်းဆီးအပြစ်ပေးကြသည်။

လှေကိုသိမ်းခြင်း၊ ထင်းဖြတ်ရာတွင် အသုံးပြုသော လွှ၊ ဓား၊ ပေါက်ဆိန်တို့ကို သိမ်းယူခြင်း၊

ဒဏ်ငွေချခြင်း၊ လှဲဖြတ်ထားသော သစ်များကို သိမ်းယူခြင်းနှင့် လူကိုအပြစ်ပေးခြင်းများ ပြုလုပ်သည်။

သို့ကြောင့် သတ်မှတ်ချက်မပြည့်မီသော သစ်ပင်များကို မလှဲဖြတ်ဝံ့ကြပေ။

နောက်ပိုင်း သစ်ပင်ကြီးများ တဖြည်းဖြည်းရှားလာတော့ အလွယ်တကူရသော ပေမမီသေးသည့် သစ်ပင်ငယ်များကိုပါ ဖြတ်ယူသည်။

အပင်ကြီးများကို ဖြတ်ထားသောသစ်တုံးအောက်မှ ခုတ်ယူသည်။

နောက်ပိုင်း ကနစိုသစ်များ ရှားသွားတော့ တခြားသစ်ပင်များကိုပါ လှဲဖြတ်ပြီး ရောနှောထည့်ကြသည်။

နောက်ဆုံး ဘယ်သူမှလှည့်မကြည့်ကြသော သရေကြီးအပင်မှာ ရာဘာပင်ကဲ့သို့ အဖြူရောင်အစေးထွက်ပြီး အ



www.burmeseclassic.com

www.burmeseclassic.com



သားကို ထိမိက မီးလောင်သလိုပူသည်။ မျက်လုံးထဲဝင်မိပါ(က) မျက်စိကန်းသည်)များကိုပါ မီးခြစ်ဘူး၊ မီးခြစ်ဆံပြုလုပ်ရန် ခုတ်ယူကြသည်။

အပင်ကြီးများကုန်သွားတော့ မြင်းကသား၊ မဒမသား(များ)ကို မီးသွေးဖုတ်ရန်အတွက် အားလုံးခုတ်ယူသည်။ နောက်ပိုင်း မြင်းကမီးသွေး လူသုံးများလာတော့ မြင်းကသားရော ဟုတ်တာတွေပါခုတ်ပြီး မီးသွေးဖုတ်ကြရာ သစ်တောကြီးများမှာ မီးလောင်သကဲ့သို့ ပြောင်ရှင်းသွားတော့သည်။

ယခင်က အမိကရ သစ်တောကြီးများအဖြစ် နာမည်ကြီးခဲ့သော ပျဉ်ဒရယ်(ပြင်ဒရယ်)သစ်တောကြီးပိုင်းကြီးမှာ ပြောင်တလင်းဖြစ်သွားတော့သည်။

ကျွန်တော်တို့ ငယ်ရွယ်စဉ်က လူတိုးမပေါက်အောင်မြဲ သော သစ်တောကြီးများနေရာမှာ လူနေရွာများ လယ်ကွင်းများ ဖြစ်သွားတော့သည်။

ယခင်က နဂါးစ်ကဲ့သို့ ဒီရေလှိုင်းကြီးများ တက်လာသောအခါ ပင်လယ်ကမ်းခြေမှ ကာဆီးထားသော ဒီရေသ(စ်) တောကြီးများက ဆီးခံထားသောကြောင့် လူတို့ကို ဒုက္ခမပေးနိုင် ခဲ့ပေ။

နောက်ပိုင်း နာဂစ်မုန်တိုင်းမျိုးဖြစ်သောအခါ အတား အဆီး မရှိတော့သဖြင့် ပင်လယ်လှိုင်းလုံးကြီးများက လူနေသော နေရာများ၊ ရွာများသို့ အလွယ်တကူရောက်လာသောအခါ တ(ား) မယ့်သူမရှိတော့ဘဲ ရာပေါင်းများစွာ သေကျေပျက်စီးခဲ့ကြ(သ)





သည်။

မြို့ပေါ်မှာနေပြီး မီးသွေးဖုတ်ရန် မီးသွေးဖိုလိုင်စင်ကို သာလျှောက်တိုင်း ချပေးခဲ့သောသူများကတော့ ထိုအဖြစ်အ ပျက်မှာ သူတို့နှင့်မဆိုင်သကဲ့သို့ပင် ဖြစ်နေခဲ့ကြသည်။

ယခု တောင်ပိုင်းဒေသများမှာ သစ်တောမရှိတော့။ နှစ် ပေါင်းတစ်ရာကျော်ကြာအောင် အင်္ဂလိပ်များက စိတ်တိုင်းကျ ခုတ်ယူသွားခဲ့သဖြင့် အနည်းငယ်မျှသာကျန်တော့သည့် သစ် တောကြီးများကို စီးပွားရေးလုပ်ငန်းရှင်အချို့ကို ပါမစ်ချပေးရုံ မက၊ အခြားတိုင်းပြည်များကို ရောင်းနေပြီဖြစ်သဖြင့် မကြာခင် မှာတော့ နောင်လာနောက်သားတို့ လွင်တီးခေါင်မှာ နေကြရဖို့ ရှိလာပြီဖြစ်၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ နောက်ပိုင်းမှာပင် ပျဉ် ဒရယ်သစ်တောများရော၊ မြန်မာပြည်အလယ်ပိုင်း၊ အထက်ပိုင်း ဒေသတို့တွင် လက်ညှိုးထိုးပြစရာသစ်တော အချို့သာကျန်ခဲ့ သေသည်။

ထိုသစ်တောများမှ သစ်ပင်များကိုပင် နိုင်ငံခြားသားများ ပိုင်ဆိုင်သော ဘုံဘေဘားမားကဲ့သို့ သစ်ထုတ်လုပ်ရေးကုမ္ပဏီမှ လိုင်စင်ယူပြီး ထုတ်ယူနေကြခြင်းဖြစ်သည်။

ထိုအချိန်က ပဲခူးရိုးမကဲ့သို့ မြန်မာပြည်အလယ်ပိုင်းမှာရှိ သော သစ်တောကြီးများအတွင်းမှာ သစ်ပင်များအတော်အတန် ကျန်နေသေးရာ ထုတ်ယူခွင့်ရသော သစ်ထုတ်လုပ်သူများက သစ်အမျိုးအစားမရွေးတော့ဘဲ အသုံးဝင်သမျှ သစ်ပင်များကို



www.burmeseclassic.com

www.burmeseclassic.com



လှဲဖြတ်ယူနေကြသောအချိန်လည်း ဖြစ်သည်။

သစ်တောများအတွင်း၌ သစ်ပင်လှဲသံများက နေ
အနှံ့ ပေါ်ထွက်လျက်ရှိနေသည်။

တစ်နေ့သ၌ သစ်တောအစပ်နေရာမှာရှိသော သစ်
ကြီးတစ်ပင်ကို အလုပ်သမားများက လှဲချရန်ပြင်ဆင်နေ
သည်။

သစ်ပင်ကြီးမှာ လုံးပတ်အတော်ကြီးပြီး မြင့်လည်း
လေသည်။

တောင်စောင်းတစ်နေရာမှာ ပေါက်နေခြင်းဖြစ်ပြီး
ကွက်လပ်များရှိသော နေရာဘက်သို့ အတော်ကလေး ကိုင်
သည်။

သစ်ပင်ကြီး ကိုင်းနေသော နေရာဘက်တွင် လယ်
ကလေးများနှင့် သီးနှံစိုက်ခင်းအချို့ရှိနေသည်။

လယ်ကွက်ကလေးများအတွင်းမှာ စိုက်ထားသော
ခင်းများမှာ မှည့်ဝင်စပြုနေပြီ။

ထို့ပြင် လယ်ကွက်နံဘေးမှာစိုက်ထားသော ငှက်
ပင်၊ သင်္ဘောပင်များရှိနေသည့်အပြင် အခြားခရမ်းပင်၊
ပင်နှင့် သီးပင်များမှာလည်း ဝေဝေဆာဆာသီးပွင့်နေကြ

တောင်စောင်းနေရာမှ စိုက်ခင်းများ၊ လယ်ကွ
ဘက်သို့ ကိုင်းနေသည့် တောင်သရက်ပင်ကြီးကို လှဲချရန်
သမားများက ပြင်ဆင်နေစဉ်. . ယာခင်းဘက်မှ မိန်းမ
ယောက်နှင့် အသက်အရွယ်ကြီးပြီဖြစ်သော မိန်းမ





ဘက်တို့ ကသုတ်ကရုတ်ဖြင့် ရောက်လာကြသည်။

"ဒီမှာရှင့်. . . ဒီမှာ ရှင်တို့ဘာလုပ်ကြမလို့လဲ"

ထိုအခါ အလုပ်သမားခေါင်းဆောင် စိန်ဘန်းက တစ်
က်ကြည့်ပြီး ပြန်ပြောလိုက်သည်။

"သစ်ပင်လှဲမလို့ပေါ့"

"ရှင်တို့ ဒီသစ်ပင်ကြီးလှဲချလို့ မဖြစ်ဘူးလေ၊ သစ်ပင်ကြီး
ချလိုက်ရင် ကျွန်မတို့စိုက်ခင်းတွေ လယ်ကွက်တွေပေါ် ကျပြီး
စီးကုန်မှာပေါ့"

ထိုသို့ လာပြောနေသဖြင့် စိန်ဘန်းမှာ အလုပ်မော်မော
န်းနှင့် စိတ်တိုသွားလေသည်။

"အဲဒါတော့ ငါလည်းမတတ်နိုင်ဘူး၊ ငါတို့က အလုပ်သ
တွေပဲ၊ သူတို့ကလှဲလို့ သတ်မှတ်ပေးထားတဲ့သစ်ပင်မှန်သမျှ
မှာပဲ"

"ဒီလိုဆိုရင်လည်း ကျွန်မတို့စိုက်ခင်းတွေရှိတဲ့ဘက်ကို
အောင် လှဲပေးပါ"

"အလုပ်ရှုပ်ရတဲ့အထဲ နင်ဘာတွေလာပြောနေတာလဲ၊
င်က အဲဒီဘက်ယိုင်နေတာ၊ အဲဒီဘက်မလဲအောင် နင်
ပေးထားမှပဲရမယ်၊ ငါတို့ကတော့ အချိန်ကုန်မခံနိုင်ဘူး၊
ရှိတဲ့ အလုပ်လုပ်ရမှာပဲ၊ နင်တို့ လယ်ကွက်တွေ စိုက်ခင်း
ပျက်စီးသွားလို့ အလျော်တောင်းချင်ရင် သူတို့ဆီမှာသာ
ောင်းပေတော့"

ဟုပြောကာ စိန်ဘန်းက သူ့လူများအား သစ်ပင်လှဲချ



www.burmeseclassic.com

www.burmeseclassic.com



ရန်သာ အမိန့်ပေးလိုက်သည်။

မိန်းမပျိုနှင့် အဘွားကြီးကတော့ မကျေမနပ်ဖြင့် တင် နေရာမှ ရပ်ကြည့်နေကြသည်။

အမျိုးသမီးမှာ ဒေါသထွက်လွန်းနေသောကြောင့် မီး ဝင်းဝင်းတောက်လုမတတ် မျက်လုံးတို့ဖြင့် အလုပ်သမားများကို လှမ်းကြည့်နေသည်။

သူမတို့ မိန်းမသားနှစ်ယောက်တည်းနဲ့တော့ ထိုကိစ္စ တားရန်ဘယ်လိုမှ မဖြစ်နိုင်ပေ။

မကျေမနပ် ကြည့်နေရုံသာရှိသည်။

စိန်ဘန်းက အမိန့်ပေးလိုက်သဖြင့် အလုပ်သမား ယောက်က. . လွှဖြင့် သစ်ပင်အခြေကို တိုက်ဖြတ်နေကြသည် သစ်ပင်မှာ အရွယ်အစားလည်းကြီး၊ အပင်လည်းမြင့်သည် တစ်ကြောင်း၊ ကွင်းဘက်သို့ ယိုင်နေသောကြောင့်လည်းကော အပင်ထက်ဝက်ခန့်ဖြတ်သည်နှင့် လဲကျလာမည်မှာ အမှန် ဖြစ်သည်။

သံသတ် ကူစရာပင် လိုမည်မထင်ပေ။

ထိုကဲ့သို့ထင်ပြီး. . ပင်ခြေမှ ကဗျင်းများကိုဖယ်ရှား လွှဖြင့် ခတ်စောင်းစောင်း တိုက်ချရာ ထက်ဝက်ခန့်ရောက် လည်း သစ်ပင်က မလှုပ်သေးပေ။ သို့ကြောင့် အလုပ်သမား က မြန်မြန်လဲကျစေရန် သံသတ် ရိုက်သွင်းကြသည်။

"ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း. ."

သံသတ်ရိုက်သံက တောထဲမှာ ပဲ့တင်ဟည်းသွား





သည်။ သံသတ်ဝင်သွားသဖြင့် လွှကချောင်လာသည်။

ထို့ကြောင့် ဆက်ဖြတ်ကြပြန်သည်။

နောက်ဆုံးမှာတော့ ပင်ခြေပြတ်လုပြတ်ခင် အနေအ ထား ရောက်သွားသည်။

"မလဲသေးပါလား၊ အောက်ခြေတောင်ပြတ်ခါနီးနေပြီ"

"သစ်ပင်ကကြီးတော့ အပေါ်မှာ အဖျားယိုင်နေလို့များ လား"

"အဖျားယိုင်နေလည်း သံသတ်ရိုက်ရင် လဲရမှာပေါ့"

"ဘယ်လိုလုပ်မလဲ"

"ပင်ခြေပြတ်အောင် ဖြတ်ရမှာပဲ"

"ဒီလောက်ကြီးတဲ့သစ်ပင်မျိုးကို ပင်ခြေပြတ်အောင် ဖြတ်ရင် အန္တရာယ်များလိမ့်မယ်"

တစ်ယောက်က သတိပေးသည်။ သစ်ပင်လှဲရာမှာ ပင် ခြေပြတ်အောင်ဖြတ်ပါက အန္တရာယ်များကြောင်း သစ်လှဲသမား တိုင်းသိကြသည်။

ပင်ခြေမပြတ်သေးခင် လဲပါက အောက်ခြေခေါင်းတိုး က နေရာမရွှေ့သောကြောင့် အပင်က လဲလိုသောနေရာဘက် သို့ ဖြောင့်ဖြောင့်လဲကျသည်။

ခေါင်းတိုးပြတ်သွားပါက လဲချင်သည့်နေရာဘက်သို့ လဲ ချိန်မှာ အဖျားပိုင်းက အခြားသစ်ပင်နှင့်ထိပါက ခေါင်းတိုး ခုန်ထိုးသည့် အန္တရာယ်က အတော်ကြီးသည်။

သို့ကြောင့် သစ်ပင်လှဲသူများက ဘယ်လိုအကြောင်းမျိုး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပင်ဖြစ်စေ ခေါင်းတုံးပြတ်(ပင်ခြေပြတ်သည်အထိ)သည်အထိ မပြတ်လိုကြပေ။

"သစ်ပင်က မလဲသေးဘူး၊ ဘယ်လိုလုပ်မလဲ ကိုစိန်ဘန်း"

တစ်ယောက်က လှမ်းမေးသည်။

"သံသတ်ရိုက်ထည့်ကွာ. . ."

"သံသတ်ရိုက်တာ အထဲကိုမြုပ်တောင် ဝင်သွားပြီ"

"တစ်ချောင်းမရရင် နောက်တစ်ချောင်းထပ်ရိုက်ရင် လဲမှာပါ၊ အကြီးဆုံး သံသတ်နဲ့သာ ရိုက်ထည့်ပေတော့"

ဟုပြောသဖြင့်. . . အလုပ်သမားက သံသတ်ကြီးတစ်ချောင်းဖြင့် ခါးပြတ်နေသော သစ်ပင်အတွင်းသို့ ရိုက်ထည့်ပြန်လေသည်။

"ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း. . "

သံသတ်နှင့် ပေါက်ဆိန် ထိသောအသံက ကျယ်လောင်စွာ ဟိန်းထွက်နေသည်။

သံသတ်မရိုက်ခင်က လွှကကြပ်နေသည်။

သံသတ်ကြီး ရိုက်သွင်းလိုက်တော့ အနည်းငယ် ပြန်ချောင်လာပြန်သည်။

ထို့ကြောင့် လွှသမားနှစ်ယောက်က ဆက်ဖြတ်ပြန်ရာ နောက်ဆုံးမှာတော့ တောင်သရက်ပင်ကြီး၏ ပင်စည်တစ်ခုလုံး ပြတ်သွားလေတော့သည်။

စိန်ဘန်းအပါအဝင် အလုပ်သမားများမှာ မည်သို့ဆက်





လုပ်ရမှန်း မသိတော့ပေ။

ထိုသစ်ပင်မျိုးက လူအားသုံးပြီး တွန်းလှဲချ၍လည်း မရနိုင်ပေ။

ထိုအခိုက်မှာပင် စောစောက ငြိမ်နေသည့် လေကပြန်တိုက်လာတော့သည်။

သစ်ပင်လှဲနေစဉ် လေတိုက်လာခြင်းမှာ အန္တရာယ်ကောင်းကြောင်း အလုပ်သမားတိုင်းသိကြသည်။

လေတိုက်လာသောကြောင့် သစ်ပင်က ယိမ်းထိုးလှုပ်ရှားလာသည်။

အောက်ပိုင်းကပြတ်နေပြီဖြစ်သဖြင့် ပင်စည်ကတစ်တော်လည်းကာ တကျွိကျွိမြည်သံများ ပေါ်ထွက်လာသည်။ ထိုအသံများမှာ လူတစ်ယောက် မကျေမနပ်ဖြင့် အံကြိတ်နေသံနှင့်တူလေသည်။

ထိုအခြေအနေကြောင့် စိန်ဘန်းအပါအဝင် အလုပ်သမားများမှာ ထိုအနီးတစ်ဝိုက်တွင် မနေဝံ့ကြတော့သဖြင့် ဘေးလွတ်ရာ ပြေးကြရတော့သည်။

အောက်ခြေသစ်တုံးပေါ်မှာ ယိမ်းထိုးနေသော သစ်ပင်ကြီးမှာ အရက်မူးနေသူတစ်ယောက်ပမာ ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိုင်လိုက်ဖြစ်နေသည်ကို တွေ့ရသဖြင့် ကြောက်လန့်ကြပြီး ခြေဦးတည့်ရာ ပြေးကြလေတော့သည်။

အချိန်ကလည်း ညနေပိုင်း အချိန်ဖြစ်နေလေသည်။

အတော်ဝေးဝေး ရောက်သောအခါ. . တဝေါဝေါနှင့်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်လဲသံကဲ့သို့ အသံမျိုးကြားလိုက်ရလေသည်။ သို့သော်လည်း တောထဲမှာ အမှောင်ရိပ်သမ်းလာပြီဖြစ်သောကြောင့် ထိုနေရာသို့ ပြန်မလှည့်တော့ဘဲ စခန်းဘက်သို့သာ ပြန်ခဲ့ကြသည်။

စခန်းရောက်တော့ စိန်ဘန်းက သစ်ကွက်တာဝန်ခံ ထွန်းကျော်အား အကျိုးအကြောင်းပြောပြလိုက်သည်။

ထွန်းကျော်က အရက်သောက်နေရာမှ အရေးမကြီးသောလေသံဖြင့်. . .

"တောထဲမှာ ဒါမျိုးတွေကတော့ ရှိမှာပေါ့. . . ဒီတစ်ကွက်က ငါတို့လိုင်စင်ရထားပြီးသားဆိုတော့ ငါတို့ပိုင်တဲ့သစ်ကွက်ဖြစ်နေပြီ၊ ဘယ်သူ့ကိုမှ အရေးစိုက်ဖို့မလိုဘူး၊ သစ်လုံးများများရဖို့သာ အရေးကြီးတယ်"

ဟုပြောပြီး အရက်ပြန်သောက်နေရာ စိန်ဘန်းလည်း အပြင်သို့ ပြန်ထွက်လာလေတော့သည်။







# အခန်း(၆)

# ပေတလှူနှင့် ဟင်းကောင်းတစ်ခွက်

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် စိန်ဘန်း ခေါင်းဆောင်လာသော အလုပ်သမားတစ်စုတို့ မနေ့ညနေပိုင်းက ...ခဲ့သော တောင်သရက်ပင်ကြီးရှိရာသို့ တစ်ကျော့ပြန်ရောက်...ကြသည်။

ထိုအခါမှာတော့ အံ့ဩဖွယ်ရာ မြင်ကွင်းကို တွေ့မြင်ကြ...လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်သရက်ပင်က ပင်ခြေပြတ်ပြီး လဲကျနေသည်။ သို့သော် ယိုင်နေသည့် လယ်ကွက်များရှိရာဘက်သို့ လဲကျနေခြင်းမဟုတ်ဘဲ တောင်စောင်းဘက်မှာရှိသော အခြားသစ်ပင်များရှိရာဘက်သို့ ဆန့်ကျင်ဘက်ပြုကာ လဲကျနေခြင်းဖြစ်သည်။

ဒါက အဆန်းတကြယ်တော့မဟုတ်ပေ။

သစ်ပင်လဲခါနီး လေတိုက်လာလျှင် လေတိုက်သောဘက်သို့ လဲကျတတ်သည်။

လေထန်လျှင် ယိုင်နေသည့်ဘက်သို့ လဲကျချင်မှ လဲကျတတ်ပေသည်။

ဒါကလည်း အပင်သေးပြီး အလေးချိန်နည်းသောသစ်ပင်များသာ ဖြစ်သည်။

ထိုမျှကြီးပြီး အလေးချိန်များသော သစ်ပင်ကြီးမျိုးတော့ ဖြစ်ခဲလှသည်။

သစ်ပင်က ပြောင်းပြန်လဲနေခြင်းကြောင့် တောင်ခြေမှာရှိသော. . လက်ကွက်နှင့်စိုက်ခင်းများကတော့ သစ်ပင်ပိခြင်း အန္တရာယ်မှ လွတ်ကင်းသွားသည်။ သို့သော်လည်း သစ်ပင်ကြီးက မြေသို့ကျနေ ခြင်းမဟုတ်ဘဲ အခြားသစ်ပင်များအပေါ်မှာရှိနေသော ဂုံညင်းနွယ်များပေါ်သို့တင်ပြီး တွဲလောင်းကြီးဖြစ်နေသည်။

ထိုအခြေအနေမျိုးက. . သစ်ဖြတ်သမားများအတွက် မကောင်းလှပေ။

တောထဲမှာ သစ်ဖြတ်သူတို့အဖို့ သစ်တံခါး၊ သစ်ညီ





နောင်၊ ဒန်းစီးသစ်၊ ကြိုးဆွဲချသစ်မျိုးကို ရှောင်ကြရသည်။

မရှောင်ပါက အန္တရာယ်နှင့် တွေ့ရတတ်သည်။

ယခုဖြစ်နေသော အနေအထားက သစ်လုံးက တခြားနွယ်ကြိုးပေါ်မှာ ဒန်းစီးနေသည့်အနေအထားမျိုး ဖြစ်နေသည်။ သစ်လုံးအလေးချိန်ကြောင့် အခြားသစ်ပင်ငယ်များမှာ ယိမ်းထိုးနေသည်။

နွယ်ကြိုးပေါ်ရောက်နေသော သစ်လုံးကလည်း ယိမ်းထိုးနေသည်။ ထိုသို့တင်နေသည့်အခါ ပင်ခြေမပြတ်သေးဘဲကျန်နေပါက အန္တရာယ်သိပ်မရှိပေ။

ပင်ခြေပြတ်နေပါက အန္တရာယ်များသည်။

အဘယ့်ကြောင့်ဆိုသော်. . . အချိန်မရွေး ကျချင်သည့်ဘက်သို့ ကျတတ်သောကြောင့်ဖြစ်သည်။

စိန်ဘန်းနှင့် အလုပ်သမားများမှာ ထိုအခြေအနေကိုကြည့်ပြီး အခက်တွေ့နေကြသည်။

သူတို့လုပ်ရမည်က သစ်လုံးတင်နေသည့် နွယ်ကြိုးကိုဘက်ဖြတ်ချရမည်။

သို့သော်လည်း ထိုအလုပ်က အတော့်ကိုအန္တရာယ်များလှသည်။

နွယ်ကြိုးကို ဖြတ်ချလိုက်ပါက သစ်ပင်ကြီးက အရှိန်ဖြင့်အောက်သို့ ပြုတ်ကျသောအခါ သစ်ကိုင်းများက ရိုက်ချသောကြောင့် နွယ်ကြိုးတက်ဖြတ်သူကိုပါ အန္တရာယ်ပေးတတ်သည်။

သစ်ပင်ပေါ်မှာ ရှောင်ပြေးစရာမြေမရှိသဖြင့် သစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရိုက်ချသည်ဖြစ်စေ၊ သစ်ပင်ကျိုးကျသည်ဖြစ်စေ အောက်ကျပြီး သေရုံသာရှိသည်။

ထို့ကြောင့် မည်သူမျှ မလုပ်ချင်ကြပေ။

"ဘယ်လိုဖြစ်တာလဲ. . . ဒီသစ်ပင်လဲတာက အတော်ကလေး ဆန်းပါလား. . ."

"လေတိုက်လို့ ပြောင်းပြန်လှန်လဲနေတာ ဖြစ်မှာပေါ့"

"မနေ့က လေတိုက်တာကလည်း ဒီလောက်မကြမ်းပါဘဲ ဒီလောက်ကြီးတဲ့သစ်ပင်ကြီး ပြောင်းပြန်လဲနေတာကတော့ အံ့သြစရာပဲ"

"ဒါက အရေးမကြီးဘူး၊ ဒီသစ်ပင်ကြီးကို ဘယ်လိုလုပ်မှာလဲ"

"ရအောင် ဖြတ်ရမှာပေါ့"

"ဖြတ်တာကတော့ ဟုတ်ပါပြီ. . . သစ်လုံးတင်နေတဲ့ နွယ်ကြိုးတွေကို ဘယ်သူတက်ဖြတ်မှာလဲ"

"မင်းတို့ပဲရှိတာ. . . မင်းတို့ပဲ တက်ဖြတ်ရမှာပေါ့"

စိန်ဘန်းက လေသံမာမာဖြင့် ပြောလိုက်သည်။

"ဒီလောက်အန္တရာယ်များတာ မလုပ်ဝံ့ပါဘူးဗျာ. . . တခြားသစ်ပင် ဆယ်ပင်လှဲဆိုရင် လှဲလိုက်ချင်တယ်၊ ဒီအပင်ကိုတော့ မလုပ်ဝံ့ပါဘူး"

အလုပ်သမားများမှာ ခေါင်းဆောင်ဖြစ်သော စိန်ဘန်းခိုင်းလျှင် ဘာမဆိုလုပ်ကြရသည်။

သို့သော်လည်း အသက်အန္တရာယ်ရှိမှန်းသိတော့ ဘယ်





သူမှမလုပ်ဝံ့ကြသောကြောင့် ရဲရဲတင်းတင်းပင် ပြန်ပြောကြခြင်းဖြစ်သည်။

"တာဝန်ခံက ဒီသစ်ပင်ဖြတ်ရမယ်လို့ အမိန့်ပေးထားပြီးသား မင်းတို့မဖြတ်ဝံ့ရင်. . . ငါကိုယ်တိုင်တက်ဖြတ်ရမှာလား"

ထိုသို့မေးတော့လည်း ဘာမှပြန်မပြောကြပေ။

သို့သော် မည်သူမှတော့ တက်ဖြတ်ဝံ့မည့်ပုံမပေါ်ပေ။ အတန်ကြာတော့ တစ်ယောက်ကပြောသည်။

"ကျုပ်တို့တော့ မဖြတ်ဝံ့ဘူး၊ တစ်ခုတော့ရှိတယ်. . ဟိုဘက် အကွက်ထဲမှာ နောက်မှဝင်လာတဲ့လူသစ်တွေရှိတယ်၊ သူတို့ကိုခေါ်ဖြတ်ခိုင်းရင်ရမယ်"

ထိုသို့ပြောသဖြင့်. . စိန်ဘန်းက အလုပ်သမားတစ်ယောက်ကိုအခေါ်ခိုင်းရာ အတော်ကြာသောအခါ အခြားသစ်ကွက်မှ အလုပ်သမား သုံးယောက်ပါလာသည်။

နီမောင်၊ စောထီးနှင့် ငမဲအောင်တို့ဖြစ်သည်။ သူတို့သုံးယောက်မှာ အတွဲလိုက်ဖြစ်သောကြောင့် တစ်ယောက်ကိုခေါ်လျှင် ကျန်နှစ်ယောက်ကပါ ပါလာခြင်းဖြစ်သည်။

"မင်းတို့ကို ခေါ်တာ တခြားမဟုတ်ဘူး၊ သစ်လုံးတင်နေတဲ့ နွယ်ကြိုးကို တက်ဖြတ်ခိုင်းဖို့ပဲ မင်းတို့သုံးယောက်ဘယ်သူလုပ်မလဲ"

နီမောင်က သစ်လုံးတင်နေသော နေရာသို့မော့ကြည့်သည်။

သစ်ပင်ငယ်နှစ်ပင်သုံးပင်မှာ နွယ်တက်နေသော နွယ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပေါ်မှာ တင်နေခြင်းဖြစ်ရာ သစ်လုံးအလေးချိန်ကြောင့် အ ချိန်မရွေး ကျိုးကျနိုင်သည်။

နွယ်ကြိုးပြတ်ကျနိုင်သည်။

အခြေအနေကြည့်ရုံဖြင့် ဒန်းစီးသစ်ဖြစ်မှန်းသိလိုက်ကြ သည်။

ဒီမှာရှိနေသည့် အလုပ်သမားများ မလုပ်ဝံ့သဖြင့် သူ ကို တမင်လာခေါ်မှန်းလည်း ရိပ်မိသည်။

နီမောင်က အခြေအနေကို အသေအချာကြည့်ပြီးပြော လိုက်သည်။

"ကျွန်တော် တက်ဖြတ်မယ်"

စောထီးနှင့်ငမဲအောင်တို့ကတော့ တစ်ခုခုဖြစ်သွားမည် စိုးသောကြောင့် သူ့ကိုမလုပ်စေချင်ကြပေ။ သို့သော် နီမောင် သူ့အတွက် ဘာမှစိတ်မပူရန်ပြောပြီး သစ်ပင်ပေါ်တက်ရန် ပြင်နေသည်။

သူသည် ဓားတစ်လက်ကို ခါးမှာချိတ်ပြီးနောက် ပိုင်တောင်ပိုင်တို့ထံ ခွင့်တောင်းကာ သစ်ပင်ပေါ်သို့ ကျင်လည် စွာ တက်သွားသည်။

သူအပေါ်တက်သွားသော အချိန်တွင် အောက်မှာ သူများက ဘေးလွတ်ရာရှောင်ပေးကြသည်။

သစ်ပင်ပေါ်ရောက်တော့ နွယ်ကြိုးများက ရှုပ် ခတ်နေသည်။

နီမောင်က အခြားသစ်ပင်နှင့် လှမ်းတွဲနေသော နွ





ကြိုးတစ်ချောင်းကို အရင်ဖြတ်ယူသည်။

ထိုသို့ဖြတ်နေစဉ်မှာ လူအလေးချိန်ကြောင့် သစ်ပင်များ က တလှုပ်လှုပ်ဖြစ်နေသည်။

ယခုအခြေအနေမျိုးတွင် သစ်ပင်ကျိုးကျလျှင်သော် လည်းကောင်း၊ လဲကျသွားလျှင်သော်လည်းကောင်း အသက်ရှင် ခွင့်ရမည် မဟုတ်ပေ။

နီမောင်က သစ်ပင်ပေါ်ရောက်သွားပြီးကတည်းက နွယ်ကြိုးတစ်ချောင်းကို ခုတ်ဖြတ်ယူပြီး ခါးမှာဆွဲပတ်ထားသည်။ ပြီးမှ သစ်လုံးတင်နေသော နွယ်ကြိုးကိုဓားဖြင့် ဆက်ခုတ်လေ သည်။

သူ ခုတ်နေသောအချိန်မှာ အောက်မှရှိနေသူများက ဘေးလွတ်ရာသို့ရှောင်ပေးကြသည်။

တစ်ချက်နှစ်ချက်လောက် ခုတ်လိုက်သည်နှင့်ပင် သစ် လုံးအလေးချိန်ကြောင့်. . နွယ်ကြိုးက ပြတ်ကျသွားလေတော့ သည်။

"ဝေါ. . ဝေါ. . ဝေါ. . ."

ထိုသို့ကျသည်နှင့် နီမောင်က ခါးမှပတ်ထားသော နွယ် ကြိုးကိုကိုင်ကာ အခြားသစ်ပင်ပေါ်သို့ လွဲကူးသွားတော့သည်။ ရုပ်ရှင်သဏ္ဌာန်မှာ မျောက်တစ်ကောင်ကဲ့သို့ ပေါ့ပါးလျှင်မြန်လှ သည်။

သစ်လုံးကြီးကျလာသည်နှင့် အောက်ကလူများက အ ဝေးအလွှားရှောင်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့လည်း သစ်ပင်အကွယ်နေရာများသို့ ဝင်ကပ်နေကြသည်။ သို့သော်လည်း အခြေအနေက ပြောင်းလဲသွားသည်။ နွယ်ကြိုးပြတ်သွားသောအခါ အလေးချိန်များသော သစ်အရင်းပိုင်းက အရင်အောက်ကျပြီး ထောင်သွားလေရာ. . မြေပေါ်မှာ သစ်ပင်စိုက်ထားသကဲ့သို့ ဖြစ်သွားတော့သည်။

ထိုအခြေအနေဖြင့် အတန်ကြာအောင် ငြိမ်နေပြီးမှ စိန်ဘန်းတို့ ရှိနေသောနေရာဘက်သို့ ယိုင်လဲကျလာလေတော့သည်။

သို့ကြောင့် ကြောက်လန့်တကြား ထွက်ပြေးကြသော်လည်း မလွတ်မလပ်ဖြစ်ကာ အချို့သစ်ကိုင်းသစ်ရွက်များအောက် ရောက်သွားကြတော့သည်။

"ဝုန်း. . . ဝုန်း. . ."

သစ်ပင်လဲကျသံက တောတစ်တောလုံး သိမ့်သိမ့်တုန်သွားလေတော့သည်။

အခြေအနေငြိမ်သက်သွားတော့မှ သစ်ပင်ပိနေသူများကို သွားရောက်အကူအညီပေးကြရသည်။

ကံအားလျော်စွာ လူအသေအပျောက်မရှိဘဲ ထိခိုက်ဒဏ်ရာ ရရှိသာရှိလေသည်။

စိန်ဘန်းကိုယ်တိုင် လက်တစ်ဖက်မှ ဒဏ်ရာရသွားလေသည်။ သို့သော်လည်း တောထဲမှာ အလုပ်လုပ်နေကြသော အလုပ်ကြမ်းသမားများပီပီ တော်ရုံတန်ရုံ ဒဏ်ရာရသည်လောက်တော့ ဂရုမပြုဘဲ ပတ်တီးစည်းသူကစည်းထားပြီး အလုပ်ဆက်





လုပ်ကြလေသည်။

သစ်ပင်လဲကျသွားသောအခါ သစ်လုံးလိမ့်မကျစေရန် ခေါက်ထောက်သူကထောက်၊ ခေါင်းတုံး(အရင်းပိုင်း)ဖြတ်သူကဖြတ်၊ အကိုင်းအခက်များရှင်းသူကရှင်း၊ အဖုအထစ်တို့ကို ကပ်ဓါးဖြင့် ရွေသူကရွေ၊ သစ်တုံးဖြတ်ရန် အမှတ်အသားပေးသူကပေးနှင့် အလုပ်ရှုပ်နေကြသည်။

အရေးကြီးဆုံးက အဖျားပိုင်းဖြတ်ချလိုက်လျှင် သစ်လုံးလိမ့်မကျစေရန် ဒေါက်များကို ဂရုတစိုက်ထောက်ကြရခြင်းဖြစ်သည်။

နီမောင်တို့သုံးယောက်ကတော့ သူတို့အလုပ်ပြီးသွားသဖြင့် မူလနေရာသို့ ပြန်သွားကြလေပြီ။

ထိုနေရာမှာတော့ စိန်ဘန်းက ကြီးကြပ်ပြီး သစ်လုံးကြီးများ ပိုင်းဖြတ်နေကြသည်။

ထိုအခိုက်မှာပင် တောတွင်းမှ အဘိုးကြီးတစ်ယောက်ထွက်လာသည်။

အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် အရုပ်အမောင်းကကောင်းသည်။

ကျောမှာ လေးနှင့်မြားဘူး လွယ်ထားပြီး ပခုံးပေါ်မှာ ...ယ်တစ်ကောင် ထမ်းလာသည်။

"ခင်ဗျားက မုဆိုးလား"

"အေး. . . ဟုတ်တယ်"

"ခင်ဗျားရလာတဲ့ ဒရယ်သားရောင်းမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မရောင်းဘူး မင်းတို့စားချင်ရင်တော့ မျှပေးပါ့မယ်"

"အခုပေးခဲ့မှာလား"

"မပေးနိုင်ဘူး၊ မုဆိုးကထုံးစံအတိုင်း သားကောင်ရလာရင် တောပိုင်တောင်ပိုင်တွေကို တင်မြှောက်ပြီးမှ ပေးနိုင်မယ်"

"ခင်ဗျားကဘယ်မှာလဲ"

ထိုအခါ မုဆိုးက တောစပ်မှာရှိသောတဲတစ်လုံးကို လက်ညှိုးထိုးပြသည်။

ထိုတဲမှာ မနေ့က အမျိုးသမီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက် ထွက်လာသည့်တဲဖြစ်၏။

"ငါ အဲဒီမှာနေတယ် ခဏလောက်ကြာရင် ဟင်းချက်ထားလိုက်မယ်၊ မင်းတို့လာစားကြပေါ့"

"လာခဲ့မယ်. . . လာခဲ့မယ်"

ဟု စိန်ဘန်းက ဝမ်းသာအားရပြောလိုက်သည်။

မုဆိုးကြီးက ဆက်လျှောက်သွားလေသည်။

သူတို့သစ်ပင်ဖြတ်နေသောနေရာနှင့် တဲရှိသောနေရာမှာ မဝေးလှပေ။

လှမ်းကြည့်လျှင်မြင်နေရသည်။

"စားရကံကြုံတော့ မုတ်ဆိတ်ပျားစွဲတာပဲ၊ သစ်ဖြတ်တာ မောနေတဲ့အချိန်မှာ ဒရယ်သားနဲ့စားရတော့မယ်"

ဟုလည်း ပြောလိုက်သေးသည်။

ခဏကြာတော့ တဲဘက်မှ မီးခိုးငွေ့များတက်လာသည်ကို လှမ်းမြင်ကြရသည်။





နေ့လယ်ပိုင်းအလုပ်နားသောအခါ စိန်ဘန်းက ခေါင်းဆောင်၍ အလုပ်သမားများကိုပါခေါ်ပြီး တဲဘက်သို့ ဆင်းသွားကြသည်။

တဲနားရောက်တော့ ဟင်းချက်နေသော အနံ့ကမွှေးနေသည်။ တဲအတွင်းရောက်တော့ မီးဖိုနံဘေးမှာ ဟင်းချက်နေသော မုဆိုးကြီးကိုတွေ့ရသည်။

"ဟင်းကတော့ သိပ်မကျက်သေးဘူး၊ ဒါပေမယ့်စားလို့တော့ ရလောက်ပါပြီ. . မင်းတို့သဘောကျသလိုသာ တည်စားကြပေတော့"

ဟုပြောပြီး တစ်နေရာမှာထိုင်ပြီး ဆေးပတ်လိပ်ဖွာနေတော့သည်။

စိန်ဘန်းတို့အဖွဲ့မှာ ခြောက်ယောက်ဖြစ်သည်။

အားလုံးမောပန်းနေသည်က တစ်ကြောင်း၊ ဆာလောင်နေပြီဖြစ်သည်ကတစ်ကြောင်း ဟန်မဆောင်နိုင်တော့ဘဲ သူတို့ယူခဲ့လာသော ထမင်းထုပ်များကိုဖြည်ပြီး မီးဖိုပေါ်မှာ ချက်ထားသည့်ဟင်းများကို ခပ်ထည့်ယူကာ စားသောက်ကြတော့သည်။

မုဆိုးကြီးကတော့ သူတို့ကိုကြည့်နေလေသည်။

"ကျေးဇူးတင်လိုက်တာဗျာ. . . ဟင်းကလည်းစားလို့ကောင်းလိုက်တာ၊ ဒါထက် ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"ငါ့နာမည်ပေတလူ"

"ပေတလူဟုတ်လား၊ ဒီမှာပဲနေတာလား၊ မနေ့က ဒီတဲမှာ မိန်းမနှစ်ယောက်တွေ့လိုက်တယ်၊ သူတို့ကရောဘယ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလဲ”

“သူတို့က ရွာထဲမှာအနေများတယ်၊ လယ်တဲမှာတော့ ငါပဲ အနေများတယ်၊ လူစောင့်မရှိရင် တောထဲက တိရစ္ဆာန်တွေ က အသီးအနှံတွေလာဖျက်ဆီးလို့ လာစောင့်ပေးနေရတာ မင်းတို့ မနေ့ကတွေ့လိုက်ရတာ ငါ့နှမနဲ့ တူမလေးပါ”

ဟု ပေတလူကပြောပြလေသည်။

“ဒီမှာတစ်ယောက်တည်းနေတာ မကြောက်ဘူးလား”

“ဘာကိုကြောက်ရမှာလဲ. . တောထဲက တိရစ္ဆာန်တွေ ဆင်းလာရင် မြှားနဲ့ပစ်မှာပေါ့”

“တိရစ္ဆာန်တွေတင်မကဘူး၊ တစ္ဆေသရဲတွေ မကြောက် ဘူးလားလို့မေးတာ”

ဟု စိန်ဘန်းက မေးလိုက်သည်။

ပေတလူဆိုသောလူကြီးက ပါးစပ်ထဲမှ ကျိုးတိုးကွဲ သွားများ ပေါ်အောင်ရယ်လိုက်သည်။

“တစ္ဆေသရဲဆိုတာ ကြောက်စရာမှ မဟုတ်တာ၊ သူတို့ သင့်မြတ်ရင် ခိုင်းချင်တာတောင် ခိုင်းလို့ရသေးတယ်၊ ငါက ဒီ မှာ အမြဲမနေနိုင်ဘူး၊ တောထဲတောင်ထဲ သွားလာနေတဲ့အခါ ဒီလိုပဲ သူတို့ကို အစောင့်ထားတန်ထားရတယ်”

ဟု ပြောပြရာ စိန်ဘန်းတို့တစ်သိုက်မှာ ထမင်းစား ကြရင်းနှင့် ယုံရအခက်၊ မယုံရအခက်ဖြစ်နေကြသည်။ အစား ကြာတော့ ပေတလူက နေရာမှထလာပြီးမေးသည်။

“ငါချက်ထားတဲ့ဟင်း စားလို့ကောင်းရဲ့လား”





“ကောင်းတာပေါ့ဗျာ ကျုပ်တို့က တောထဲမှာဖြစ်သလို ချက်၊ ဖြစ်သလိုစားနေကြရတာ ဒီလိုစားရရင် ဟင်းကောင်းလို့ ထင်နေတာဗျ. . .”

“အေးအေး. . မင်းတို့သဘောကျတယ်ဆိုရင် နောက် နေ့တွေကြုံတော့လည်း လှည့်ဝင်ခဲ့ကြပေါ့ကွာ၊ ငါ့မှာ မရှိ့ရှိတာ တော့ စားရမှာပေါ့”

ဟု စေတနာကောင်းစွာဖြင့် ပြောနေသည်။

စိန်ဘန်းတို့လည်း မြိန်ရေရှက်ရေဖြင့် တက်ညီလက်ညီ စားသောက်ကြရာ မီးဖိုပေါ်မှ မချရသေးခင်မှာပင် ဟင်းအိုးထဲ မှာချက်ထားသောဟင်းများ အရိုးအရင်းမျှပင်မကျန်တော့ပေ။

ထိုသို့စားသောက်ပြီး ဗိုက်ဝသည်နှင့် အလုပ်လုပ်ရန် တောပေါ် တစ်ကျော့ပြန်တက်ခဲ့ကြလေသည်။

တဲအတွင်းမှာ ကျန်နေခဲ့သောပေတလူက ပြောင်တ သင်းခါသွားသော ဟင်းအိုးကိုတစ်လှည့် ပြန်ထွက်သွားသော စိန်ဘန်းတို့ကို တစ်လှည့်ကြည့်နေပြီးမှ တဟီးဟီးဖြင့် ရယ်နေ သည်ကိုတော့ သူတို့ မသိလိုက်ကြတော့ပေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

# လက်တစ်ဖက် လာတောင်းသည့်သရဲ

အချိန်က ညဉ့်ဦးပိုင်းအချိန်ကျော်လာခဲ့ချေပြီ။

အမှောင်ရိပ်များက သစ်တောတွင်း၌ ဖုံးအုပ်ထားလေသည်။ မူလအမှောင်နှင့် သစ်တောများအုပ်ဆိုင်းနေရာမှ အမှောင်များရောနှောနေရာ ပို၍မှောင်နေသကဲ့သို့ရှိတော့သည်။

သစ်ထုတ်လုပ်ရေးစခန်းမှ အလုပ်သမားများနေသော တဲများမှာ သစ်တောများအတွင်း၌ပင်ရှိကြသည်။ ယာယီတဲများ



www.burmeseclassic.com

www.burmeseclassic.com



ကို ဝါးများဖြင့်သာဆောက်ပြီး အင်ဖက်များမိုးထားသည်။

အခင်းကိုလည်း ဝါးကပ်များကိုပင် ယက်ခင်းထားသည်။ အချို့တဲများမှာ ဝါးပိုးဝါးများကိုခွဲခင်းကြသည်။ အလုပ်သမားများက ၎င်းတို့အလုပ်လုပ်သော သစ်ကွက်များမှာပင် ဝါးတဲများကို ယာယီဆောက်လုပ်ပြီးနေကြခြင်းဖြစ်၏။

ဝါးတိုင်ထူပြီး အင်ဖက်များမိုးတင်လိုက်သည်နှင့်ပင် ယာယီနေထိုင်၍ရသောတဲများ ဖြစ်သွားလေသည်။ အချို့မှာ မြေပေါ်မှာ ဒီအတိုင်းနေကြပြီး အခင်းပင်မခင်းကြတော့ပေ။

စိန်ဘန်းတို့နေသောတဲများနှင့် နီမောင်တို့နေသော တဲများမှာ မဝေးလှပေ။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ အလုပ်သမားများမှာ တစ်နေကုန်ပင်ပန်းကြသောကြောင့် အိပ်ကြလေသည်။

ထိုအချိန်ရောက်တော့မှ စိန်ဘန်းတို့ မနေနိုင်အောင် ဗိုက်နာလာကြသည်။

"ထွန်းရွှေ ငါဗိုက်ထဲကနာလိုက်တာ၊ မင်းရောဘယ်လို လဲ"

"ငါလည်းနာတာပဲ"

ထွန်းရွှေနှင့်စိန်မှတ်တို့နှစ်ယောက် အချင်းချင်းပြောနေ ကြသလို သူတို့နှင့်အတူတူအိပ်နေသော ကျန်လေးယောက်မှာ လည်း ရှုံ့တွနေကြသည်။

ထိုနောက်မှာတော့ မနေနိုင်ကြတော့သဖြင့်. . တစ် ယောက်နှင့်တစ်ယောက် အဖော်ညှိပြီး တောစပ်သို့သွားပြီး ဝမ်း





သွားကြလေသည်။

စိန်ဘန်းမှာလည်း တစ်နေရာမှာထိုင်ပြီး အပေါ့အပါး သွားနေစဉ် သူ့နောက်ဘက်မှ ခြေသံလိုလိုကြားရသဖြင့် လှည့် ကြည့်လိုက်ရာ သူ့အနောက်ဘက် မနီးမဝေးနေရာမှာရပ်နေ သော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့ရသည်။

ပထမတော့ အလုပ်သမားတစ်ယောက်ဟု ထင်လိုက်မိ သော်လည်း မဟုတ်ပေ။

အရပ်ကအတော်မြင့်သည်။

"ငါ့လက်တစ်ဖက်ပြန်ပေး"

"ဒီမှာ ဗိုက်နာနေရတဲ့အထဲ ဘာတွေလာတောင်းနေ တာလဲ"

"နေ့ခင်းက မင်းတို့စားတာ ဒရယ်သားဟင်းမဟုတ်ဘူး၊ ငါ့လက်တစ်ဖက်ကို ဖြတ်ယူသွားပြီး ချက်ထားတာကွ မယုံရင် ဒီမှာကြည့်ပါလား"

ထိုလူကြီးက သူ့လက်တစ်ဖက်ကို မြှောက်ပြရာ ငုတ်တို ကြီး ဖြစ်နေသည်ကို တွေ့ရသည်။

"ဟင်. . ."

"ငါတင်မကဘူး၊ ကျန်တဲ့လူတွေဆီကပါ ယူသွားတာ တွေ ရှိသေးတယ်၊ ငါ့လက်ပြန်ပေးပါ. . ."

စိန်ဘန်းက ကပျာကရာ ထိုင်နေရာမှ ထလိုက်သည်။

"ခင်. . . ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ငါတို့က လူတွေမဟုတ်ဘူး. . .၊ သေပြီးတစ္ဆေကြာလို့



www.burmeseclassic.com

www.burmeseclassic.com



သုသာန်မှာ နေကြရတဲ့သရဲတွေပဲ"

"ဒါဖြင့်. . . ပေတလူကရော ဘာလဲ"

"ပေတလူကလည်း သရဲပဲ"

"ဟင်"

စိန်ဘန်းမှာ အကြီးအကျယ်မျက်လုံးပြူးသွားစဉ် မည်းမည်းကြီးက အနားရောက်လာသည်။

ထိုအခါ ကြောက်မက်ဖွယ်ကောင်းသော ပုံပန်းသဏ္ဌာန်ကို တွေ့ရတော့သည်။

"ငါ့လက်မပေးရင် မင်းလက်ကိုဖြတ်ယူမယ်"

ဟုပြောပြီး အနားတိုးကပ်လာရာ နေရာမှထပြေးရလေတော့သည်။

ထို့အတူ သူနှင့်အတူ တောထိုင်နေကြသူများမှာလည်း ကြောက်လန့်တကြားအော်သံများ ကြားရပြီး ထပြေးလာကြသည်။

"မင်းတို့ဘာဖြစ်လာကြတာလဲ"

"ခင်ဗျားရော ဘယ်လိုဖြစ်လာတာလဲ"

"ငါ့ကို သရဲခြောက်လို့ကွ"

"ကျုပ်တို့လည်း သရဲခြောက်ခံရလို့ ထပြေးလာကြတာ နေ့ခင်းက ကျုပ်တို့စားခဲ့တာ ဒရယ်သားမဟုတ်ဘူးတဲ့၊ သူတို့အသားတွေဆိုပြီး လာတောင်းနေတယ်"

"ငါလည်းဒီအတိုင်းပဲ ဗိုက်နာတာကလည်း မရပ်သေးဘူး ဘယ်လိုလုပ်ကြမလဲ"





စိန်ဘန်းတို့ ခြောက်ယောက်သား မခံမရပ်နိုင်ဖြစ်ပြီး ဆူဆူညံညံဖြစ်နေသောကြောင့် တဲများအတွင်း၌ရှိသောလူများ နိုးလာကြတော့သည်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

"ဒီမှာ စိန်ဘန်းတို့ အပေါ့အပါးသွားတာ သရဲခြောက်ခံရလို့တဲ့"

"သရဲခြောက်တာဆန်းသလား၊ အဖော်နဲ့သွားကြပေါ့ကွ"

စခန်းမှာ အသက်အရွယ်လည်းကြီး. . အတွေ့အကြုံလည်းများသော ဦးမွန်ထော်က ပြောလိုက်သည်။

"တစ်ယောက်တည်း မသွားဝံ့လို့ ခြောက်ယောက်သွားတော့မှ ခြောက်ယောက်စလုံး ခြောက်လွှတ်လိုက်တာဗျ"

"ဟေ. . ."

ထိုစကားကြားကြောင့် ဦးမွန်ထော်ပင် အံ့သြသွားသည်။

တစ်ယောက်က ထပြောသည်။

"ဟို. . ဟို. . ခြောက်ယောက်မှာ သရဲခြောက်တယ်ဆိုတော့ ခုနစ်ယောက်သွားရင် လာခြောက်ချင်မှခြောက်တော့မှာ. . ."

"ဗိုက်နာရတဲ့အထဲ အတိတ်ကောက်တဲ့လူနဲ့ လာတွေ့ရသေးတယ်ကွာ၊ ခုနစ်ယောက်ပြည့်အောင် မင်းကိုပဲခေါ်ရမယ်"

ဟု ပြောလိုက်တော့မှ ခေါင်းပုသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောထဲမှာ တစ်ခုခုများ အမှားအယွင်းလုပ်ခဲ့မိသလား"

ဦးမွန်ထော်က မေးသည်။

ထိုအခါ စိန်ဘန်းက ကွင်းစပ်မှ တောင်သရက်ပင်ကြီးလှဲကြစဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်ပြောပြလိုက်လေသည်။

ဦးမွန်ထော်က အသေအချာနားထောင်နေပြီးမှ. . .

"မဟုတ်မှလွဲရော၊ အဲဒီနေရာတစ်ဝိုက်မှာ အန္တရာယ်အယှက် ရှိနေပုံရတယ်၊ မင်းတို့ ဒီအတိုင်းနေလို့မရဘူး၊ အမှားအယွင်းလုပ်မိရင် ခွင့်လွှတ်ပေးဖို့ တောင်းပန်တန်တောင်းပန်ရမယ်"

ဟုပြောသည်။

"ကျုပ်တို့က ဘယ်သူ့ကိုတောင်းပန်ရမှာလဲ"

"ငါအထင်ပြောရရင်တော့ အဲဒီနားမှာရှိတဲ့ လယ်လုပ်နေတဲ့ အမျိုးသမီးတွေဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီနေရာနဲ့ သိပ်မဝေးတဲ့ တောင်ခြေတစ်နေရာမှာ ရှေးဟောင်းရွာကြီးတစ်ရွာရှိတယ်"

"ဘယ်ရွာလဲ အဘ. . ."

"ရွာနာမည်က နှစ်ဆောင်ပြိုင်တဲ့၊ စုန်းကဝေပညာတတ်တဲ့သူတွေ၊ ဥစ္စာသိုက်နဲ့သက်ဆိုင်တဲ့လူတွေရှိလို့ အချို့ကလည်း 'ဆရာမနိုင် နှစ်ဆောင်ပြိုင်၊ ဆရာပြန်ပြေး ဘုရားလေး' ဆိုပြီး ပြောကြတယ်၊ ရွာထိပ်တောင်စောင်းပေါ်မှာ ဘုရားတစ်ဆူရှိ





တယ်၊ အဲဒီမှာဥစ္စာသိုက်ရှိတယ်လို့တော့ ပြောသံကြားတာပဲ"

ဦးမွန်ထော်စကားကြောင့် တော်ရုံသဖြင့် မယုံကြည်တတ်သည့် စိန်ဘန်းပင် မျက်လုံးပြူးသွားသည်။

"တောင်းပန်ရမှာက နောက်၊ အခု ဗိုက်နာတာက မခံနိုင်အောင်ဖြစ်နေလို့ ဆေးလေးဘာလေးရှိရင်ပေးပါဦး"

"ငါ့မှာရှိတဲ့ဆေးက တော်ရုံတန်ရုံလောက်ပဲရတာ၊ ယောဂကိစ္စတွေ မရဘူး၊ မင်းတို့ဗိုက်ထဲရောက်နေတဲ့ စားထားတာတွေ အပြင်မထွက်မချင်း ရောဂါပျောက်မှာ မဟုတ်ဘူး"

ဟုပြောရာ မျက်လုံးပြူးသွားကြလေသည်။

ထို့နောက်မှာတော့ ဦးမွန်ထော်က ၎င်းမှာရှိသောဆေးတိုက်သဖြင့် သောက်ကြသော်လည်း. . သက်သာသည်မရှိဘဲ ဗိုက်ဟာစ်လူးလှိမ့်နေသောကြောင့် ကျန်အလုပ်သမားများလည်း တောင်းစွာမအိပ်ကြရဘဲ စိတ်မချမ်းမသာဖြစ်ကြရသည်။

အချို့လည်း သရဲကြောက်သဖြင့် အပြင်ကိုပင် မထွက်ကြတော့ပေ။

နောက်တစ်နေ့ရောက်တော့ သစ်ကွက်တာဝန်ခံ ထွန်းကျော် ရောက်လာသည်။

"ဘယ်လိုဖြစ်ကြတာလဲ"

ဦးမွန်ထော်က သူသိသမျှ ပြောပြလိုက်သည်။

ထွန်းကျော်က အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး လောကအတွေ့အကြုံများသူ ဖြစ်သည်။

"တောထဲတောင်ထဲမှာ အမှားအယွင်းလုပ်လို့မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျားနဲ့တွေ့ရင်တောင်မှ ပြန်တိုက်ခိုက်ရင် အသက်ချမ်းသာရာ ရနိုင်တယ်၊ နတ်တွေ၊ ပရလောကသားတွေနဲ့ ဖြစ်ပြီဆိုရင် ဘာမှ လုပ်လို့မရဘူး သေဖို့သာပြင်ပေတော့"

ဟုပြောရာ စိန်ဘန်းတို့မှာ မျက်နှာပျက်သွားကြသည်။

"ဒီလူတွေက မသိဘဲရမ်းလုပ်လာလို့ တစ်ခုခုမှားလာတာဖြစ်မယ်၊ အဘက ဒီစခန်းမှာ အသက်အရွယ်ရော၊ အတွေ့အကြုံလည်းရှိတော့ အဘပဲ အဆင်ပြေအောင်ဆောင်ရွက်ပေးလိုက်ပါ၊ လောလောဆယ် စိန်ဘန်းအလုပ်မဆင်းနိုင်သေးရင် အလုပ်သမားတွေကို အဘပဲကြည့်ပြီး စီမံအုပ်ချုပ်ပေးပါ"

ဟု တာဝန်ပေးပြီး ပြန်သွားလေသည်။

ထွန်းကျော်မှာ ကုလားကပြားတစ်ဦးဖြစ်ပြီး လူရည်လည်သည်။

ဘယ်လိုအကြောင်းပေါ်လာလျှင် ဘယ်သူ့ကိုတာဝန်ပေးရမည်ကို သိသည်။

သို့ကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် သဘောမျိုးဖြစ်အောင် ဦးမွန်ထော်အား တာဝန်ပေးသွားခြင်းဖြစ်လေသည်။

သို့ကြောင့် ဦးမွန်ထော်က သက်ဆိုင်ရာ အလုပ်သမားခေါင်းဆောင်များကိုခေါ်ပြီး ပြုလုပ်ရမည့်တာဝန်များ ခွဲပေးလိုက်ပြီးနောက် နီမောင်တို့သုံးယောက်ကိုခေါ်လိုက်သည်။

"ဟိုတစ်နေ့က ဒန်းစီးနေတဲ့သစ်လုံးကြီးကို ပတ်နေတဲ့နွယ်တွေ တက်ဖြတ်တာမင်းလား"

"ဟုတ်ပါတယ်အဘ. . ."





"မင်းအလုပ်ဝင်တာ မကြာသေးဘူးထင်တယ်"

ထိုသို့မေးသဖြင့် စောထီးနှင့်ငမဲအောင်တို့က အကျိုးအကြောင်းဝင်ပြောပြကြသည်။

"အော်. . . မင်းက မြစ်ဝကျွန်းပေါ်သားကိုး၊ ဒါကြောင့်တောအကြောင်းဒီလောက်သိနေတာကိုး၊ ငါလည်း မြစ်ဝကျွန်းပေါ်ဘက်ကလာတာပါပဲ၊ ဒါထက် မင်းသစ်ပင်ပေါ်တက်ပြီး နွယ်တွေဖြတ်တော့ ဘာတွေထူးခြားတာတွေ့ခဲ့ရသလဲ"

ဦးမွန်ထော်က ကွမ်းယာကို ပါးစပ်ထဲထည့်ဝါးရင်း မေးလိုက်သည်။

"သစ်လုံးအနေအထားကိုကြည့်ရတာ ပုံမှန်တော့ မဟုတ်ဘူး၊ ဒီလောက်ကြီးတဲ့ သစ်ပင်ကြီးလေထဲမှာ ဒန်းစီးသလိုဖြစ်နေတာတော့ အတော်ဆန်းတယ်"

"အေး. . . ငါလည်း ဒီလိုပဲထင်တယ်၊ ဟုတ်မဟုတ်သိရအောင် မင်းတို့သုံးယောက်နဲ့ငါနဲ့ အဲဒီဘက်သွားကြည့်ရအောင်"

ဟုပြောပြီး. . လေးယောက်သား မား၊ ကပ်ပါးစသော ကိရိယာအချို့ယူပြီး. . သူတို့လှဲထားသော တောင်စောက်ပင်ကြီးရှိရာဘက်သို့ ထွက်ခဲ့ကြလေသည်။

ထိုနေရာရောက်တော့ တောင်စောင်းတစ်နေရာတွင် သင်းသုတ်သင်ပြီး ပိုင်းဖြတ်ထားသော သစ်လုံးကြီးကိုတွေ့ရသည်။

နီမောင်က သစ်လုံးကြီးနွယ်ဒန်းစီးနေသောနေရာ၊ မလဲမီ သစ်ပင်အနေအထား ရှိနေပုံတို့ကို သူသိသမျှ ဦးမွန်ထော်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြသည်။

ဦးမွန်ထော်က အခြေအနေများကိုကြည့်ပြီး . . .

"မင်းပြောသလို . . . သာမန်အခြေအနေ မဟုတ်တာ တော့ သိသာပါတယ်၊ လာဟေ့ . . သူတို့ထမင်းသွားစားတဲ့ဘ သွားကြည့်ရအောင်"

ဟုပြောပြီး တောင်စောင်းမှ လယ်ကွင်းစပ်မှာရှိ သော တဲရှိရာသို့ ဆင်းလာကြသည်။

တဲရှိရာသို့ရောက်သောအခါ လူရိပ်လူခြည်မတွေ့ရ ဖြင့် အသံပြုကြည့်သည်။

"တဲရှင်တို့ . . . တဲရှင်တို့ . . ."

ထိုသို့ခေါ်ကြည့်သော်လည်း ပြန်ထူးသံမကြားရသ တဲအနီးသို့ လျှောက်သွားကြရာ တစ်နေရာရောက်တော့ တုံး တုံး ခားတစ်ချောင်းနှင့် ထိုနေရာတွင် ပြန့်ကျဲနေသော လူအ အချို့ကို တွေ့ရသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြ လိုက်ကြသည်။

"စိန်ဘန်းတို့စားသောက်သွားတာ ဒါတွေပဲဖြစ်မယ်"

ဟုပြောပြီး တဲအတွင်းဝင်ကြည့်သောအခါ ကွ တစ်လုံးပေါ်မှာ နှစ်နှစ်ချိုက်ချိုက်အိပ်နေသည့် အဘိုးကြီး ယောက်ကို တွေ့ရတော့မှ ခြေလှမ်းတုံ့သွားကြလေသည်။

ထိုအဘိုးကြီးမှာ လူတစ်ယောက်ပင်ဆိုစေကာမူ တစ်ယောက်၏ ပုံပန်းသဏ္ဌာန်နှင့် မတူတော့လောက် ရုပ်ဆိုးသူဖြစ်သည်။





သူက နီမောင်တို့ လေးယောက် ဝင်လာသည်ကိုဝင် သိဟန်မတူပေ။

"ဒီမှာ . . . ဒီမှာ အဘ . . ."

နီမောင်က အသံပြုလိုက်တော့မှ မျက်လုံးဖွင့်ကြည့် သည်။ ပြီးမှ နေရာမှထလာသည်။

"ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်တို့က သစ်တောစခန်းက အလုပ်သမား တွေပါ"

နီမောင်ကပြောတော့ အကဲခတ်သလို တစ်ချက်ကြည့် သည်။

"ဘာလဲ . . . ဟင်းစားလိုချင်လို့ လာကြပြန်တာလား"

"မဟုတ်ပါဘူး၊ ဟိုတစ်နေ့က ဒီတဲမှာ ထမင်းစားသွားတဲ့ လူတွေ ဗိုက်နာနေကြလို့ ဆေးများရှိသလားလို့ လာမေးကြည့် တာပါ"

နီမောင်က လိမ္မာပါးနပ်စွာပြောလိုက်သောအခါ စဉ်း နေသည်။

ပြီးမှ ပြောသည်။

"မသင့်တော့လည်း ဒီလိုပဲဖြစ်မှာပေါ့၊ အနာရှိရင်ဆေး ရှိမှာပေါ့"

"အဘဆီမှာ ရှိတာလား"

"ငါ့ဆီမှာတော့မရှိဘူး၊ ငါက ဒီမှာတဲစောင့်နေရတာ ချင်ရင်တော့ နှစ်ဆောင်ပြိုင်ကိုသာသွား"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဆောင်ပြိုင်မှာ ဘယ်သူတွေရှိသလဲ"

"ဒေါ်ငွေရုံနဲ့ ဒေါ်ငွေမှုံတို့ ရှိတယ်၊ သူတို့နဲ့တွေ့ပြီး အကျိုးအကြောင်းပြောရင် ဆေးရနိုင်ပါတယ်"

"ကောင်းပါပြီ. . . ကျွန်တော်တို့ သွားလိုက်ပါမယ်"

ဟုပြောပြီး လေးယောက်သား အပြင်ပြန်ထွက်ခဲ့ကြလေသည်။

အပြင်ဘက်ရောက်တော့မှ ဦးမွန်ထော်ကပြောသည်၊

"ငါထင်တဲ့အတိုင်း မလွဲဘူး၊ သူတို့ နှစ်ဆောင်ပြိုင်ကလူတွေနဲ့မှ ပြဿနာဖြစ်ခဲ့ကြပုံရတယ်. . သူတို့ရဲ့ကံပေါ့ကွာ၊ ဟိုကလက်ဦးနေပြီဆိုတော့ ဆေးရရင်အသက်ရှင်မယ်၊ မရရင်တော့ ဘာနဲ့မှ လုပ်လို့ရမှာမဟုတ်ဘူး. . သေမှာပဲ"

"ကျွန်တော်တို့ တစ်ခါတည်းသွားကြမလား အဘ"

"သိပ်မှမဝေးတာ တစ်ခါတည်းပဲ သွားလိုက်ကြတာပေါ့၊ ဒါမှ အကျိုးအကြောင်းသိရမှာ"

ဟုပြောဆိုပြီး. . လေးယောက်သား နှစ်ဆောင်ပြိုင်ရွာဘက်သို့ ထွက်ခဲ့ကြလေတော့သည်။







# အခန်း(၈)

# နှစ်ဆောင်ပြိုင်မှ မာယာရှင်

နှစ်ဆောင်ပြိုင်ရွာကြီးမှာ ရှေးဟောင်းရွာကြီးတစ်ရွာပင် ...၏၊ ဒေးစွန်ပါစေတီတော်နှင့် မဝေးလှသလို ရိုးမတောင်ခြေ ...ည်း နီးသည်။

နီမောင်တို့နေသည့် မဟာမြိုင်ရွာက ဒေးစွန်ပါအရှေ့ ...၌ရှိပြီး နှစ်ဆောင်ပြိုင်ရွာက အနောက်ဘက်၌ရှိသည်။ ဒေး ...က အလယ်၌ခြားနေပြီး အရှေ့ရွာ၊ အနောက်ရွာသဖွယ်ဘာ



www.burmeseclassic.com

www.burmeseclassic.com



မျိုး ဖြစ်နေသည်။

နှစ်ဆောင်ပြိုင်ရွာမှာ အိမ်ခြေငါးဆယ်ကျော်ခန့်ရှိပြီး မွေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေသောရွာတစ်ရွာဖြစ် သည်။

တစ်ရွာလုံး လယ်လုပ်ငန်း၊ သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းနှင့် ခြံစိုက်ခြင်းလုပ်ငန်းများ လုပ်ကြသည်။

ချောင်းနှင့်နီးသောနေရာတွင် နေကြသူများကတော့ ကြက်၊ ဘဲ၊ ဝက် မွေးမြူကြသည်။

ရွာထိပ်တောင်ကုန်းပေါ်၌. . ဘုန်းကြီးကျောင်းတစ် ကျောင်းနှင့် စေတီငယ်တစ်ဆူရှိသည်။

ကိုးတောင်ခန့်ရှိပြီး ထုံးသင်္ကန်းကပ်လှူထားသည်။

မူလအမည်ရှိခဲ့ဟန်တူသော်လည်း ဒေသခံများကတော့ ‘ဘုရားလေး’ဟုသာ အခေါ်အဝေါ်များကြသည်။ ထိုအရပ်ဒေသ တစ်ဝိုက်မှာရှိသော ဘုရားအတော်များများမှာ မွန်အမည်ဖြင့် မှည့်ခေါ်ထားသည်ကများသောကြောင့် အလွယ်တကူ ဘုရား ကြီး၊ ဘုရားလေးဟုသာ အခေါ်များကြသည်။

နှစ်ဆောင်ပြိုင်ရွာမှာရှိသော ဘုရားလေးနှင့်ပတ်သက် ပြီး ဇာတ်လမ်းအချို့ရှိခဲ့ဖူးသည်။

ထိုအချိန်က နှစ်ဆောင်ပြိုင်ရွာနှင့် ပတ်သက်သော ကြောင်း ဒေးစွန်ပါနှင့်ပတ်သက်သည့် အကြောင်းများကို သိုက် သမိုင်းရုပ်ရှင်ကားများ ရိုက်ကူးပြသခဲ့ရာ နာမည်ကြီးခဲ့လေသည်။

ဆရာ မနိုင်၊ နှစ်ဆောင်ပြိုင် ဒေးစွမ်သိုက် (ဒေးစွန်





သိုက်. . စသော သိုက်သမိုင်း ဇာတ်ကားများကို ရိုက်ကူးပြသခဲ့ ကြသဖြင့် တစ်ပြည်လုံးက ထိုအရပ်ထိုနေရာများကို ဥစ္စာစောင့် ...သောနေရာ၊ စုန်းကဝေပညာသည်များ၊ သိုက်စောင့်တစ္ဆေ ...ရဲဘီလူးများရှိသော နေရာဟု ထင်မှတ်ခဲ့ကြသည်။

သိုက်ပေါင်းကိုးသိန်းကိုးသောင်းခန့် အရေအတွက်ရှိ ...သည်ဟုလည်း သိုက်စာများက ဖော်ပြကြသည်။ သိုက်ဟုဆိုရာ၌ ...နာသိုက်ကြီးများမှစပြီး ရွှေအိုးငွေအိုး တစ်လုံးစီလောက်သာ ...မြှုပ်နှံထားသော နေရာမျိုးလည်းရှိသည်။

ထိုအရာများကို ‘သိုက်’ဟု ခေါ်ဝေါ်သတ်မှတ်ကြလေ ...ရှိမတော်ကြီးရှိသော မြန်မာပြည်အလယ်ပိုင်းတစ်ခွင်၌ ထိုမျှ ...အရေအတွက်များလှသော သိုက်များရှိနေသည်ဆိုခြင်းမှာ မဖြစ် ...နိုင်စရာတော့ မရှိပါချေ။

ထိုကဲ့သို့သော အကြောင်းအရာများကြောင့် နှစ်ဆောင် ပြိုင်ရွာနှင့် ဘုရားကလေးရှိသော တောင်ကြောနေရာတစ်ဝိုက် ...သိုက်နန်းများရှိနေသည်ဆိုသော အချက်ကိုလည်း ထိုဒေသ ...နေကြသူများက လက်ခံထားကြခြင်းဖြစ်သည်။

နီမောင်တို့လေးယောက်တွင် ကျန်သုံးယောက်က နှစ် ဆောင်ပြိုင်ရွာသို့ တစ်ခေါက်နှစ်ခေါက် ရောက်ဖူးကြသော်လည်း ...မောင်ကတော့ ပထမဦးဆုံးရောက်ဖူးခြင်းဖြစ်သည်။

ရွာထဲဝင်သွားတော့ ရေနံချေးသုတ်ထားသည့် သစ် ...များကိုအသုံးပြုပြီး ဆောက်ထားသော သစ်သားအိမ်များ ...သာ တွေ့ရသောကြောင့် အံ့ဩနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသစ်ပေါသောရပ်ဖြစ်သဖြင့် ကျွန်းသစ်သားမှာ ဖြင့်သာ ဆောက်ထားကြခြင်းဖြစ်သည်။

ရွာထဲရောက်တော့ ပေတလူပြောပြလိုက်သည့်အတိုင်း ဒေါ်ငွေရှုံနှင့်ဒေါ်ငွေမှုံတို့အမည်ကို မေးသွားရာ ရွာအစွန်ဘက် မှာရှိသော နှစ်ဆောင်ပြိုင်အိမ်ကြီး တစ်လုံးရှိရာသို့ ရောက်သွား ကြသည်။

နီမောင်အဖို့ ထိုအိမ်ပုံကိုမြင်ရတော့ အံ့သြရပြန်ေ သည်။ အိမ်ကြီးမှာ ခြေတံရှည်အိမ် အမျိုးအစားဖြစ်သည်။

အောက်တွင် စပါးလှောင်ရန်နေရာနှင့် ကွပ်ပျစ်ကေ များရှိသည်။

အပေါ်မှာ ခေါင်ချင်းဆက်ထားသည့် အိမ်နှစ်လုံး အကာမခြားဘဲ ဆောက်ထားခြင်းဖြစ်၏။

တစ်အိမ်လုံး ကျွန်းသစ်များဖြင့် ဆောက်ထားခြင်း သည်။ ကြီးမားသော ကျွန်းတိုင်များကို အသုံးပြုလျက် တစ်အိ လုံး ရေနံချေးသုတ်ထားသော ပျဉ်ချပ်များကာထားသည်။

အမိုးကတော့ သက်ငယ်ပျစ်မိုးထားလေသည်။

သူတို့ ခြံပေါက်ဝရောက်တော့ ခြံဝန်းအတွင်းမှ ခွေး ကြီးနှစ်ကောင်ပြေးထွက်လာပြီး ပိတ်ထားသောတံခါးနားမှာ လျက် တဂီးဂီး၊ တဂဲဂဲဖြင့် မာန်ဖီနေတော့သည်။ ခွေးနက် များမှာ အင်းခွေးစပ်များဖြစ်ပြီး အကောင်အရွယ်အစားကြီး သည်။

"အိမ်ရှင်တို့. . အိမ်ရှင်တို့. . ."





နီမောင်က အသံကျယ်ကျယ်ဖြင့် အသံပြုလိုက်တော့ အိမ်ကြီးအတွင်းမှ အမျိုးသမီးတစ်ယောက်ထွက်လာသည်။

အနက်ရောင်ရင်စေ့အကျႌ၊ လုံချည်တို့ကို ဝတ်ထားပြီး ဆံပင်ရှည်ကို တစ်ပတ်လျှိုထုံးထားလေသည်။

မျက်နှာပေါ်မှာ သနပ်ခါးကို ဖြစ်သလိုပါးကွက်ကြား လိမ်းထားပြီး ခေါင်းပေါ်မှာလည်း ကြီးမားသော သုံးပန်လှပန်း တစ်ပွင့်ကို ပန်ထားသည်။

"ဟီဟိ. . . သိုက်ဆရာတွေတော့ ရောက်လာပြီ၊ သိုက် စောင့်ကျားတွေနဲ့ တိုက်သတ်ရတော့မယ်"

"ကျွန်တော်တို့ သိုက်ဆရာတွေမဟုတ်ပါဘူး၊ သစ်တော အလုပ်သမားတွေပါ၊ ဒေါ်ငွေရှုံနဲ့ဒေါ်ငွေမှုံတို့များ ရှိပါသလား"

"မရှိဘူး. . . ဥပုသ်ကျောင်းသွားကြတယ်၊ ဘာလုပ်မ လို့လဲ"

"ဟို. . ဟို. . . ဆေးလိုချင်လို့ပါ"

"ဘာဆေးလဲ. . . ဒီအိမ်ကဆေးဆရာအိမ်လည်း မ ဟုတ်ဘူး၊ ဆေးရောင်းတဲ့အိမ်လည်း မဟုတ်ဘူး"

ထိုသို့ပြောသဖြင့် နီမောင်မှာ ဘာဆက်ပြောရမှန်းမသိ တော့ပေ။

အမျိုးသမီးမှာ အသက်နှစ်ဆယ်ကျော် အရွယ်ခန့်သာရှိ သေးပြီး စိတ်ဝေဒနာသည်တစ်ဦး ဖြစ်ဟန်ရှိသည်။

သူမက ခြံထဲမှ မျက်နှာထားတင်းတင်းဖြင့် ပြောနေသ လို ခွေးနှစ်ကောင်ကလည်း မရပ်မနားမာန်ဖီနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေသိပ်မဟန်ဘူး၊ ပြန်ကြတာကောင်းမယ် ထင်တယ်"

စောထီးက တိုးတိုးပြောသည်။

"ဟုတ်တယ်. . သူကြည့်ရတာ စိတ်မနှံ့ဘူးထင်တယ်၊ တော်ကြာ ထအော်လိုက်ရင် ပြဿနာရှုပ်ကုန်လိမ့်မယ်"

ငမဲအောင်ကပါပြောသဖြင့် နီမောင်က ပြန်ပြောလိုက်သည်။

"ဟိုကနေဒီကို တစ်ခေါက်ပြန်ဖို့မလွယ်ဘူး၊ ရောက်တုန်း ခဏလောက်ဖြစ်ဖြစ် စောင့်ကြည့်ကြရင် ကောင်းမယ်ထင်တယ်"

ဟုပြောနေစဉ် သူတို့ရှိရာဘက်သို့ အညိုရောင်အဝတ်အစားများ ဝတ်ထားသော အမျိုးသမီးကြီးနှစ်ဦး လျှောက်လာသည်ကို လှမ်းမြင်ရသည်။

နှစ်ဦးစလုံး ရုပ်ရည်တူပြီး အသက်ငါးဆယ်ကျော်အရွယ် သာသာခန့်သာရှိကြလေသည်။

"ဘာကိစ္စရှိကြလို့လဲ"

"ဒေါ်ငွေရှုံ၊ ဒေါ်ငွေမှုံတို့နဲ့ တွေ့ချင်လို့ပါ"

"ငါတို့ညီအစ်မနှစ်ယောက်ပါပဲ၊ မင်းတို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့က သစ်တောစခန်းက အလုပ်သမားတွေပါ"

ထိုစကားကြောင့် နှစ်ယောက်စလုံး မျက်နှာထားတင်းသွားကြလေသည်။

စူးရှသောမျက်လုံးဖြင့် စိုက်ကြည့်ရာ အသည်းထဲမှာပင် အေးခနဲဖြစ်သွားမိသည်။

"အော်. . . ဟိုတလောက ငါတို့လယ်ကွက်နဲ့စိုက်ခင်းတွေအပေါ်ကို သစ်ပင်လှဲချတဲ့သူတွေလား"

ဟုမေးရာ ခြံဝန်းထဲရပ်နေသည့် မိန်းမပျိုကပါ အသံကျယ်ကျယ်ဖြင့်အော်ပြောလေသည်။

"ဟုတ်တယ်အဘွား. . . ဟုတ်တယ် သူတို့က လူတွေကို လိုက်ပြီးဒုက္ခပေးနေတဲ့သိုက်ဆရာတွေပဲ တစ်ခါတည်းသာ သတ်ပစ်လိုက်ပေတော့ မြန်မြန်သေမှသိုက်ထဲမှာ သိုက်စောင့်တွေ များလာမှာ"

"ဟဲ့. . . မြနှင်းဖြူ ဘာတွေဝင်ပြောနေတာလဲ၊ ဝေးဝေးသွားနေစမ်း"

ဟု တစ်ယောက်က လေသံမာမာဖြင့်ပြောလိုက်တော့မှ အိမ်ကြီးဘက်သို့ ပြန်လှည့်သွားလေသည်။

ထိုအခါမှ ဦးမွန်ထော်က ရှင်းပြသည်။

"ကျုပ်တို့က သစ်တောအလုပ်သမားတွေဆိုပေမယ့် ခင်ဗျားတို့ လယ်ကွက်တွေအပေါ်ကို သစ်ပင်လှဲချတဲ့အလုပ်သမားတွေ မဟုတ်ပါဘူး၊ အခုလာတာလည်း တခြားမဟုတ်ပါဘူး၊ အဲဒီကိစ္စအတွက် တောင်းပန်ချင်လို့လာတာပါ"

"ပြီးခဲ့တာတွေ ပြီးပါစေတော့လေ. . ."

"ခင်ဗျားတို့ လယ်ကွက်တွေအပေါ် သစ်ပင်လှဲချဖို့ကြံတဲ့







www.burmeseclassic.com

www.burmeseclassic.com



လူတွေလည်း ဒုက္ခတွေ့နေကြပါပြီ"

"အဲဒါ. . . ကျုပ်တို့နဲ့မှ မဆိုင်တာ"

"မဆိုင်ပေမယ့် အကူအညီရလိုရငြား လာခဲ့ကြတာပါ"

"ဘယ်လိုအကူအညီမျိုးလဲ"

"ရောဂါသက်သာစေမယ့် ဆေးလေးဘာလေးရရင် လိုချင်လို့ပါ"

"ကျုပ်တို့က ဆေးဆရာတွေမှ မဟုတ်တာ၊ ဘယ်မှာဆေးရှိပါ့မလဲ. . ."

"ဒီလိုဖြင့်လည်း ပြန်ပါဦးမယ်၊ တကယ်လို့ သူတို့တစ်တွေ လွန်ခဲ့တယ်ဆိုရင်တောင်. . ကျုပ်ကပဲ ကြားထဲကဝင်ပြီး တောင်းပန်ခဲ့ပါရစေ. . ."

ဟုပြောပြီး လေးယောက်သား ခြံပေါက်ဝမှ ပြန်လှည့်လာကြလေသည်။

အတော်ဝေးဝေး နေရာရောက်တော့မှ နောက်ဘက်မှ လှမ်းခေါ်သံကြားရသည်။

"ရပ်ဝေးက ရောက်လာပြီးမှတော့ ကွမ်းဆေးလက်ဖက်ကလေးများ သုံးဆောင်သွားကြပါဦးလားရှင်"

ဟု တစ်ယောက်က လှမ်းပြောသည်။

ထိုအခါ စောထီးက တိုးတိုးကပ်ပြောသည်။

"အဘ. . သူတို့ကျွေးတဲ့အစားအသောက်တွေ စားလို့ဖြစ်ပါ့မလား"

"ဘာကြောင့်မဖြစ်ရမှာလဲ"



BURMESE CLASSIC .com



"အဘပဲပြောတာပဲ. . ဒီရွာက စုန်းကဝေပညာရှင်တွေရှိတယ်ဆို. . ."

"ဒါက မုန်းမှလုပ်တာပါကွာ. . . ကိုယ်ကသူတို့ကို ဘာမှလုပ်တာမှမဟုတ်တာ. . . သူတို့ဖိတ်တာကို မသွားဘဲနေမှ မင်းတို့ကို ပြုစားထားလိမ့်မယ်"

ဦးမွန်ထော်က ပြောတော့မှ စောထီးနှင့်ဝမဲအောင်တို့မှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်မှလိုက်လာကြသည်။

သူတို့ ပြန်လှည့်လာတော့ ဒေါ်ငွေရုံတို့က ခြံပေါက်ဝမှ ခွေးနက်ကြီးနှစ်ကောင်ကို မောင်းထုတ်လိုက်သည်။ ထို့နောက်မှာတော့. . နီမောင်တို့လေးယောက်ကို အိမ်ပေါ်ခေါ်သွားပြီး ကွမ်းဆေးလက်ဖက်တို့ဖြင့် ဧည့်ခံလေရာ. . နီမောင်တို့မှာ ကြောက်ကြောက်လန့်လန့်နှင့်ပင် စားသောက်ကြရသည်။

မြနှင်းဖြူဆိုသော အမျိုးသမီးကလည်း မနီးမဝေးမှာ သာထိုင်နေပြီး တခိခိနှင့်ရယ်နေသည်။

စားသောက်ရင်းနှင့်ပင် ဒေါ်ငွေရုံကပြောပြသည်။

"ကျောင်းမှာသီလယူပြီးလို့ ထိုင်နေတုန်း အိမ်ဘက်ကို ဧည့်သည်တွေသွားတယ် သတင်းကြားလို့ ပြန်လာကြတာပါ၊ ကျုပ်တို့က အိမ်ကိုဧည့်သည်လာဆိုလို့ အံ့ဩနေကြတာ"

"ဘယ်လိုကြောင့်လဲဗျ"

"အော်. . ကျုပ်တို့ရွာကို တခြားကဧည့်သည်တွေ လာခဲ့ဘယ်လေ၊ ကျုပ်တို့ညီအစ်မနေတဲ့အိမ်ကိုတော့ ရပ်ဝေးက ဘယ်မိုးဧည့်သည်တွေ မလာကြသလောက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲဗျ"

"ရှင်တို့လည်း သတင်းကြားမှာပေါ့ ဆရာမနိုင်နှစ်ဆိုင် ပြိုင်လို့ နာမည်ကြီးနေတဲ့ ဒီရွာမှာ စုန်းကဝေပညာတတ်တဲ့သူ တွေ အများကြီးရှိတယ်လို့ သတင်းပြန့်နေမှတော့ ဘယ်သူတွေ က လာဝံ့ပါ့မလဲ၊ အခု ရှင်တို့ရောက်လာကြတာကိုလည်း ကျုပ် တို့က အံ့ဩနေကြတာ"

ဦးမွန်ထော်က ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာ ယာစား ရင်းနှင့် ပြန်ပြောလိုက်သည်။

"ခင်ဗျားတို့နဲ့ကျုပ်တို့က ရန်သူတွေလည်းမဟုတ်၊ ရန်ငြိုး ရန်စရှိတဲ့သူတွေလည်းမှ မဟုတ်ကြတာ. . . ဘာများကြောက် စရာရှိသလဲဗျာ. . တကယ်လို့ ခင်ဗျားတို့တစ်တွေက အများထင် သလို ပညာသည်တွေဖြစ်နေရင်တောင်မှ ကျုပ်တို့နဲ့ရန်သူမှ မဟုတ်တာ ဘာမှစိုးရိမ်စရာမရှိပါဘူး"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်. . ."

ဒေါ်ငွေရုံရော ဒေါ်ငွေမှုံပါ သဘောကျစွာဖြင့် ပြုံးရင်း ပြိုင်တူပြောလိုက်ကြသည်။

"ကျုပ်တို့က ဒီအကြောင်းတွေသိလို့ လာကြတာမဟုတ် ပါဘူး၊ စခန်းကလူတွေ ရောဂါရနေလို့ ဆေးလေးဘာလေးရမ လားလို့ လာကြတာပါ"

"ကျုပ်တို့က ဆေးကုနေတဲ့လူတွေတော့ မဟုတ်ပါဘူး ဒါပေမယ့် ဆေးတော့ပေးလိုက်ပါ့မယ်. . . ဒါကလည်း သူတို့ကို သနားလို့မဟုတ်ပါဘူး. . . ရှင်တို့တစ်တွေ ပင်ပင်ပန်းပန်းနဲ့လာ





ကြလို့ အားနာပြီးပေးလိုက်တာပါ"

ဟုပြောပြီး အိမ်တွင်းတစ်နေရာသို့ ထသွားလေသည်။

ထိုအခါ မြနှင်းဖြူက ပြောသည်။

"လက်ဖက်တွေစားကြလေ၊ ဘာလဲ ပြုစားမှာကြောက် လို့ မစားကြတာလား"

"မကြောက်ပါဘူး. . ပြုစားမယ်ဆိုတော့ နင်က ပြုစား တတ်တဲ့ပညာ တတ်လို့လား"

နီမောင်က ပြန်မေးလိုက်သည်။

"တတ်တာပေါ့ ငါက သိုက်နန်းရှင်ဘဝကလာတဲ့သူပဲ ပြုစားတတ်တာတွေ အကုန်လုပ်နိုင်တယ်၊ ချစ်တဲ့သူကိုလည်း ရအောင်ယူနိုင်တယ်၊ မုန်းတဲ့သူဆိုရင်လည်း တစ်ခါတည်း သေ အောင်သတ်နိုင်တယ်"

"တယ်လည်းကြောက်စရာကောင်းပါလား"

ဟုပြောကာ အားလုံးကရယ်နေကြသည်။

"ဒါထက်. . . နင့်နာမည် ဘယ်သူလဲဟင်"

"ငါ့နာမည်က နီမောင်လို့ခေါ်ပါတယ်"

"နီမောင်. . . နီမောင်. . . အင်း. . . ဒီနာမည်ကို ငါ့ စိတ်ထဲမှာသိနေသလိုပဲ"

ဟုပြောရင်း တစ်စုံတစ်ခုကို စဉ်းစားနေသည်။

ထိုအချိန်မှာပင် ဒေါ်ငွေရုံပြန်ရောက်လာပြီး ပုလင်း တစ်လုံးဖြင့် ထည့်ထားသော ဆေးအချို့ကို ပေးသည်။

"ရောဂါဖြစ်နေတဲ့လူတွေကို ဒီဆေးနည်းနည်းစီတိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရင် သက်သာသွားနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထိုသို့ပြောရင်း နေရာမှ ထကြလေသည်။

နီမောင်စိတ်ထဲမှာ တစ်ခုခုဖြစ်မလားဟု ထင်မိသော်လည်း ဘာမှတော့ မထူးခြားပေ။

သူတို့ ပြန်ကာနီးတော့ မြနှင်းဖြူက မှာသည်။

"နင်အလုပ်အားရင် ငါ့ဆီကိုလာလည်ဦးနော် နီမောင်"

ဟုပြောသဖြင့် နီမောင်က အလွယ်တကူပင် ခေါင်းညိတ်ပြလိုက်သည်။

BURMESE CLASSIC .com

"နင်လာမယ် ကတိပေးသွားပြီးမှ မလာရင် ငါသိုက်စောင့်သရဲတွေ လွှတ်လိုက်မယ်"

ဟုထပ်ပြောရာ နံဘေးမှ စောထီးနှင့်ငမဲအောင်တို့ပင် လန့်သွားကြသည်။ လမ်းရောက်တော့ စောထီးကပြောသည်။

"မင်းက ဘာဖြစ်လို့ ကတိပေးခဲ့တာလဲ. . . တော်ကြာသရဲတွေ တကယ်လွှတ်လိုက်ရင် မခက်ဘူးလား"

"မလွှတ်ပါဘူးကွာ၊ သူ့ခမျာစိတ်မနှံ့လို့ ပြောချင်တာပြောတာပါ"

ထိုအခါ ဦးမွန်ထော်က ဝင်ပြောသည်။

"မင်းတို့က အဲဒီမိန်းကလေးကို စိတ်မနှံ့ဘူးလို့ ထင်နေကြတာလား"

"သူတို့ပြောလို့ သိရတာပဲ. . . မဟုတ်ဘူးလား အဘရဲ့"





"ငါကတော့ ဒီလိုမထင်ဘူး၊ အကြောင်းတစ်ခုခုကြောင့် ...သို့ပုံစံမျိုးနဲ့ နေတာလို့ထင်တာပဲ"

"ကျွန်တော်တို့ ကြားဖူးတာကတော့၊ သိုက်ကလာတဲ့သူ ...ဟာ သူတို့သိုက်အကြောင်းပြောမိမှာစိုးလို့ အခုလိုပဲ စိတ်မနှံ့ ...ဘဝမျိုးနဲ့နေကြရတယ်လို့ ကြားဖူးတယ်၊ သူလည်းဒီလိုပဲ ...မှာပေါ့"

ဟု ငမဲအောင်က ဝင်ပြောသည်။

"အဘပြောသလို သူက သိုက်စောင့်မဟုတ်ရင်တော့ ...ာဝေပညာတတ်တဲ့သူပဲ ဖြစ်ရမယ်၊ သူ့အဒေါ် နှစ်ယောက် ...ဏှာန်ကြည့်ရတာလည်းတစ်မျိုးပဲ"

"မင်းအရမ်းပြောမနေနဲ့ သူတို့က ပညာသည်တွေဆိုရင် ...ယ်နေရာမှာပဲပြောပြောကြားနိုင်တယ်၊ တော်ကြာ လင်းတကြီး ...ာင်ဆောင်ပြီး နောက်ကလိုက်လိမ့်မယ်"

ဟုပြောလိုက်ရာ နှစ်ယောက်စလုံး ဇက်ပုသွားကြသည်။

...ယောက်သား စကားတပြောပြောနှင့်လျှောက်လာရာ တော ...စ်နေရာရောက်သောအခါ သစ်ပင်များမှ ငှက်ကြီးနှစ် ...ောင် ထပျံသွားသည်ကို မြင်လိုက်ရသည်။

"ဖြန်း. . . ဖြန်း. . . ဖြန်း. . ."

"အောင်မလေးဗျ. . လင်းတကြီးတွေ လိုက်လာပြီ ထင်

ငမဲအောင်က ကြောက်လန့်တကြား အော်လိုက်လေ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ. . . တောထဲမှာ အလုပ်လုပ်နေ
ကြောက်တတ်လိုက်တာ လင်းတကြီးတွေ မဟုတ်ပါဘူး၊ အော
ချင်းငှက်ကြီးနှစ်ကောင် ထပျံသွားတာ ငါမြင်လိုက်ပါတယ်"

နီမောင်က ပြောတော့မှ ရယ်လိုက်ကြသည်။

စခန်းသို့ပြန်ရောက်သောအခါ ဒေါ်ငွေရုံတို့ပေးလို
သောဆေးကို စိန်ဘန်းတို့အဖွဲ့အား ဝေမျှတိုက်ပေးလိုက်သ

၎င်းတို့မှာ ယခုအချိန်ထိရောဂါမပျောက်သေးဘဲ အ
ဟစ်ကာ လူးလိမ့်နေကြသည်။

ဆေးတိုက်လိုက်ပြီး အတန်ကြာသောအခါ အစာ
ပြန်အန်ကြလေသည်။

သူတို့ပြန်အန်ချလိုက်သည်မှာ အမွေးများရှိနေ
အသားတုံးများပင်ဖြစ်သည်။

သွေးညှီသွေးပုပ်များ အသားတုံးများ ပြန်အန်
တော့မှ ဗိုက်အောင့်နေသည့်ဝေဒနာများ သက်သာသွားကြ
သည်။

ခြောက်ယောက်စလုံးမှာလည်း ရောဂါသက်သာသွ
အသက်မသေကြသော်လည်း မြော့မြော့သာကျန်ခဲ့လေ
သည်။







# အခန်း(၉)

# ကျားဖြူရုပ်နှင့် ဆန်းကြယ်သော အဖြစ်အပျက်

အကြောင်းတိုက်ဆိုင်မှုဆိုသည်မှာ. . အကျိုးနှင့်အကြောင်း ဆက်စပ်မှုများမှ ဖြစ်ပေါ်လာခြင်းမျိုးပင်ဖြစ်၏။

ယခု နီမောင်နှင့်မြနှင်းဖြူတို့နှစ်ယောက် ဆုံတွေ့ရပုံမှာ အကြောင်းတိုက်ဆိုင်မှုတစ်ခုပင် ဆိုရမည်သော်လည်း အခြားမြင်ရသော၊ မမြင်နိုင်သော အကြောင်းဆက်များလည်း ရှိနေပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



လယ်ကွက်များနှင့် နီးသောသစ်တောများကို မလုပ်ဝံ့ကြတော့ပေ။

စိန်ဘန်းတို့ ခံလိုက်ရသောအဖြစ်အပျက်များက သစ်တောစခန်းတစ်ခုလုံး ပြန့်နှံ့ကာ အားလုံးသိနေကြသောကြောင့် ကြောက်လန့်နေကြသည်။

ထိုဘက်မှာရှိသော သစ်ကွက်များကို ဘယ်သူမှမလုပ်ဝံ့ကြတော့ပေ။

ထို့ကြောင့် သစ်ကွက်တာဝန်ခံထွန်းကျော် ရောက်လာပြီး ဦးမွန်ထော်ကိုပင် အကူအညီတောင်းရပြန်လေသည်။

"ဒီအလုပ်သမားတွေကတော့ အတော်လေးခက်တယ်။ သူတို့ မလုပ်ဝံ့လို့ ဒီသစ်ပင်တွေက ဒီအတိုင်းချန်ထားလို့ရခဲ့တာ မဟုတ်တာ. . . တော်ကြာ ကုမ္ပဏီက လူကြီးတွေသိသွားရင် ကျွန်တော်ပါ အလုပ်ဖြုတ်ခံရမှာသေခြာတယ်"

ဦးမွန်ထော်က ခေါင်းညိတ်ပြလိုက်သည်။

"ဒီစခန်းတစ်ခုလုံးမှာလည်း အကြောင်းဖြစ်လာရင် အဘတို့ကိုပဲ အားကိုးရတာဆိုတော့ ဒီတစ်ခါလည်းအကူအညီပေးပါဦး"

"ကျုပ်ကို အဲဒီနေရာက သစ်ကွက်တွေကို တာဝန်ပေးချင်တာမဟုတ်လား"

"ဟုတ်ပါတယ်. . အဘပဲ ကြိုက်တဲ့လူတွေခေါ်သွားပြီး အဲဒီနေရာတွေမှာ လုပ်ပေးပါဦး"

ဟုလာပြောသဖြင့် ဦးမွန်ထော်က တာဝန်ယူလိုက်





လေသည်။ သူတာဝန်ယူပြီဆိုတော့လည်း သူ့စိတ်ကြိုက်လူများကိုရွေးသောအခါ အခြားအလုပ်သမားများအပြင် နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ကတော့ မဖြစ်မနေပါလာကြလေသည်။

သူတို့တာဝန်ယူရသော သစ်ကွက်မှာ ဒေါ်ငွေရှုံ၊ ဒေါ်ငွေမှုံတို့ ညီအစ်မပိုင်သော လယ်ကွက်များ၏ အစပ်၌ရှိသည်။

တောင်စောင်းပေါ်မှာ သစ်တောများရှိပြီး တောင်ခြေမြေပြန့်မှာတော့ စပါးစိုက်သောလယ်ကွက်များနှင့် အသီးအနှံစိုက်ခင်းများရှိသည်။

ထိုလယ်ကွက်နှင့် စိုက်ခင်းများကိုတော့ ပေတလူက တာဝန်ယူလုပ်ပေးနေပြီး အလုပ်သမားအချို့တော့ ရှိသည်။

သို့သော် ကြည့်လိုက်လျှင်တော့ ထိုနေရာတစ်ဝိုက်မှာ ပေတလူတစ်ယောက်တည်း အလုပ်လုပ်နေသည်ကိုသာ မြင်တွေ့ရတာများသည်။

သူနေသောတဲရှိရာသို့ ဒေါ်ငွေရှုံတို့ ညီအစ်မသော်လည်းကောင်း၊ မြနှင်းဖြူသော်လည်းကောင်း မကြာခဏ လာရောက်လေ့ရှိသည်။

ပေတလူအတွက် အစားအသောက်များ ပို့လျှင်သော်လည်းကောင်း ဆန်စပါးနှင့် ခြံထွက် အသီးအနှံများ ယူလိုလျှင်သော်လည်းကောင်း တစ်လှည့်စီလာရောက်ကြသည်။

နီမောင်တို့မှာ တောင်စောင်းဘက်မှာရှိနေသော သစ်ပင်များကို လှဲချရသည့်အခါများစွာ ဂရုစိုက်ကြရသည့် အထူး



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် လယ်ကွက်များ၊ သီးနှံစိုက်ခင်းများပေါ်သို့ ယိုင်နေသည့် သစ်ပင်ကြီးများကို လှဲချသည့်အခါ ပိုပြီး သတိထားကြရသည်။

တစ်နေ့တော့ တောင်စောင်းအစပ်မှာ ထီးထီးကြီးရှိနေသော ကျွန်းပင်ကြီးကို လှဲဖြတ်ရန် ခွဲတမ်းကျလာသည်။ ကျွန်းပင်ကြီးမှာ သင်းသတ်သားပြီးသားဖြစ်သည်၊

"သစ်ပင်ကြီးကစိုက်ခင်းတွေဘက် အတော်ကလေး ယိုင်နေတယ်၊ အောက်ခြေကို တိုက်ဖြတ်တာနဲ့ ချက်ချင်းလဲကျမှာပဲ ဘယ်လိုလုပ်မလဲ အဘ"

"စိုက်ခင်းတွေအပေါ်ကျလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး၊ တဲစောင့်ပေတလူနဲ့တွေ့ပြီး အကူအညီ တောင်းကြည့်ရမှာပဲ"

ဟု ပြောပြီး ဦးမွန်ထော်က နီမောင်နှင့်အတူ တဲရှိရာဘက်သို့သွားသည်။

တဲရောက်တော့ ပေတလူက အိပ်ပျော်နေသဖြင့် နှိုးပြီး အကျိုးအကြောင်းပြောပြရသည်။

ပေတလူက အိပ်ချင်မူးတူးဖြင့် နားထောင်နေပြီး . .

"ခင်ဗျားတို့ မလှဲနိုင်ရင် ညနေပြန်တော့သစ်ပင်နားမှာ လွှတစ်လက်နဲ့ တခြားပစ္စည်းတွေ စုပုံထားခဲ့၊ ညကျတော့ ကျုပ် လူတွေနဲ့ လှဲထားပေးမယ်"

ဟု ပြောရာ များစွာ ဝမ်းသာသွားသည်။

"ဒါပေမယ့် ဒီအတိုင်းတော့ မရဘူးနော် သစ်ပင်လှဲခ ခတော့ ပေးရလိမ့်မယ်"





"ဘယ်လိုပေးရမလဲ"

"နောက်တစ်နေ့လာရင် ကျုပ်အတွက် ဆေးပြင်းလိပ် တစ်ထုပ်နဲ့ အမဲသားတစ်ပိဿာလောက်ချက်ယူလာခဲ့"

ဟုမှာရာ ယူလာခဲ့မည်ဖြစ်ကြောင်း ကတိပေးပြီး ပြန်ခဲ့ကြသည်။

ထိုနေ့က တစ်နေ့လုံး အခြားသစ်ပင်များကိုသာလှဲပြီး ထိုကျွန်းပင်ကြီးကိုတော့ မလှဲပဲ ချန်ထားကြသည်၊

ညနေစောင်း၍ စခန်းပြန်ကာနီးတော့မှ ကျွန်းပင် အောက်တွင် လွှ၊ ဓား၊ ကပ်ပါး၊ သံသတ်စသည်တို့ကို ပုံပေးထားပြီး ပြန်ခဲ့ကြသည်။

ထိုနေရာမှာ သူတို့စခန်းချနေသည့် နေရာနှင့် မဝေးလှပါ။ ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ ထိုနေရာဘက်မှ သံသတ်ထုသံများကို ကြားရသည်၊

ညအချိန်တိတ်ဆိတ်နေသဖြင့် သံသတ်ထုသံများကို အတိုင်းသားကြားရလေသည်။

အတန်ကြာတော့ ထိုနေရာဘက်မှ သစ်ပင်ကြီးတစ်ပင် လဲကျသံကို အားလုံးကြားလိုက်ရလေသည်။

နီမောင်မှာ မအိပ်သေးပဲ နားစွင့်နေသောကြောင့် သစ်ပင်လဲကျသံကြားသောအခါ များစွာ အံ့ဩသွားလေတော့သည်၊

"အင်းလောကမှာ ငါတို့တွေ မသိနိုင်တဲ့ လျှို့ဝှက်ချက်တွေ အများကြီးရှိနေပါလား"

ဟုလည်း ရေရွတ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်ပိုင်းရောက်တော့ ဦးမွန်ထော်က အမဲသားတစ်ပိဿာချက်နှင့် လေယာဉ်ပျံတံဆိပ် ဆေးပြင်းလိပ် တစ်ထုပ်ကိုပါယူဆောင်ပြီး သွားကြလေသည်၊ ကျွန်းပင်ကြီး သောနေရာရောက်တော့. . . လယ်ကွက်များဘက်မရောက် တောင်စောင်းတစ်နေရာမှာ အလျားလိုက်လဲကျနေသည့် ကျွန်းပင်ကြီးကို တွေ့ကြရသည်။

"ဟင်. . ဒီသစ်ပင်ကြီးကို ဘယ်သူလှဲပေးထားတာ အဘ"

စောထီးနှင့် ဝမဲအောင်တို့က အကြောင်းစုံမသိသေး သဖြင့် တအံ့တသြဖြင့် မေးကြသည်။

"နောက်တော့ သိရမှာပေါ့ကွာ"

ဟုပြောပြီး ဦးမွန်ထော်က အခြားအလုပ်သမားများ လဲကျနေသည့် ကျွန်းပင်ကြီးအား ရှင်းလင်းပိုင်းဖြတ်ထား မှာကြားပြီးနောက် နီမောင်တို့ သုံးယောက်ကိုပါ ခေါ်ကာ တော ခြေသို့ ဆင်းသွားလေသည်။

တဲရောက်တော့. . တခေါခေါနှင့် အိပ်ပျော်နေသည့် ပေတလူကို နှိုးပြီး ဆေးပြင်လိပ်ထုပ်နှင့် အမဲသားဟင်းတို့ ပေးသည်။

"အခုလိုသစ်ပင်လှဲပေးတာ ကျေးဇူးတင်ပါတယ်"

"ကျုပ်ကလည်း အခုလိုစားသောက်စရာတွေ ယူ ပေးလို့ ကျေးဇူးတင်ရမှာပဲ"

ဟုပြောရင်း အမဲသားဟင်းတစ်ဖက်ကို လက်ဖြင့်နှိုက်





စားလေသည်။

"ကျုပ်တို့ကတောထဲတောင်ထဲမှာ အလုပ်လုပ်နေကြရ တာဆိုတော့ နောက်ထပ်အကူအညီလိုရင်လည်း ပေးပါဦး"

ဟုပြောသောအခါ ခေါင်းညိတ်ပြသည်။

ထို့နောက်မှာတော့ တောင်ကြောပေါ်ပြန်တက်လာပြီး မိမိတို့အလုပ်များကို ဆက်လုပ်ကြလေတော့သည်။

ထိုအခြေအနေကို တွေ့ရတော့မှ. . စောထီးနှင့် ဝမဲ အောင်တို့လည်း ဦးမွန်ထော် တောထဲသို့ အမဲသားဟင်းနှင့် ဆေးပြင်းလိပ်ထုပ် တကူးတက ယူဆောင်လာသည်ကို သဘော ပေါက်သွားကြလေတော့သည်။

တစ်နေ့သ၌ နေ့လယ်ပိုင်းအချိန်တွင် အလုပ်သမားများ နားကြပြီး ထမင်းစားရန် ပြင်ဆင်နေကြသည်။ နီမောင်ကတော့ ဘူးအတွင်းမှာ ရေကုန်နေသောကြောင့် ရေရှာရန် တစ်ယောက် တည်းထွက်လာခဲ့သည်။

ရေရနိုင်သောနေရာမှာ လျှိုထဲရောက်အောင်ဆင်းရ မည်ဖြစ်သောကြောင့် တစ်ယောက်တည်း ဆင်းလာလေသည်။

သူ့မှာ ရေဘူးတစ်လုံးနှင့် ဓားတစ်လက်သာပါသည်။ နွေရာသီဖြစ်သဖြင့် ရေခမ်းနေချိန်ဖြစ်ရာ အောက်ခြေသို့ အ ရောက်ရောက်အောင်ဆင်းမှသာ ရေရနိုင်တော့သည်။

လျှိုထဲရောက်တော့ စမ်းချောင်းငယ်တစ်ခုကို တွေ့ရ သောကြောင့် ကိုယ်လက်သန့်စင်ပြီး ရေဘူးအတွင်းသို့ ရေခပ် နေစဉ် အနောက်ဘက်မှ တောတိုးလာသံကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်တော့ သစ်ပင်များကြားမှ ဖြတ်ပြေးသွားသော အဝါကျားကိုတွေ့လိုက်ရသည်။

"ဟင်"

နီမောင်က ချထားသော ဓားကိုကောက်ကိုင်လိုက်ပြီး နေရာမှထသည်။ ရေဘူးကို ပခုံးမှာလွယ်ရင်း အခြေအနေကြည့်တော့ နောက်ထပ်ထူးခြားမှု မတွေ့ရပေ။ သို့ကြောင့် တောင်ကြားလမ်းအတိုင်း အပေါ်သို့ ခပ်သုတ်သုတ် ပြန်တက်လာသည်။ ဘေးတဖက်တချက်တွင် တောင်နံရံများရှိနေသောကြောင့်.. အန္တရာယ်ကအပေါ်မှ စောင့်ပြီးတိုက်ခိုက်ပါက အန္တရာယ်များသောနေရာမျိုးလည်းဖြစ်သည်။

ခြေလှမ်းသွက်သွက်ဖြင့် အပေါ်သို့ပြန်တက်လာစဉ် အပေါ်နားရောက်တော့မှ လမ်းပေါက်ဝမှကြိုစောင့်နေသော တောကောင်ကြီး၏ ဦးခေါင်းပိုင်းကို တွေ့ရတော့သည်။

သူရောက်နေသောနေရာနှင့် တောကောင်ကြီးစောင့်နေသည့်နေရာမှာ မဝေးလှပေ။

သူတက်လာလျှင် အပေါ်မှခုန်အုပ်ရန် အဆင်သင့် အနေအထားနှင့် စောင့်နေခြင်းဖြစ်သည်။

ယခုမှ.. ရှေ့တိုးမရ နောက်ဆုတ်မရဖြစ်သွားတော့သည်။ တောင်ကြားလမ်းအတွင်း ရောက်နေသောကြောင့် အခြားနေရာကိုလည်း ရှောင်ပြေး၍မရပေ။ ထိုအခိုက်မှာပင် တောကောင်ကြီးကအပေါ်မှ ခုန်အုပ်ရန် ဟန်ပြင်လိုက်သည်။

နီမောင်ကလည်း ထွက်ပေါက်မရှိသော အခြေအနေ





ဓားကိုလက်နှစ်ဖက်ဖြင့် ကိုင်ကာ စောင့်နေလေသည်။ ထိုအခြေအနေမှာပင် တောကောင်ကြီးက ကျယ်လှသော ပါးစပ်ကိုဖြဲလျက် မာန်ဖီကာ နောက်ဘက်သို့ ပြန်လှည့်သွားသည်ကို မြင်လိုက်ရသည်။

နီမောင်က တအံ့တသြဖြစ်သွားသည်။ အရွယ်အစားကြီးမားလှသော ရိုးမကျားကြီးများမှာ သားကောင်နှင့်တွေ့ပါက အလွတ်ပေးရိုးထုံးစံမရှိပဲ သူသေကိုယ်သေ တိုက်ခိုက်လေ့ရှိကြသည်။ ယခုအဘယ်ကြောင့် ရှောင်သွားသလဲမသိရပေ။ သို့သော် စိတ်ချရသောအနေအထားတော့ မဟုတ်ပေ..။ တစ်နေရာမှ စောင့်နေပြီး မမျှော်လင့်တော့မှ ဘွားခနဲပေါ်လာချင်ပေါ်လာ စိုးရသည်။

ထို့ကြောင့်.. လျှိုလမ်းအတွင်းမှ ကပျာကယာ အပေါ်တက်လာလေသည်။

အပေါ်ရောက်တော့လည်း ကျားတစ်ကောင်ကြောင်မျှမှ မမြင်ရပေ။ ထိုအခိုက်မှာပင် မနီးမဝေးမှ ခြေသံကြားရပြီး လူတစ်ယောက်ထွက်လာသည်။ စိတ်မနှံ့ရှာသော မြနှင်းဖြူပင်ဖြစ်သည်။ မမျှော်လင့်ပဲ သူမကိုတွေ့တော့ နည်းနည်းတော့ အံ့သြသွားသည်။

မြနှင်းဖြူက သစ်သားဖြင့်ပြုလုပ်ထားသည့် ကျားရုပ်တစ်ရုပ်ကို ကြိုးဖြင့်ချည်ကာ လက်မှဆွဲလျက် လျှောက်လာလေသည်။

"ငါ့ရဲ့စီးတော်ကျားနဲ့တိုက်တာ တော်တော်ကြောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသလား သိုက်ဆရာ"

သူမကရယ်ရယ်မောမောပြောသော်လည်း နီမောင်က ငြင်းလိုက်သည်။

"ငါက သိုက်ဆရာမဟုတ်ပါဘူး"

"အလကား စတာပါ၊ နင် သိုက်ဆရာမဟုတ်မှန်း ငါသိပါတယ်"

"နင်တောထဲကို တစ်ယောက်တည်း ဘာလာလုပ်တာလဲဟင်"

"တစ်ယောက်တည်းလာတာမှမဟုတ်တာ အဖော်ပါတယ်လေ ဒီမှာမတွေ့ဘူးလား"

ဟုပြောကာ သူမဆွဲလာသော ကျားရုပ်ကလေးကို မြှောက်ပြလေသည်။

"စောစောက ကျားကြီးတစ်ကောင်တွေ့လိုက်တယ်. . အဲ့ဒါ နင့်ရဲ့စီးတော်ကျားလား"

"ဟုတ်တယ် နင်မို့လို့ ပြန်ခေါ်ထားလိုက်တာ. . ငါ့ကို အန္တရာယ်ပေးတဲ့သူဆိုရင်တော့ တစ်ခါတည်း ကိုက်သတ်ပစ်လိုက်မှာပေါ့"

ဟုပြောသည်။

သူမအနေဖြင့် စိတ်မနှံ့သောကြောင့် ပြောချင်ရာပြောနေတာလား၊ ဒါမှမဟုတ် အမှန်ပြောနေသည်လားတော့ မသိပေ။ နီမောင်က ရေဘူးကိုဆွဲပြီး လျှောက်လာတော့ မြနှင်းဖြူ ပါ နောက်ကလိုက်လာသည်။





"ငါကလယ်ထဲမှာနေတဲ့ ဦးကြီးပေတလူဆီကို မကြာခဏလာတယ်၊ ဟင်းရွက်ဟင်းသီးလိုချင်လို့ပဲဖြစ်ဖြစ်၊ သူ့အတွက်လိုတာပဲဖြစ်ဖြစ် လာပို့ပေးရတယ်လေ"

"သူက ငါတို့အတွက် အကူအညီရပါတယ်"

"ဟင်. . ဘယ်လို အကူအညီရတာလဲ"

နီမောင်က ကျွန်းပင်ကြီးကူလှဲပေးသည့်အကြောင်း ပြောပြလိုက်တော့ အံ့သြနေသည်။

"သူက ဘယ်သူနဲ့မှ အရောတဝင်နေလေ့မရှိဘူး၊ နင်တို့ကို အကူအညီပေးတာဖြစ်မယ်၊ ဒါထက် နင်နာမည်ဘယ်သူလဲဟင်. . ထပ်ပြောပါဦး"

"နီမောင်လို့ခေါ်တယ် ငါတို့က ဒီဘက်ကိုရောက်လာတာ မကြာသေးဘူး မဟာမြိုင်ရွာမှာနေတယ်၊ နင့်နာမည်ကရော ဘယ်သူလဲ"

"မြနှင်းဖြူလို့ခေါ်တယ်၊ ဒါထက်နင့်မှာ မိသားစုတွေ ရှိသလား"

"ရှိတာပေါ့. . အဖေ၊ အမေနဲ့ ညီမလေးတစ်ယောက်ရှိတယ်"

"ငါကတော့ မိဘတွေ မရှိတော့လို့ အဒေါ်နှစ်ယောက်နဲ့ပဲနေရတယ်"

ထိုသို့ပြောဆိုနေစဉ်မှာ မြနှင်းဖြူ၏အသံမှာ ပုံမှန်ဖြစ်နေသည်ကို သတိပြုမိလေသည်။

မြနှင်းဖြူမှာ စိတ်မနှံ့သူပင်ဖြစ်သော်လည်း ရုပ်ရည်



www.burmeseclassic.com

www.burmeseclassic.com



ချောမောလှပသူဖြစ်သည်။

အသားဖြူဖြူ၊ ကိုယ်လုံးကိုယ်ထည် အချိုးကျပြီး မျက်နှာကချောမောသူဖြစ်သည်။ ဖျဉ်ကြမ်းထည်များကို ဝတ်ပြီး သနပ်ခါးကို ပါးကွက်ကျားလိမ်းထားသော်လည်း ပင်ကိုယ်အလှ ပေါ်လွင်လျက်ရှိသည်။

"ငါတော့ မြင်မြင်ချင်း နင်ကိုခင်မိသလိုပဲ နင်ရော ငါ့ကို မခင်ဘူးလားဟင်"

"ခင်. . ခင်ပါတယ်"

"ခင်ရင် အားတဲ့အခါ ငါ့ဆီလာလည်ပါလားဟင်"

"ငါကြောက်တယ်"

"ဘယ်သူ့ကိုကြောက်တာလဲ"

"နင်တို့ခြံထဲက ခွေးနက်ကြီးနှစ်ကောင်ကို ကြောက်တာ"

"သူတို့က မိတ်ဆွေအဖြစ်လာရင် ရန်မမူပါဘူး"

"ငါအလုပ်အားရင် လာခဲ့ပါမယ်၊ ဒါထက် နင်က သိုက်နန်းထဲကလာတဲ့ သိုက်နန်းရှင်ဆိုတာ တကယ်ပဲလား"

"တကယ်ပေါ့ ဘာလဲ နင်ကမယုံလို့လား၊ မယုံရင် ငါ သိုက်ထဲခေါ်သွားမယ် လိုက်ကြည့်မလား"

"သိုက်နာမည်ကဘာလဲဟင်"

"ကျားဖြူသိုက်လို့ခေါ်တယ်"

"ဘယ်နေရာမှာရှိတာလဲ"

"ပြောလို့တော့မဖြစ်ဘူး၊ နင်လိုက်ဝံ့ရင်တော့ ခေါ်ပြမယ်"





"မလိုက်ဝံ့ပါဘူး. . တော်ကြာ ပြန်မလွှတ်ပဲထားတော့ မခက်ပေဘူးလား"

"အဲ့ဒီတော့လည်း ငါတို့နဲ့အတူတူနေပေါ့"

နီမောင်က ဘာမှမပြောပဲ ရယ်ရင်း လျှောက်သွားရာ မြနှင်းဖြူကလည်း နောက်ကလိုက်လာလေသည်။ စခန်းနှင့် နီးသောနေရာရောက်သောအခါ မြနှင်းဖြူက တဲရှိသောဘက်သို့ ဆင်းသွားရန်ပြင်သည်။

"နင်ကတိပေးထားပြီးတော့ ငါ့ဆီကို မလာပဲ မနေနဲ့နော်. . မလာရင်တော့ သိုက်စောင့်ကျားလွှတ်လိုက်မယ်"

ဟုပြောကာ. . . ကျားရုပ်ကလေးကို ကြိုးဖြင့်ဆွဲကာ ဆောင်ခြေဘက်သို့ ဆင်းသွားလေသည်။ သစ်ပင်များ ကွယ်သွားသည်နှင့် ကြောက်မက်ဖွယ်ကောင်းသော ကျားဟိန်းသံကြီးကို ကြားလိုက်ရသည်။ မြနှင်းဖြူပြောသွားတာတွေဟာ တကယ်ပဲလား၊ ဒါမှမဟုတ် ယခုကြားလိုက်ရသော ကျားဟိန်းသံမှာ တိုက်ဆိုင်မှုလားတော့ မသိနိုင်တော့ပါချေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

# ရွှေစေတီမှ ဆုတောင်းပြည့် ဆေးလုံးများ

နောက်ပိုင်းရက်များမှာ မြနှင်းဖြူနှင့် ထပ်မတွေ့ရတော့ ...်လည်း သူမကို မကြာခဏ သတိရနေမိသည်။ တောထဲမှာ ...လုပ်လုပ်နေရင်းနှင့် မြနှင်းဖြူနှင့် ထပ်တွေ့ရလေဦးမလားဟု ...်ထဲမှ မျှော်လင့်နေမိလေသည်။

အခြားအသံတစ်ခုခုကြားလိုက်လျှင်ပင် မြနှင်းဖြူခြေသံ ...လားဟု စိတ်ထဲမှ ထင်နေမိသည်။ ထိုအခြေအနေမို့ စော



www.burmeseclassic.com

www.burmeseclassic.com



ထီးနှင့် ငမဲအောင်တို့က ရိပ်မိသဖြင့် မေးသည်။

"နီမောင် မင်းဘယ်သူ့ကိုမျှော်နေတာလဲ"

"မမျှော်ပါဘူးကွ"

"မမျှော်ဘူးသာဆိုတယ် အသံတစ်ခုခုကြားတာနဲ့ လှည့်ကြည့်နေတော့တာပဲ"

"တောထဲမှာ အလုပ်လုပ်နေတာ ဒီလိုပဲ သတိထား[illegible] မှာပေါ့ကွ"

"မဟုတ်ပါဘူး၊ မင်းဘယ်သူ့ကို မျှော်နေတယ်ဆို[illegible] ငါတို့ရိပ်မိပါတယ်၊ မင်း နှစ်ဆောင်မြိုင်က မြနှင်းဖြူဆိုတဲ့ ကော[illegible] မလေးကို စွဲလမ်းနေပြီမဟုတ်လား"

"မဟုတ်ပါဘူး"

"ပါးစပ်ကသာမဟုတ်ဘူး ငြင်းနေတယ်၊ လူကတော့ ဂနာမငြိမ်ဖြစ်နေတယ် မဟုတ်လား၊ လူတစ်ယောက်ဟာ စွဲလမ်း[illegible] မှုတစ်ခုရှိနေပြီဆိုရင် ဘယ်လိုဖုံးကွယ်လို့မှ မရတော့ဘူး၊ ဂနာ မငြိမ်ဖြစ်နေတော့တာပဲ"

ငမဲအောင်က အတွေ့အကြုံရင့်ကျက်နေသူ လေသံ[illegible] ဖြင့်ပြောသည်။

ထိုအခါ နီမောင်က ဘာမှ ပြန်မပြောတော့ပဲ သက်ပြင်း တစ်ချက်ချလိုက်သည်။

"ဒီမှာ မင်းကို ငါတို့နှစ်ယောက်က ညီအစ်ကိုလို ခင်[illegible] လို့ သတိပေးနေတာ၊ မင်းကအခုမှ ဒီနေရာကို ရောက်လာ[illegible] ငါတို့က ဒီမှာမွေး၊ ဒီမှာကြီးခဲ့တဲ့သူတွေဆိုတော့. . ဒီနေရာ[illegible]





ကြောင်းကို မင်းထက်တော့ ပိုသိကြပါတယ်"

"ဟုတ်တယ် နီမောင်ရ ငါတို့နှစ်ယောက်ကမင်းကို ဒုက္ခရောက်မှာစိုးလို့ ဝင်ပြောနေကြတာ နှစ်ဆောင်မြိုင်ဆိုရင် ဒီနယ်တကြောမှာ မသိတဲ့သူမရှိဘူး၊ တစ်ရွာလုံး စုန်းပညာတတ်တဲ့သူတွေချည်းပဲ၊ မတတ်ဘူးဆိုတာတောင် လူတစ်ယောက် ဒုက္ခရောက်အောင်တော့ လုပ်တတ်တယ်"

"ဒါကြောင့် ဒီတစ်နယ်လုံးက အဲ့ဒီရွာဆိုရင် အသွားအလာ မလုပ်ကြဘူး၊ အဲ့ဒီရွာကလူတွေနဲ့လည်း အဆက်အဆံမလုပ်ပဲ ဝေးဝေးရှောင်ကြတယ်၊ သူတို့ကလည်း တခြားလူတွေနဲ့ အဆက်အသွယ်မလုပ်ဘဲ အေးအေးချမ်းချမ်းပဲ နေကြတယ်"

"ငါတော့ အဲ့ဒီလိုမထင်ပါဘူး"

နီမောင်က ပြောသဖြင့် ကျန်နှစ်ယောက်က မျက်လုံးပြူးသွားကြသည်။

"နေပါဦး မင်းကဘယ်လိုထင်နေလို့လဲ"

"သူတို့ရွာကလူတွေ ပညာတတ်တယ်ဆိုရင်တောင်မှ အပြစ်မရှိတဲ့သူတွေကိုတော့ အန္တရာယ်ပြုကြမယ် မထင်ပါဘူး"

"ဒါကတော့ မင်းက သူတို့ဘက်က သာသာထိုးထိုး တွေးနေလို့ ဒီစကားပြောတာပါ၊ ငါတို့အနေကတော့ မင်းသူတို့နဲ့ ကင်းကင်းနေစေချင်တယ်"

"ဟုတ်တယ် နီမောင်ရ ငါတို့က မင်းကို ညီအစ်ကိုလို ခင်လို့ပြောတာ၊ ငါတို့ ဒီစကားမျိုးတွေ ဝင်ပြောတာတောင် သူတို့သိသွားရင် လွယ်မှာမဟုတ်ဘူး၊ ဟိုတလောက စိန်ဝင်းတို့



www.burmeseclassic.com

www.burmeseclassic.com



တစ်တွေ ဒုက္ခရောက်ကြတာ မင်းလည်းအသိသားပဲ"

ဟု ပြောကြသည်။

နီမောင်ကတော့ ထွေထွေထူးထူး ပြန်မပြောတော့ပေ။ သို့သော်လည်း သူ့စိတ်ထဲမှာ စွဲလမ်းနေသော စိတ်ကတော့ ရှိနေဆဲပင်ဖြစ်ကြောင်း သူ့ကိုယ်တိုင် သိနေမိသည်။

တစ်နေ့မှာတော့ သစ်တောစခန်းမှာ အလုပ်နားကြသောကြောင့် ရွာသို့ပြန်လာကြသည်။

နီမောင်အနေဖြင့် အိမ်ပြန်မရောက်တာကြာပြီဖြစ်သောကြောင့် အိမ်မှုကိစ္စများပြုလုပ်ရန် ပြန်လာခဲ့ခြင်းဖြစ်လေသည်။

မိုးမကျခင် အမိုးအကာများ ပြင်ဆင်ရန်အတွက် လိုအပ်သောပစ္စည်းများ ရှာဖွေစုဆောင်းရသည်။

သစ်၊ ဝါး၊ သက်ငယ် စသည်တို့ကို ဝယ်တန်တာဝယ်၊ တောထဲမှာရှိသော သစ်ဝါးများတို့ကို ခုတ်ယူတန်ခုတ်ယူရသည်။

တစ်ညမှာတော့ အိပ်ပျော်နေစဉ် ဆူဆူညံညံအသံများ ကြားရသဖြင့် လန့်နိုးလာသည်။

"ဘာဖြစ်တာလဲ"

"ရွာထဲကို ကျားဖြူကြီးတစ်ကောင် ဝင်လာတယ်လို့ ပြောသံကြားရတယ်"

ညီမဖြစ်သူမာလာက ကြောက်လန့်တကြားလာပြောလေသည်။

သူတို့နေသောရွာမှာ ရိုးမတောနှင့်နီးသောကြောင့်





တောထဲမှကျား ရွာထဲဝင်လာသည်မှာ မဆန်းလှပေ။

သို့သော် ကျားဖြူဝင်လာသည်ဆိုတာကတော့ ထူးဆန်းသည်။ ကျားဖြူဆိုသော စကားသံကြားသည်နှင့် ချက်ချင်း မြနှင်းဖြူကို သတိရလိုက်ပြီး၊ သူမပြောသောစကားသံများကိုပါ ပြန်သည်ကြားယောင်လာမိသည်။

"နင် ကတိပေးထားပြီးမှ ငါ့ဆီကိုမလာပဲနေရင်တော့ သိုက်စောင့်ကျားကိုလွှတ်လိုက်မှာပဲ"

ထိုစကားကြားတော့ နည်းနည်းတော့ စိုးရိမ်သွားသည်၊ သို့သော်လည်း နောက်ထပ်အချိန်ကြာသည်အထိ ဘာမှမထူးခြားတော့မှ ပြန်အိပ်လေသည်။

ထိုနေ့ညမှတော့ စိတ်စွဲနေသောကြောင့်လား မသိပေ။ မြနှင်းဖြူကို အိပ်မက်ထဲမှာတွေ့ရသည်။ နောက်တစ်နေ့နံနက်စောစောတွင်ထပြီး နှစ်ဆောင်မြိုင်ရွာဘက်သို့ထွက်လာခဲ့လေသည်။

မဟာမြိုင်ရွာနှင့် နှစ်ဆောင်မြိုင်ရွာမှ အလယ်၌ ဒေးရှန်ပါဘုရား ခြားနေပြီး အရှေ့နှင့်အနောက် ရှိကြလေသည်။ နံနက်စောစော ရွာမှထွက်လာရာ ဆွမ်းခံဝင်ချိန်လောက်တွင် နှစ်ဆောင်မြိုင်ရွာထိပ်သို့ရောက်သွားလေသည်။

ထိုရွာထိပ်မှာ လယ်တဲတစ်လုံးရှိနေပြီး သူအနားရောက်တော့ တဲအတွင်းမှ အသက်အရွယ်ကြီးလှပြီဖြစ်သော အဘွားအိုတစ်ဦးထွက်လာသည်။

နီမောင် အနားရောက်လာတော့ သူကမေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ကလာတာလဲကွယ်"

"မဟာမြိုင်ကလာတာပါအဘွား"

"ဒီရွာမှာ အသိအကျွမ်းရှိလို့လား"

"ရှိပါတယ်"

"မြနှင်းဖြူပါ"

"အော် စိတ်မနှံ့ရှာတဲ့ မိန်းကလေးထင်ပါရဲ့ မင်းလည်း မကြာခင် စိတ်မနှံ့တဲ့ဘဝမျိုး ရောက်ရတော့မှာပဲ"

ဟု တစ်ယောက်တည်း ပြောသလို ရေရွတ်နေသည်။ နီမောင်က စိတ်ဝင်စားသောကြောင့် ရှေ့ဆက်မသွားပဲ ရပ်လိုက်သည်။

"အဘွားက သူတို့အကြောင်းသိလို့လား"

"သိတာပေါ့ကွယ်၊ ဒီရွာမှာ ငါမသိတာ ဘာမှမရှိဘူး"

"မြနှင်းဖြူက ဘယ်လိုကြောင့် ဒီဘဝမျိုး ရောက်နေတာလဲ"

"မင်းကြည့်ရတာ သူ့ကို သဘောကျနေပုံပဲ သူတို့ စက်ကွင်းမိထားပုံပဲ၊ သူဘာကြောင့် ဒီဘဝမျိုးရောက်နေတာလဲ ဆိုတာတော့ မကြာခင် မင်းသိရတော့မှာပါ"

ဟုပြောပြီး တဲအတွင်း ပြန်ဝင်သွားလေသည်။

နီမောင်လည်း ရှေ့ဆက်လျှောက်လာသည်။ သို့သော် လည်း အတွေးထဲမှာတော့. . .

"ငါ သူ့ရဲ့စက်ကွင်းမိနေတယ်လို့ ဟိုအဘွားကြီးပြော လိုက်တာ တကယ်ပဲလား"





ဟု တွေးနေမိသည်။

မြနှင်းဖြူတို့ခြံပေါက်ဝရောက်တော့ ခွေးနက်ကြီး နှင့် ...အောင်က ပြေးထွက်လာပြီးဟောင်သည်။ ပြီးမှ မြနှင်းဖြူ ထွက် ...လာသည်။ သူမသည် ဖီးလိမ်းပြင်ဆင်လျက် အလှဆုံးဖြစ် ...အောင် ပြင်ဆင်ထားဟန်ရှိသည်။

"ငါ ကတိပေးထားတဲ့အတိုင်း နင့်ဆီလာလည်တာ"

"နင်လာမယ်ဆိုတာ ငါသိပါတယ်၊ ဒါကြောင့် ပြင်ဆင် ...ားတာ ငါမလှဘူးလားဟင်၊ မချောဘူးလားဟင်"

"လှ. . လှပါတယ်"

ထို့နောက် မြနှင်းဖြူက သူ့ကိုအိမ်အောက်မှာ ချထား ...သော ကွပ်ပျစ်ပေါ် ခေါ်သွားပြီး အစားအသောက်များဖြင့် ဧည့်ခံ ...ကျွေးမွေးလေသည်။

"နင် လာမယ်ဆိုလို့ ငါနေ့တိုင်း မျှော်နေတာ အခုလို ...ရောက်လာတော့ သိပ်ပြီးဝမ်းသာတာပဲ"

"ငါလည်း နင့်ကို သတိရပါတယ်၊ ဒါပေမယ့် အလုပ်က ...ဖက်နဲ့ဆိုတော့ မအားလို့မလာဖြစ်တာပါ"

ထိုစကားကြောင့် မြနှင်းဖြူက ကျေနပ်စွာ ပြုံးနေသည်။

"ငါ့ကို သတိရတယ်လို့ ပြောတဲ့သူ ဒီတစ်ခါပဲတွေ့ဘူး ...တော့ စိတ်ထဲမှာဝမ်းသာသွားသလိုပဲ"

"ဘာလဲ နင်မှာသတိရရမယ့်သူ မရှိဘူးလား"

"မရှိပါဘူး"

မြနှင်းဖြူက နှုတ်ခမ်းစူရင်း ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com



"တခြားကရော နှင်ကိုသတိရရမယ့်သူမျိုး မရှိဘူးလား"

"မရှိပါဘူး"

"ဟင်. . . ဘာဖြစ်လို့လည်း နှင်ကချောလည်းချော ... လည်းလှတာပဲ"

"ချောပေမယ့် လှပေမယ့် စိတ်မနှံ့တဲ့သူတစ်ယောက်ကို ဘယ်သူက သတိရနေမှာလဲ၊ နောက်ပြီး. . ."

"နောက်ပြီး ဘာဖြစ်သလဲဟင်"

"တခြားလူတွေက ငါတို့တစ်ရွာလုံးကို စုန်းကဝေ... ချည်းနေတဲ့ရွာလို့ ထင်နေကြတော့ ဘယ်သူကမှ မဆက်ဆံ... ကြဘူး၊ ဒါကြောင့်. . ဘယ်သူမှ သတိရတဲ့သူမရှိတာ"

"ငါကတော့ အဲဒါမျိုးတွေ အယုံအကြည်မရှိတော့ နှင့်... ခင်ပါတယ်"

"ငါမှာ ခင်မင်စရာအဖော်တစ်ယောက်ရလို့. . နှင့်... ကျေးဇူးတင်ပါတယ်"

ထိုသို့ပြောပြီး သူမပြင်ဆင်ပေးသော အစားအသော... များကို ကျွေးမွေးလေရာ နီမောင်ကလည်း မကြောက်မရွံ့... သောက်လေသည်။

"ဒါထက် နှင့်အဒေါ်နှစ်ယောက်လည်း မမြင်ပါလား"

"သူတို့နှစ်ယောက်က အားနေတော့ ဘုန်းကြီးကျော... ကိုပဲ သွားနေကြတာဆိုတော့ ဘယ်တွေ့ရပါ့မလဲ"

ထိုသို့ပြောသည် နီမောင်လည်း မြနှင်းဖြူတို့အပေါ် ... ယုံကြည်စိတ်ချမှုဖြစ်သွားမိလေသည်။





ထို့ကြောင့် နှစ်ယောက်သား အေးအေးဆေးဆေးပင် ထိုင်စကားပြောနေကြပြီး. . . ညနေပိုင်း အချိန်ရောက်တော့မှ နီမောင်က ပြန်ရန်ပြင်သည်။

"နှင် ပြန်တော့မလား မပြန်ခင် ငါတစ်ခုလောက် အကူအညီတောင်းချင်လို့ပါ"

"ဘာလဲ ပြောလေ"

"ငါဒေးစွန်ပါဘုရား သွားချင်တယ် နှင်အဖော်လိုက်ခဲ့ပေးနိုင်မလား"

နီမောင်က အနည်းငယ်စဉ်းစားပြီး. . .

"ဘယ်အချိန်သွားချင်တာလဲ" ဟုမေးလိုက်သည်။

"အခုညနေပိုင်းပဲသွားချင်တယ်၊ နောက်ရက်တွေကျတော့ နှင်နဲ့ဆုံဖို့မလွယ်ဘူး"

"အချိန်သိပ်မရှိတော့ဘူး သွားလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ငါ့မှာအဖော်ပါတာပဲ ဘာမှ ကြောက်စရာမရှိပါဘူး၊ နောက်ပြီး နှင်လည်းပါတာပဲ"

ထိုသို့ပြောဆိုနေကြစဉ်မှာ ဒေါ်ငွေရှုံနှင့်ဒေါ်ငွေမှုံတို့ နှစ်ယောက်ပြန်လာကြသည်။

နီမောင်ကိုမြင်တော့ ဘာမှထွေထွေထူးထူးမပြောပဲ ပြုံး၍ ကြည့်နေကြသည်။

မြနှင်းဖြူက နီမောင်နှင့်အတူ ဒေးစွန်ပါဘုရားသွားရန် ခွင့်တောင်းသောအခါ အလွယ်တကူပင် ခွင့်ပြုပေးလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


“နင်အဖော်လိုက်ပေးမှာလားဟင်”

“သွားလေ. . ငါလည်း ဘုရားရောက်ဖူးတာပေါ့”

ဟု ပြောဆိုပြီးနောက် နှစ်ယောက်သား အပြင်သို့ထွက်လာခဲ့ကြသည်။

ထုံးစံအတိုင်း မြနှင်းဖြူက ကျားဖြူအရုပ်ကလေးကို ကြိုးဖြင့်ဆွဲယူလာသည်။

နှစ်ယောက်သားရွာတွင်းမှ ဖြတ်လျှောက်လာကြတော့ တွေ့မြင်သမျှလူများက အထူးအဆန်းသဖွယ် သဘောမျိုးဖြင့် ကြည့်ကြလေသည်။

ရွာအပြင်ရောက်သောအခါ သစ်ပင်သစ်တောများကြားမှ ဒေးစွန်ပါတောင်နှင့် ဘုရားကို မြင်တစ်ခါ ပျောက်တစ်လှည့်နှင့်လှမ်းမြင်ရသည်။

နှစ်ဆောင်မြို့ရွာနှင့် ဒေးစွန်ပါတောင်မှ သိပ်တော့ မဝေးလှပေ။

ဘုရားဘက်သို့သွားရန်. . လူသွားလမ်းကလေးများ ဖောက်ထားသောကြောင့် အလွယ်တကူ သွားနိုင်သည်။

လမ်းဘေးတဖက်တချက်မှာတော့ သစ်ပင်များ၊ ချုံနွယ်များက ဖုံးအုပ်ထားလေသည်။

နီမောင်တို့ မိသားစုမှာ ထိုနယ်ဘက်သို့ ရောက်လာကြသည်မှာ မကြာလှသေးသောကြောင့် ဒေးစွန်ပါစေတီရှိရာကိုပင် မရောက်ကြသေးပေ။

ယခုမှ မြနှင်းဖြူအဖော်ခေါ်လာသောကြောင့် တိုက်



ဆိုက်ဆိုင်ဆိုင်ရောက်ရတော့မည်ဖြစ်သည်။

နှစ်ယောက်သားစကားတပြောပြောနှင့် လျှောက်လာရာ မကြာမီဒေးစွန်ပါတောင်သို့ ရောက်လာသည်။ ထိုနေရာသို့ ရောက်သောအခါ တောင်ပေါ်တက်ပြီး ဘုရားဖူးကြသည်။

ညနေပိုင်းအချိန်ရောက်နေပြီဖြစ်သော ရင်ပြင်တော်ပေါ်မှာ လူရှင်းနေသည်။ ရင်ပြင်တော်ပေါ်နှင့် အခြားသင့်တော်သောနေရာအချို့တွင် တရားအားထုတ်နေသူ အချို့ရှိသော်လည်း သူတို့အလုပ်ကိုသာ အာရုံစိုက်ပြီး လုပ်နေကြသဖြင့်. . သူတို့ရောက်နေကြသည်ကိုပင် ဂရုပြုမိကြဟန်မရှိပေ။

ရင်ပြင်တော်ပေါ်မှာ ဘုရားကန်တော့ပြီး အနောက်ဘက်သို့ဆင်းလာကြသည်။

ဘုရားရင်ပြင်တော်နှင့် တောင်တစ်ဝိုက်မှာ သစ်တော ဝါးတောကြီးများက နေရာယူကြသည်။ နေဝင်ချိန်ဖြစ်သဖြင့် တောရှိသောနေရာများတွင် အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေချေပြီ။

ဘုရားပရိဝုဏ်အစပ်နားရောက်တော့ ဝတ်ဖြူစင်ကြယ် ဝတ်ထားသည့် အဘိုးအိုတစ်ဦးနှင့် တွေ့ရသည်။

လည်ပင်းမှာ ပုတီးတစ်ကုံးဆွဲထားပြီး၊ တောင်ဝှေးတစ်ချောင်းကို လက်မှာကိုင်ထားလေသည်။

ထိုအဘိုးအိုကိုမြင်တော့ မြနှင်းဖြူက လက်အုပ်ချီကာ ရိုသေစွာ ကန်တော့သဖြင့် နီမောင်ကပါ ကန်တော့လေသည်။

“ရွှေစေတီကို ဖူးမြော်ဖို့ ခွင့်ပြုပေးပါဘိုးဘိုး”


www.burmeseclassic.com

www.burmeseclassic.com

မြနှင်းဖြူက ပကတိအသံဖြင့်ပြောတော့ အဘိုးအိုက ခေါင်းညိတ်ပြသည်။

"တောင်ပိုင်ဘိုးဘိုးကြီးဆီမှာ ခွင့်တောင်းပြီးမှသွားပေတော့"

ဟုပြောကာ ထိုနေရာမှာ တစ်နေရာရောက်ကြတော့ အမှောင်ရိပ်နားတွင် ဖျတ်ခနဲပျောက်သွားလေသည်။

"သူကဘယ်သူလဲ"

နီမောင်က ခပ်တိုးတိုးမေးလိုက်သည်။

"သိုက်ချုပ်ဘိုးဘိုးပါ"

"မြနှင်းဖြူနဲ့သိနေလို့လား"

သူမကပြုံးပြီး ခေါင်းညိတ်ပြရုံသာပြသည်။

ထိုနေရာမှ အောက်ဘက်သို့ ဆင်းလာရာ တစ်နေရာရောက်တော့ အညိုရောင်ဝတ်စုံဖြင့် အဘိုးအိုတစ်ယောက်ကို ထပ်တွေ့ရပြန်သည်။

"ရွှေစေတီကို ဖူးမြော်ခွင့်ပြုပါဘိုးဘိုး"

မြနှင်းဖြူက ရိုသေစွာ ကန်တော့ပြီး ခွင့်တောင်းပြန်သောအခါ အဘိုးအိုက ခေါင်းညိတ်ပြကာ အနောက်ဘက်သို့ လက်ညှိုးထိုးပြရာ ၄င်းညွှန်ပြရာအတိုင်း လှိုဏ်အတွင်းသို့ ဆင်းလာခဲ့ကြလေသည်။

"သူကရော ဘယ်သူလဲ"

"ဒေးစွန်ပါတောင်ပိုင် မဏိကုဏ္ဍလဘိုးဘိုးကြီးပါ"

နီမောင်စိတ်ထဲမှာ အံ့သြသွားလေသည်။





မြနှင်းဖြူမှာ စိတ်မန့်သူဖြစ်သဖြင့် သူမစိတ်ထဲမှာရှိနေသည်များကို ပြောနေသည်ဟု ထင်စရာရှိသော်လည်း ယခုအချိန်မှာတော့ သူမအခြေအနေမှာ ပုံမှန်ဖြစ်နေသည်။

သို့သော်လည်း ဘာမှတော့မပြောတော့ပေ။ အချိန်ကလည်း ညနေပိုင်း အချိန်ကျော်လွန်လာပြီမို့ အမှောင်ရိပ်များကပို၍များလာသည်။ တောပတ်ဝန်းကျင် တစ်ဝိုက်မှာလည်း တိတ်ဆိတ်ငြိမ်သက်နေချေပြီ။ ထိုအချိန်တွင် သူတို့ရောက်နေသောနေရာနှင့် မဝေးလှသည့် နေရာဆီမှ ကြေးစည်တီးသံ၊ မောင်းထုသံများ ကြားရသည်။

"နီမောင် ဘုရားရှိတဲ့နေရာက အချက်ပေးသံကြားရတယ် သွားကြရအောင်"

ဟုပြောပြီး ကျားရုပ်ကလေးကိုဆွဲပြီး ရှေ့မှာသွားလေရာ နီမောင်လည်း အံ့သြစိတ်နှင့်အတူ နောက်မှလိုက်သွားလေသည်။ အတန်ကြာတော့ သစ်ပင်များ အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်နေပြီး ရေကန်တစ်ကန်ရှိသောနေရာသို့ ရောက်သွားကြလေသည်။

ထိုရေကန်မှ ရေများမှာ ကြည်လင်လှပြီး ကန်အတွင်းမှာလည်း ကြာရွက်၊ ကြာပန်းများဖြင့် တင့်တယ်လှပမှုရှိလေသည်။ ထိုကန်တောင်ရိုးမှာရှိသော သစ်ပင်ရိပ်များမှာတော့ တရားထိုင်နေကြသည့် သူတော်စင်အချို့လည်းရှိနေကြသည်။

သူတော်စင်များမှာ တစ်ချက်ကလေးမှ မလှုပ်ပဲ သူ့အလုပ်သူလုပ်နေကြသည်။

ထိုနေရာရောက်တော့ ကြေးစည်သံ၊ မောင်းသံများ



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဆည်းလည်းသံများကိုပါကြားရလေသည်။ နှစ်ယောက်သား အသံကြားရာဘက်သို့ သွားရာ တောင်ကုန်းတစ်ခုပေါ်မှ တည်ထားသော ရွှေရောင်တဝင်းဝင်းနှင့် ရွှေစေတီကို ဖူးတွေ့ကြရလေတော့သည်။

စေတီတော်မှာ ကိုးတောင်ပြည့် စေတီပင်ဖြစ်သော်လည်း ရွှေရောင်များဝင်းအိနေသည်။

"ဒါ. . ဒေဝွန်ပါရွှေစေတီပဲ၊ သူတော်စင်တွေ ဝိဇ္ဇာဇော်ဂျီတွေ၊ သိဒ္ဓိရှိတဲ့ပုဂ္ဂိုလ်တွေ နောက်ဆုံးထွက်ရပ်လမ်းအတွက် ဒီနေရာမှာ လာထွက်ကြရတယ်၊ သာမန်လူတွေမတွေ့နိုင်ဘူး၊ ကြုံကြိုက်တုန်း ဖူးပြီး နင်လိုတဲ့ဆုတောင်းပေတော့"

ဟုပြောသဖြင့် နီမောင်လည်း မြနှင်းဖြူနှင့်အတူတူထိုင်ကာ ဘုရားကန်တော့လေသည်။

ထိုအချိန်တွင် သူ့စိတ်ထဲမှာ ဘာမှသတိမရတော့ဘဲ အေးချမ်းမှုတစ်ခုသာရှိနေသည်။

ဘုရားကန်တော့ပြီး နေရာမှထကြည့်လိုက်တော့မှ ရင်ပြင်တော်ပေါ်မှာရော ဘုရားပတ်ဝန်းကျင်မှာပါ အဓိဋ္ဌာန် ဝင်နေကြသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်အစရှိသည့် သူတော်စင်တို့ကို သတိပြုမိလေသည်။

"လာ. . နီမောင် ကြုံကြိုက်တုန်း နင့်ကို ပြစရာရှိသေးတယ် ဟိုဘက်သွားကြရအောင်"

ဟုခေါ်သွားပြီး ရွှေစေတီပတ်ဝန်းကျင်တစ်ပိုက်မှာ ပေါက်နေသည့် ဂမုန်းပင်များ သိဒ္ဓိရှိသော ဆေးပင်များကို ပြ





လေသည်။

ထိုအထဲမှာ အာဟာရသိဒ္ဓိကိုပြီးစေနိုင်သည့် ကင်ပလင်းနက်ပင်ပါ ပါသော်လည်း သူကတော့တစ်ကြိမ်မှ မမြင်ဖူးမတွေ့ဖူးသဖြင့် မသိရှာပေ။ အတန်ကြာတော့ အဆောက်အအုံတစ်ခုကို တွေ့ရသဖြင့် အတွင်းသို့ဝင်သွားရာ အတွင်းရောက်တော့ ပုတီးစိပ်နေသည့် အဘိုးအိုတစ်ဦးကို တွေ့ရသည်။ ထိုအဆောင်ထဲမှာ ဖယောင်းတိုင်ထွန်းထားသောကြောင့် အလင်းရောင်ရနေသည်။

သူတို့နှစ်ယောက် ဝင်သွားတော့ ထိုအဘိုးကြီးက ပုတီးစိပ်ခြင်းကိုရပ်ပြီး မျက်လုံးဖွင့်ကြည့်သည်။

"ဘာအတွက်ရောက်လာကြတာလဲ"

"အဓိဋ္ဌာန်ပြု ဆုတောင်းချင်လို့ပါ"

"ဟိုရုပ်ပွားတော်ရှေ့မှာ သစ္စာပြုပြီး ဆုတောင်းရင်ပြည့်ပါတယ်"

ဟုပြောပြီး မျက်စိပြန်မှိတ်ကာ ပုတီးပြန်စိပ်နေပြန်လေသည်။

သူညွှန်ပြသောနေရာမှာ စကျင်ကျောက်သားဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော် တစ်ဆူရှိသည်။

ဉာဏ်တော်ကတော့ မမြင့်လှပေ၊ ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ရွှေကလပ်တစ်ခုလည်း ချထားလေသည်။

ဘာအတွက်ချထားသည်တော့ မသိပေ၊ ရုပ်ပွားတော်ရှေ့ရောက်ကြပြီး ရိုသေစွာကန်တော့လိုက်ကြပြီး မြနှင်းဖြူက



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"ဒီရုပ်ပွားတော်ရှေ့မှာ သစ္စာပြုပြီး ဆုတောင်းရင် ပြည့်တယ်၊ နင်လိုချင်တဲ့ဆုသုံးခုကို တောင်းနိုင်တယ်"

"ဘယ်လိုဆုမျိုးတောင်းရမလဲ"

"နင့်မိဘတွေကို ချမ်းချမ်းသာသာမထားချင်ဘူးလား"

"ထားချင်တာပေါ့"

"အဲဒါတစ်ဆုတောင်းပေါ့"

"နောက်တစ်ခုကရော ဘာဆုတောင်းရမလဲ"

"နင့်ရော တစ်သက်လုံး စိတ်ချမ်းသာစွာနဲ့ ချမ်းချမ်းသာသာ မနေချင်ဘူးလား"

"နေချင်တာပေါ့"

"အဲ့ဒါတစ်ဆုတောင်းပေါ့၊ နောက်ဆုံးတစ်ခုကတော့ တစ်သက်လုံး ကိုယ်ချစ်တဲ့သူနဲ့ လက်တွဲပြီးနေရပါစေသား... ဆုတောင်းပေါ့"

"နင်ရော ဘယ်လိုဆုမျိုးတောင်းမှာလဲ"

"နင်နဲ့အတူတူပဲတောင်းမှာပေါ့၊ ဒါပေမယ့် ဒီအတိုင်းတော့ ဆုတောင်းလို့မရဘူး၊ ဆုမတောင်းခင် သစ္စာတစ်ခုတော့ ပြုရတယ်၊ သစ္စာမှန်တယ်ဆိုမှ ဆုတောင်းလို့ရမှာ"

"ဘယ်လိုသစ္စာမျိုး ပြုရမှာလဲ ငါသိပ်နားမလည်ဘူး"

"နင်ဘဝတစ်လျှောက်လုံးမှာ လုံးမြဲအောင် ထိမ်းသိမ်းတဲ့ကံတစ်ပါးပါးကို သစ္စာပြုကြည့်ပေါ့၊ နင်သစ္စာပြုတာ မှန်ရင် ရွှေကလပ်ထဲကို ဆေးလုံးသုံးလုံး ရောက်လာလိမ့်မယ်၊ အဲ့ဒီဆေး...





...သုံးသောက်ပြီးရင် နင်ဆုတောင်းပြည့်ပြီလို့ သတ်မှတ်လို့ရတယ်"

ဟုပြောသဖြင့် နီမောင်လည်း သစ္စာပြုရန်အတွက် ကံ...ငါးပါးထဲမှ ဘယ်အရာကို တစ်သက်လုံး လုံအောင်စောင့်ထိမ်း...သလဲဟု သေသေချာချာ စဉ်းစားကြည့်တော့နှစ်ချက်၊ သုံးချက်...သောက်သာရှိသည်။

သူတစ်ပါးပစ္စည်းခိုးယူခြင်း၊ သူတစ်ပါးသားမယားပစ်...စော်ကားခြင်းနှင့် အရက်သောက်စားခြင်းတို့ကိုတော့ လုံခြုံ...သည်ဟု စိတ်ထဲမှ ထင်သဖြင့် ထိုသုံးချက်ကိုပင် သစ္စာပြုကြည့်...သည်။

ထိုသို့ သစ္စာပြုကြည့်ပြီး မျက်လုံးဖွင့်ကြည့်လိုက်သော...ခါ သူ့ရှေ့မှာရှိသည့် ရွှေကလပ်ထဲမှ ဆေးသုံးလုံး ရောက်နေ...သည်ကို တွေ့မြင်ရသဖြင့် အံ့ဩသွားလေတော့သည်။

ထို့နောက် မြနှင်းဖြူက ထိုဆေးသုံးလုံးကို ယူပြီး တိုက်သ...၍ မျိုချလိုက်ရသည်။

ထိုသို့သောက်ပြီးမှ လိုသောဆုသုံးဆုကိုတောင်းယူလေ...သည်။

သူဆုတောင်းနေသည်ကို မြနှင်းဖြူက အနားမှာ ကျုံ့...လေးထိုင်ကြည့်နေသည်။

ပြီးတော့မှ သူမက မေးသည်။

"နီမောင် နင်ဘာဆုတွေတောင်းသလဲဟင်"

"တို့ စောစောကပြောသလိုပေါ့ ငါ့မိဘတွေကို ချမ်းချမ်း...သာထားနိုင်ဖို့ရယ်. . . ငါ့ဘဝလည်း ဒီဆင်းရဲတွင်းမှ...



www.burmeseclassic.com

www.burmeseclassic.com



လွတ်ဖို့ရယ်"

"နောက်ပြီးတော့ရော"

"နောက်တစ်ခုကတော့ ကိုယ်ချစ်တဲ့သူနဲ့ အတူတူ နေရ ပါစေလို့ ဆုတောင်းလိုက်တယ်"

"နင့်မှာ ချစ်သူရှိနေပြီလား"

"ဟင့်အင်း မရှိသေးပါဘူး"

မြနှင်းဖြူက တစ်ချက်ပြုံးလိုက်သည်၊

"နင်ရော ဘယ်လိုဆုမျိုးတွေတောင်းသလဲ"

"နင်နဲ့အတူတူပါပဲ"

"ချစ်သူကရော ရှိနေပြီလား"

မြနှင်းဖြူက ခေါင်းညိတ်ပြသည်။

"ငါဝမ်းသာပါတယ် ဘယ်ကလဲဟင်"

"မကြာခင်သိရမှာပါ"

ဟုပြောဆိုကာ ထိုနေရာမှ ပြန်ထွက်လာကြလေသည်။

နှစ်ယောက်သား လာလမ်းအတိုင်း ပြန်လာကြသော် အလာတုန်းကသူတို့ ဝင်ဖူးခဲ့သော ရွှေစေတီကိုတော့ မတွေ့ရ တော့ပေ။

နီမောင်က စိတ်ထဲမှ ဇဝေဇဝါဖြင့် ဟိုဟိုဒီဒီ လိုက်ရှာ ကြည့်နေသည်။

"နီမောင် ဘာတွေရှာနေတာလဲ"

"ဟို ငါတို့လာတုန်းက ဖူးခဲ့ရတဲ့ ရွှေစေတီကိုရှာနေတာ လမ်းများမှားနေသလားလို့ပါ"





"ရွှေစေတီက ဘယ်တွေ့ရမှာလဲ ပြန်ပျောက်သွားပြီ လေ ပေါ်ချိန်တန်မှသာပေါ်ပြီး . . ပြီးတာနဲ့ ပြန်ပျောက်သွားလေ့ ရှိတယ်၊ နင်ဖူးလိုက်ရတာ ကံကောင်းတာပေါ့"

ထိုအခါ နီမောင်က အခြေအနေကို သဘောပေါက် သွားပြီး မြနှင်းဖြူကိုကြည့်ကာ ပြောလိုက်သည်။

"ဒီအတွက် ငါနင့်ကိုကျေးဇူးတင်ပါတယ် မြနှင်းဖြူရယ်"

ထိုသို့ပြောသော်လည်း မြနှင်းဖြူက ဘာမှပြန်မပြောဘဲ ခံ့သာပြုံးနေလေသည်။

ထို့နောက်မှာတော့ နှစ်ယောက်သား အမှောင်ရိပ်ဖုံးနေ ဖြစ်သော တောလမ်းအတိုင်း ရွာဘက်သို့ ပြန်ခဲ့ကြလေတော့ သည်။

နီမောင့်ဘဝ တစ်သက်မှာတော့ ထိုအဖြစ်အပျက်များ ကို ဘယ်တော့မှ မေ့နိုင်စရာရှိတော့မည်မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

# များပြားလှစွာ စုန်းကဝေပညာ

နောက်ပိုင်းမှာတော့ သူတို့နှစ်ယောက်၏ သံယောဇဉ်
ရစ်ပတ်လာခဲ့ကြလေတော့သည်။

တစ်ယောက်နှင့်တစ်ယောက် ဖွင့်မပြောကြသေးသော်
အတွင်းသဘောကိုတော့ နှစ်ယောက်စလုံး နားလည်နေ
ပြီ။

နီမောင်က သစ်တောအလုပ်များ နားသည်နှင့် မညီသူ



www.burmeseclassic.com

www.burmeseclassic.com



မှ အသိမပေးပဲ မြန်္နင်းဖြူဆီသွားသည်။ မြန်္နင်းဖြူကလည်း လယ်တဲသို့ လာရင်းနှင့် ကြုံကြိုက်လျှင် နီမောင်အလုပ်လုပ်နေသော နေရာသို့ ရောက်လာလေ့ရှိသည်။

ထိုအခြေအနေကိုမြင်ပေါ့ လုပ်ဖော်ကိုင်ဖက်များက စိုးရိမ်စွာဖြင့် သတိပေးကြသည်။

"နီမောင် မင်းနှစ်ဆောင်မြိုင်က ကောင်မလေးနဲ့ ဆက်အသွယ်ဖြစ်နေသလား၊ မင်းကဒီနယ်သား မဟုတ်တော့ ဒါတွေကို သိမှာမဟုတ်ဘူး၊ နှစ်ဆောင်မြိုင်တစ်ရွာလုံးက စုန်း ဝေပညာသည်တွေချည်းပဲ တစ်ရွာလုံးမှာ စုန်းမရှိတဲ့အိမ် မရှိ ဘူး၊ အနည်းဆုံးတော့ ဝမ်းတွင်းစုန်း တစ်ယောက်တော့ ရှိ တာချည်းပဲ"

ဟု သတိပေးသည်။

"မင်းကွာ ကြိုက်စရာရှားလို့ စိတ်မနှံ့တဲ့ မိန်းကလေး ကြိုက်ရသလား၊ ငါတို့ရွာမှာလည်း အချောအလှတွေ အများကြီး ရှိပါတယ်"

ထိုအကြောင်းကို ဦးမွန်ထော်သိသွားသောအခါ နီမောင်နှင့်တွေ့ပြီး မေးသည်။

"မင်းကကောင်မလေးနဲ့ ကြိုက်နေကြပြီလား"

"အဲ့ဒီအဆင့်တော့ မရောက်ကြသေးပါဘူး"

"ဟိုတလောက ကောင်မလေးနဲ့ ဒေးစွန်ပါဘုရား သွားတာတွေ့လိုက်တယ်လို့ ပြောကြတယ်၊ ဘယ်လိုတွေ မြင်ခဲ့တယ်ဆိုတာ ငါကိုအမှန်အတိုင်းပြောပြပါ"





ဟု မေးသဖြင့်နီမောင်က ရွှေစေတီကို ဖူးခဲ့ရပြီး၊ သစ္စာ ပြုပြီး ဆေးလုံးသုံးလုံး သောက်ခဲ့ရပုံကို ပြောပြလိုက်သည်။ ထိုအ ကြောင်းများကို ကြားရသောအခါ မျက်နှာသိပ်မကောင်းတော့ ပေ။

"မင်းအနေနဲ့ ရွှေစေတီကို ဖူးခွင့်ရခဲ့တာတော့ အလွန် ကောင်းခဲ့တာပဲ၊ ဒါပေမယ့် သူတိုက်တဲ့ဆေးသုံးလုံးသောက်ခဲ့ တာကတော့ ငါသိပ်ဘဝင်မကျလှဘူး"

"ဘယ်လိုကြောင့်လဲ အဘ"

"ငါကတော့ ဒီအကြောင်းတွေကို သိပ်ပြီးနားမလည်လှ ဘူး ဒီကိစ္စတွေကို ကျွမ်းကျင်တဲ့သူတစ်ယောက်ကိုပြောပြရင် တော့ အဖြေသိရနိုင်တယ်၊ ဒါပေမယ့် ငါ့အထင်ပြောရရင်တော့ သူတို့လက်ချက်ဦးသွားပြီနဲ့တူတယ်"

"ဘယ်လိုလက်ချက်ဦးတာလဲ အဘ"

"သိုက်စောင့်တွေကပဲဖြစ်ဖြစ် စုန်းကဝေပညာတတ်တဲ့ သူကပဲဖြစ်ဖြစ်၊ ချစ်ရင်သော်လည်းကောင်း၊ မုန်းရင်သော်လည်း ကောင်း၊ ဆေးဖြစ်ဖြစ် အစားအစာပဲဖြစ်ဖြစ် တစ်ခုခုကျွေးလေ့ ရှိတယ် သူတို့ကျွေးတာကို စားမိပြီးရင်တော့ စက်ကွင်းမိသွားပြီး သူတို့ကြိုက်တာ လုပ်နိုင်ကြတယ်"

နီမောင်က မျက်လုံးပြူးသွားသည်။

"ကျွန်တော်က ဘုရားရုပ်ပွားတော်ရှေ့မှာ သစ္စာပြုပြီးမှ သောက်ခဲ့ရတာဆိုတော့ မကောင်းတဲ့ဆေး ဖြစ်ပါ့မလား"

"ဥစ္စာစောင့်အပါအဝင် ပရလောကသားတွေမှာ တချို့



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘဖိဒ္ဓိမြင့်တဲ့သူတွေရှိကြတယ် သူတို့ကလိုချင်တာကို ဖန်ဆင်း ပြနိုင်ကြတယ်၊ ငါ့အထင်ပြောရရင်တော့ မင်းနဲ့အဆက်အသွယ် ဖြစ်နေတဲ့ ကောင်မလေးဟာစုန်းကဝေ ပညာသည်တစ်ယောက် မဟုတ်ရင်တောင် သိုက်နန်းရှင်တွေနဲ့ အဆက်အသွယ် ရှိသူဖြ မှာ သေချာတယ်"

"ဒီ..ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ အဘ"

"မင်း အနေအထိုင် နည်းနည်းတော့ဆင်ခြင်ပြီး နေသ တယ်၊ ဒီရက်အတွင်းမှာ ငါနဲ့ခင်မင်တဲ့ဆရာကြီးတစ်ယောက် တွေ့ပေးမယ်"

ဟုပြောပြလေသည်။

ထိုသို့ ဝိုင်းဝန်းပြောသဖြင့် နီမောင်မှာထိုရက်များအ တွင်း၌ မြနှင်းဖြူရှိရာသို့ မသွားတော့ပေ။

ထိုအခါ ဝမ်းဗိုက်ထဲမှာ နာသလိုအောင့်သလိုဖြစ် သည်။ ပထမတော့ အစားအသောက်မှားသောကြောင့် ဖြ သည်ဟုထင်သော်လည်း နောက်မှမဟုတ်မှန်း သိရတော့သည်

ထိုအခြေအနေဖြစ်လာသောအခါ ဦးမွန်ထော်မှာ ဆေး ဆာတော့ပဲ ဘုရားကြီးဘက်မှာနေသော ဆေးဆရာကြီး ဦး ကျောင်းကို သွားခေါ်လေသည်။

ဦးဇန်ကောင်းမှာ ဦးမွန်ထော်နှင့်ခင်မင်ရင်းနှီးသေ ဖြစ်သောကြောင့် လိုအပ်သောပစ္စည်းများကိုယူ၍လိုက်လာ သည်။

ထိုကဲ့သို့ ဦးဇန်ကောင်းရောက်လာသောအခါ နီမော





နှင့်အဆင်သင့်တွေ့ရစေရန် နီမောင်ကိုအလုပ်မှ ခွင့်ပေးထားရာ အိမ်၌ပင်ရှိနေလေသည်။

နီမောင်ကတော့ သူ့ကိုဆရာတစ်ယောက်၏ စမ်းသပ် စစ်ဆေးခြင်းခံရမည်ဆိုသောအခါ စိတ်ထဲမှာတစ်မျိုးဖြစ်နေ လေသည်။

ဦးဇန်ကောင်းမှာ အသက်(၅၀)ကျော်အရွယ်အရွယ်ခန့် ရှိပြီး အထက်လမ်းပညာများကို လေ့လာလိုက်စားနေရာ အ တော်အတန် ခရီးပေါက်နေသူဖြစ်၏။

ဦးဇန်ကောင်းနှင့်အတူ အဖော်ရစေရန် ဦးမွန်ထော်ပါ လိုက်လာလေသည်။

နီမောင်ကို ဆေးဆရာတစ်ယောက်နှင့် ဆေးကုရသည့် အခြေအနေမျိုးတွေ့ရသောအခါ ဘာရောဂါမှန်းမသိရသေးခင် ကပင် မိဘများမှာ သားအတွက်စိတ်ပူနေကြလေသည်။

နီမောင်နှင့်တွေ့သောအခါ ဦးဇန်ကောင်းကအသေ အချာကြည့်ပြီး အကဲခတ်သည်။

ထိုနောက် နီမောင်ကြုံတွေ့ရသောအခြေအနေမှန်သ မျှကို ပြောပြခိုင်းရာနီမောင်က တစ်ခုမကျန်အမှန်အတိုင်း ပြော ပြလိုက်သည်။

ဦးဇန်ကောင်းက အပြည့်အစုံနားထောင်ပြီးသောအခါ မှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူက သူလိုချင်တာရအောင် လက်ဦးထားလိုက်ပြီ တိုး"



www.burmeseclassic.com

www.burmeseclassic.com

“ဟင်. . ဘယ်သူကလဲဆရာကြီး”

“မြနှင်းဖြူဆိုတဲ့ မိန်းကလေးပါပဲ”

“သူက ဘာလဲဆရာကြီး၊ စုန်းမတစ်ယောက်လား၊ ကျွန်တော့်ကို သူတတ်တဲ့စုန်းပညာနဲ့ပြုစားထားပြီလား”

ဦးဇန်ကောင်းက ကွမ်းယာတစ်ယာကို ယာစားနေရင်းမှ ခေါင်းခါပြသည်။

“သူက စုန်းမတစ်ယောက်မဟုတ်ပါဘူး”

“ဒါဖြင့် သိုက်နန်းကလာတဲ့ ဥစ္စာစောင့်တစ်ယောက်လားဆရာကြီး”

“သူက သာမန်မိန်းကလေးတစ်ယောက်တော့ မဟုတ်တာသေချာပါတယ်၊ သူဘယ်လိုအဆင့်အတန်းမျိုးရှိတယ်ဆိုတာတော့ သူနဲ့တွေ့မှပဲသိရတော့မှာပဲ”

“ဒါဖြင့် နီမောင့်အတွက် အန္တရာယ်ရှိသလား၊ စိုးရိမ်ရတဲ့အခြေအနေမျိုးရှိသလား ဆရာကြီး”

“သူသဘောကျတဲ့အတိုင်း လုပ်ရင်တော့ အန္တရာယ်မရှိတဲ့အပြင် ဒီထက်ပိုကောင်းလာမယ့် အခြေအနေမျိုးရှိပါတယ် ဆန့်ကျင်ဘက်လုပ်မိရင်တော့ အနှောင့်အယှက်တွေနဲ့ တွေ့ရနိုင်တယ်၊ အဲဒါဘာကြောင့်လည်းဆိုတော့ သူကိုယ်တိုင်ကသစ္စာပြုပြီး ကတိပေးပြီးသားဖြစ်နေလို့ပါပဲ”

ဟုပြောသောအခါ နီမောင်မှာ ပြီးခဲ့သောအကြောင်းများကိုတွေးမိပြီး နောင်တရသကဲ့သို့ ခံစားရလေသည်။

စိတ်ထဲမှလည်း. .





“သူက စိတ်မနှံ့ချင်ယောင်ဆောင်ပြီး ငါ့ကိုဒုက္ခပေးဖို့ကြံခဲ့တာကိုး”

ဟု မကျေမနပ်တွေးမိလေသည်။

“မင်းက သူတိုက်တဲ့ဆေးကိုတောင်သောက်ပြီးပြီဆိုတော့သူပြုသမျှနုရတော့မယ့် အခြေအနေမျိုးရောက်နေပြီ”

“ဆရာကြီးအနေနဲ့ရော သူပြုစားထားတဲ့ရောဂါတွေကိုဖယ်ရှားမပေးနိုင်ဘူးလား”

“ကာယကံရှင်အနေနဲ့ ကျေကျေနပ်နပ်နဲ့ လက်ခံပြီးသောက်လာခဲ့တဲ့ ဆေးတွေကိုပြန်ထုတ်ရတာတော့ ခက်မယ်ထင်တာပဲ၊ ကျုပ်အနေနဲ့တော့ ကြိုးစားပြီးကုပေးပါမယ်”

ဟု ဦးဇန်ကောင်းကပြောရာ အတန်အသင့်တော့ စိတ်သက်သာရာ ရသွားလေသည်။

“တကယ်တော့ ဆရာကြီးရယ် ကျွန်တော်ကသူ့ရဲ့မာယာစက်ကွင်းထဲမှာ မိသွားတာပါ၊ ဒီအကြောင်းတွေကို မသိပါဘူး၊ တကယ်လို့သာသိရင်လည်း သူပေးတာ ကျွေးတာတွေကို မစားသောက်ပါဘူး”

“လူတိုင်းကတော့ ဒီလိုပဲခံကြရတာပါပဲ ဒါပေမယ့် ငါသိသမျှတော့ သူကမင်းကိုမုန်းလို့လုပ်တာတော့ဟုတ်မယ် မထင်ပါဘူး၊ မင်းကသူ့ကို လက်ထပ်မယ်ဆိုရင်တော့ ဒီကိစ္စတွေက ပြီးသွားမှာပါ”

“ဒီလိုယုတ်မာတဲ့အကြံအစည်မျိုးနဲ့ လူတစ်တစ်ယောက်ရဲ့ မေတ္တာကို ရဖို့ကြိုးစားတာကတော့ ဘယ်နည်းမှ မရနိုင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဖြစ်တဲ့နည်းနဲ့ သူ့ရဲ့စက်ကွင်းက လွတ်အောင်ရှောင်ပါ့မယ်"

နီမောင်က ပြောသောအခါ ဦးဗန်ကောင်းက ကြောက်စရာကောင်းလှသော စုန်းနှင့်ပတ်သက်သည့် အကြောင်းများကို ရှင်းလင်းပြောပြလေသည်။

ပယောကနှင့် စုန်းနတ်တို့ လူတို့၏ ခန္ဓာကိုယ်အတွင်းသို့ ပူးဝင်ပုံကို သိသာလွယ်အောင် ဖော်ပြလိုပါသည်။

ဥပမာအားဖြင့်. . .

သံကွန်ရက်အုပ်ဆောင်းများစွာကပ်လျက် အရောင်လုံး၊ အခိုးလုံး၊ မီးတောက်ကြီးများကို အပေါ်မှ အုပ်မိုးလိုက်ပါက မီးတောက်များသည် သံကွန်ရက်တွင်းသို့ စိမ့်ယိုကာ အပေါ်သို့ ထွက်လေသည်။

ထိုစဉ်တွင် သံကွန်ရက်လည်းမပျက် မီးတောက်လုံးလည်းမပျက်ပေ။

တစ်ဖန် မီးတောက်ကြီးကို နုတ်ပြန်သော် မီးတောက်သည် မီးတောက်အတိုင်းပင်နေဘိသကဲ့သို့ မှတ်ရပါမည်။

နွားနို့နှင့်ရေကို ရောလိုက်သောအခါ သမမျှတသွားကာ နွားနို့၏အကြားသို့ရေ၊ ရေ၏အကြားသို့ နွားနို့သည် စိမ့်ဝင်သကဲ့သို့ လူတို့၏ခန္ဓာကာယအတွင်းသို့ နတ်များ ပူးဝင်မည့်အခါ. . ရှေးဦးစွာ ဟဒယဝတ္ထု ရုပ်တည်းဟူသော နှလုံးဘူးအိမ်ကို ပိတ်ကာ နှလုံးသွေးကို လှုပ်ရှား၍ ချောက်ချားဖောက်ပြန်အောင် လုပ်ပြီးမှ တစ်စုံတစ်ခုသော အကြောင့်ဖြင့် လူ၏စိတ်ကိုနှံ့အောင်





လန့်အောင်လုပ်၍ ဘဝင်ကိုကျစေပြီး သတိမေ့လျော့သောခဏ၌ မိမိ၏ရုပ်ကိုမသိမ်မွေ့သေးပါက သိမ်မွေ့အောင် နူးညံ့အောင် ဖန်ဆင်းနိုင်သည့်ကာလ၌ ဆိုခဲ့ပြီးသော ဥပမာနှစ်မျိုးနှင့်တူစွာ စိမ့်ဝင်ပြန့်နှံ့စေတော့၏။

လူ၏ ရုပ်အံစု တစ်ခုခု၏အကြားထဲသို့ နတ်၏ ရုပ်အစုအစိုင်အခဲကလေးများ၊ နတ်၏ရုပ်အစု တစ်ခုခု၏အကြားထဲသို့ လူ၏ရုပ်အစုအစိုင်အခဲကလေးများ၊ အမှုန့်ကလေးများမှာ တစ်ကိုယ်လုံး ပြန့်နှံ့ယိုစိမ့်ရောယှက်ခါ လုံးထွေး၍ နေစေခြင်းဖြင့် ပူးဝင်ရသည်။

ထိုနတ်မခွာမထွက်မချင်း လူ့စိတ်ဘဝင်မှမထ၊ တစ်ကိုယ်လုံး ရုပ်တွေမှာ နတ်ရုပ်များကဲ့သို့ဖြစ်၍ နတ်အလိုရှိ တိုင်း လှုပ်ရှားပြောဆိုလေတော့၏။

အဆိုပါနတ်ထွက်ခွာ၍သွားလျှင် လူတစ်ကိုယ်လုံးရှိ ရုပ်များသည် အနည်းငယ်ချောင်သလို၊ ဟာသလို၊ ဆာလောင်သလို ဖြစ်၍ နေခဲ့ရကာ လူ၌ မောပန်း၍ကျန်ရစ်ခဲ့တတ်၏။

ဤကဲ့သို့ ပူးဝင်ရာ၌ အပူးခံရမည့်သူ၏ စိတ်ကို နုံးစေ၊ ဆိုင်စေ၊ ဘဝင်ကျစေ၍ တွေဝေမေ့လျော့အောင်လည်း တတ်နိုင်မှ ပူးခြင်းခံရမည့်သူကလည်း သိမ်မွေ့မှ ပူးဝင်နိုင်သည်။

သို့မဟုတ်က မပူးမဝင်နိုင်ဟု မှတ်ရပါမည်။

ဝမ်းတွင်းစုန်းနှင့်တကွ အစိမ်းသရဲ တစ္ဆေ မြေဖုတ်တို့ ပူးဝင်ရာမှာလည်း ဆိုခဲ့သော ဥပမာအတိုင်းပင် မှတ်ယူရပါမည်။

စုန်းမျိုး (၉၉)မျိုးတို့၌ ဝမ်းတွင်းစုန်းဆိုသည့် မနုဿ



www.burmeseclassic.com

www.burmeseclassic.com



ကာကနီ၊ ဇော်ဂနီမှတစ်ပါးသော စုန်းမျိုးတို့သည် မိမိတို့၏ ပညာတန်ခိုးတည်းဟူသော ဝိဇ္ဇာမယိဒ္ဓိတန်ခိုးဖြင့် လူ၏ဘဝင်စိတ်ကို လန့်အောင်၊ နို့အောင်လုပ်ပြီးနောက် လူစားမည့် အစားအစာ အာဟာရစသည်တို့နှင့် မိမိ၏လက်ဖြင့်ထိကိုင်၍ငင်း . . ၊ မျက်စောင်းထိုး၍ငင်း၊ တံတွေးစသော အညစ်အကြေးထည့်သွင်း၍ ငင်း၊ အပင်းထည့်ကြလေသည်။

ဤသို့ အပင်းတည်းဟူသော အစွဲ၊ အစားဘူးအိမ်သွင်းပြီးထားမှသာ မိမိသည် ဆိုခဲ့သော ပူးနည်း၊ ဝင်နည်း၊ ကပ်နည်း၊ ထွက်ခွာနည်းတို့ဖြစ်နိုင်သည်ဟု မှတ်သင့်သည်။

ရုပ်တို့၏ အဆင့်ဆင့် နူးညံ့ပုံကို မှတ်သားထားက အသွင်သဏ္ဍာန်ကိုကြည့်ကာ လေ့လာနိုင်သည်။

ပကတိ လူတို့၏ ရုပ်ထွက်ဘူးသွင်းပြီး ပညာသင်ထားသော စုန်းတို့၏ရုပ်သည် နူးညံ့၏။

ထိုရုပ်ထက် ဝမ်းတွင်းစုန်းဟု ခေါ်သော မနုဿကာကနီ၊ ဇော်ဂနီတို့၏ရုပ်သည် နူးညံ့သည်။

ထိုရုပ်တို့ထက် ဒေဝကာကနီ၊ ဒေဝဇော်ဂနီခေါ်သော ဂန္ဓဗ္ဗနတ်တို့၏ရုပ်သည် နူးညံ့၏။

ထိုရုပ်များထက် သမာဒေဝနတ်သိကြားစသော အထက်နတ်တို့၏ရုပ်သည် ပို၍နူးညံ့၏။

ထိုသို့သမ္မာဒေဝဖြစ်ကြကုန်သော သိကြားနတ်၊ မိစ္ဆာဒေဝနတ်၊ စုန်း၊ ဖုတ်၊ တစ္ဆေ၊ မြေဖုတ်၊ သားရဲ စသည်တို့၏ ရုပ်အသီးသီးထက် အထက်ဗြဟ္မာကြီးတို့၏ ရုပ်ရူပကာယကြီးများက ဆထက်လွန်ကျူး အထူးသဖြင့် ပို၍ နူးညံ့သိမ်မွေ့လှတော့၏။

ထိုသို့ဖြစ်သောကြောင့် သိမ်မွေ့နူးညံ့သော ရုပ်တို့သည် ကြမ်းတမ်းခက်တရော်သောရုပ်တို့၏အကြား၊ အကြားထဲသို့ ပျံ့နှံ့စိမ့်ယိုစီးနိုင်ပေသည်။

ဤနည်းဖြင့် လူတို့၏ ခန္ဓာကိုယ်အတွင်းသို့ စုန်းနတ်တို့ ပူးဝင်ကြပေသည်။

ထိုအကြောင်းနှင့် သက်ဆိုင်သည့် ဟတ္ထကဗြဟ္မာကြီး၏ ဝတ္ထုပုံကို အကျဉ်းမျှ ဖော်ပြပေးလိုပေသည်။

မြတ်စွာဘုရားရှင်လက်ထက်တော်က အနာဂါမ်တည်ပြီး ဟတ္ထက ဥပါသကာကြီးသည် သေလွန်သည်ရှိသော် သုဒ္ဓါဝါသအဝိဟာဘုံသို့ရောက်၍ ဂါမခေတ် သုံးခေတ်စာလောက် ကိုယ်ထည်လုံးပတ်ရှိသော အတ္တဘောကြီးဖြင့် ဗြဟ္မာဖြစ်သည်။

ထိုသို့ ဗြဟ္မာဖြစ်လျှင် ဖြစ်ခြင်း ဗြဟ္မာတို့၏ ဥပဒေနည်းလမ်းမကျွမ်းကျင်သေးခင် ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ ဗြဟ္မာပြည်မှ အလွန်သိမ်မွေ့ နုနယ်သော ရုပ်ကြီးအတိုင်းသာလာခဲ့၍ ဘုရားရှင်၏ရှေ့တော်ရှိ မြေကြီးပေါ်သို့ ရပ်သည်ရှိသော် ဂါမခေတ်သုံးခေတ်စာလောက်ရှိသော ကိုယ်ကောင်ကြီးသည် မြေကြီးထဲသို့ စိမ့်ဝင်၍ ယို၍၊ ယို၍ သွားသည်။

နင်း၍ မဖြစ်ပဲ ယိုလိုက်ပြီးသော် အထက်သို့ ပြန်တက်ကြရန် နှုတ်လိုက်ပြီးသည့်အခါ ဖြစ်လိုဖြစ်ငြား နင်းကြည့်ပြန်သည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ နင်းလိုက် ပြန်လျှင် ယိုစိမ့်ပြန်သည်။

မြတ်စွာဘုရားသည် ထိုဖြုပ္ဗာ၏ အဖြစ်အပျက်ကို မြင်တော်မူသော ဖြုပ္ဗာအား တိကဂုတ္တရပါဠိတော်၌ပါသည့် အတိုင်း "ဩဠာရိကံ ရူပံနိမ္မိနာဟိ" "ဟတ္ထကရုပ်ကို ရုန့်ရင်းကြမ်းတမ်းအောင် ဖန်ဆင်းလော့" ဟု နည်းပေးမှ နတ်ပြည်ဖြစ်ရုပ်များလောက်နီးနီး ရုန့်ရင်းကြမ်းတမ်းအောင်ဖန်ဆင်းပြီးမှ ရပ်တည်မှုရလေသည်။

ဖြုပ္ဗာကြီး၏ရုပ်သည် နို့ရည်ကဲ့သို့အရည်လောဟု မေးပါမူ အရည်လည်းမဟုတ်ပါ။

လူများမှာကဲ့သို့ ဆံပင်အမွေး၊ လက်သည်း၊ ခြေသည်းသွား၊ အရည်၊ အသား၊ အကြော၊ အရိုး၊ ချင်ဆီ စသည့်အလုံးစုံရှိထိုက်သမျှသော ကောဋ္ဌာသများရှိသည် ပင်တည်း။

ထိုဖြုပ္ဗာကြီးအား မူလစိမ့်ယိုသည့်အတိုင်းသာ လွှတ်ပေးလိုက်ရလျှင် မြေထု၊ လေထု၊ ရေထုတို့ကို ဖေါက်၍ အဇ္ဈာကာသကျအောင် စိမ့်ယို၍သွားရာ၏။

ဤသို့ယို၍ သွားရာ၌မြေကြီးရုပ်ကလာပ်ကလေးတွေအကြားကြားသို့ မြေကြီးဖြုပ္ဗာရုပ်ကလာပ်၊ ဖြုပ္ဗာရုပ်ကလာ ကလေးများ အကြားကြားသို့ မြေကြီးရုပ်ကလာပ်အားဖြင့် တစ်ခုအကြားသို့ တစ်ခုစိမ့်ဝင်၍ယို၍သွားသည်။

ရေနှင့်နို့ရည်စိမ့်ဝင်ကြသကဲ့သို့ မှတ်ယူနိုင်သည်။

ဤလူရုပ်နှင့် စုန်းနတ်တို့ရုပ်တစ်ခုအကြားသို့ တစ်ခုစိမ့်ဝင်ကြဘိသကဲ့သို့ ထိုအတူ ရေအိုးကြားသို့ရေစိမ့်မှု၊ ပျဉ်ပြား





ကြားသို့ ရေနံစိမ့်မှု၊ မြေပန်းကန်ကြားသို့ ခြင်္သေ့ဆီစိမ့်မှု၊ မြေကြီး သို့ ရေစိမ့်မှု၊ ရေကြည်အတွင်း နေပူရောင်ထိုးဖေါက်သွားမှု၊ ဘူရိပ်ထိုးယိုဖေါက်သွားမှု၊ ဖန်မှန်ပုလင်းတို့ကို ဝဏ္ဏရုပ်ထိုး ဖောက်သွားမှုအစရှိသည်တို့လည်း တစ်ခုအကြားတစ်ခု စိမ့် ဝင်မှုများသာ ဖြစ်ပေသည်။

စုန်းအကြောင်းကို အနည်းငယ်ဖော်ပြလိုပေသည်။

စုန်းဆိုသည်မှာ လူပင်ဖြစ်လေသည်။

၎င်းတို့အတတ်ပညာ၏အစွမ်းသည် ဂန္ဓဗ္ဗနတ်တို့၏ အနုဘော်တို့နှင့် ယှဉ်ခြင်းကြောင့် တစ်ဖက်သား၏စိတ်ကိုနှံ့ အောင် မေ့အောင် တတ်နိုင်ကြကုန်၏

၎င်းတို့ရုပ်ကိုလည်း သိမ်မွေ့အောင်ဖန်ဆင်းနိုင်ကြကုန်၏

ဂန္ဓာရီဝိဇ္ဇာပညာအရ ကျွန်ုပ်တို့ ၏မျက်စိဖြင့် မမြင်နိုင် အောင်သိမ်မွေ့အောင်ဖန်ဆင်းပြီးမှ စိမ့်ဝင်စေသော ရုပ်နုသည် ခန္ဓာကဲ့သို့ အတွေ့အထိဝေဒနာကို ခံစားနိုင်၍ ဝေဒနက္ခန္ဓာ မဟုတ်) ဇောတိခန္ဓာဟုခေါ်သည်။

စုန်းပညာရှင်သည် မိမိ၏ ရုပ်ကြမ်းရူပက္ခန္ဓာမှ ထွက်၍ ဒနာရှင်၏ ကိုယ်ထဲသို့ ရုပ်နုဇောတိခန္ဓာအဖြစ် ပြောင်းပြီး ရောက်ပူးကပ်သောအခါ မူလဘူတကိုယ်ကာယ ရူပက္ခန္ဓာ စုန်းပညာရှင်၏ အဆင့်အတန်း အနိမ့်အမြင့်အားလျော် တ်မျဉ်းခြင်း ၊ မေ့လျော့ခြင်း၊ အိပ်ပျော်ခြင်း ဖြစ်နေပေလိမ့်



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ရူပက္ခန္ဓာနှင့် ဇောတိခန္ဓာတို့သည် အ
ဆက်အသွယ်ရှိနေပေသည်။

မည်သို့မည်ပုံ ဆက်သွယ်လျက်ရှိနေကြသည်ကို ဥပမာ
ပေးရလျှင် မူလဘူတ ကျန်ရစ်သော ရုပ်ကြွင်း ရူပက္ခန္ဓာက ရု
ဘီးနှင့်တူ၍ သုခုမရုပ်နုဇောတိခန္ဓာကို ဆက်သွယ်ထားသော
(အသက်ဆက်ဇီဝမျှင်)သည် စွန်နှင့်ရစ်ဘီးအကြား ဆက်သွယ်
ထားသော ကြိုးနှင့်တူလေသည်။

၎င်းကို "ပညာ၏စက်ကြိုး" ဟုခေါ်လျှင်လည်း မမှား
ပေ။

ထို့ကြောင့် အာဏာရှိသောဆရာက "ဆရာရိုက်ထား
သော(သို့မဟုတ်) အပြစ်ပေးထားသော ဒဏ်ရာဒဏ်ချက်
သည် ငါဆရာ၏ ဝေဒနာရှင်၌ ဘာတစ်ခုမျှ မကျန်ရစ်စေ
အားလုံးအစွဲရှင် (ပညာသည်) ကယူဆောင်သွားရမည်" ဟု
မိန့်တော်ပြန်သောအခါ ဇောတိခန္ဓာနှင့်ဆက်နေသော ဇီဝအမျှင်
မှတစ်ဆင့် စုန်း၏ ရူပက္ခန္ဓာသို့ သယ်ယူရွှေ့ပြောင်းပြီး ဒဏ်
ဒဏ်ချက်တို့ကို ယူသွားကြခြင်း ဖြစ်ပါသည်။

နတ်တို့၌ လူဖြစ်သော စုန်းကဲ့သို့ ရူပက္ခန္ဓာ ရုပ်ကြွင်း
မရှိဘဲလျက် ဝေဒနာကို ခံစားနိုင်သော ဇောတိခန္ဓာ (ရုပ်နု)သော
နက္ခန္ဓာသာလျှင် ရှိသည့်အတွက် ဆရာ၏ နှိပ်စက်မှု ဒဏ်
ဒဏ်ချက်တို့ကို တိုက်ရိုက်ခံစားရလေသည်။

ဂန္ဓာရီ ဝိဇ္ဇာနည်းအားဖြင့် လူမှ ကျား၊ လင်းတ စသော
အသွင်သို့ ပြောင်းလဲသွားပုံကို မြန်မာလူမျိုးတိုင်းလိုလိုပင် ကြား





ကြလေသည်။

မည်သို့ မည်ပုံပြောင်းလဲပါသနည်း ဟူ၍ မေးမြန်းပါက
သေချာချာ တိတိကျကျ ပြောနိုင်သူကို မတွေ့ရပေ။

မြန်မာအခေါ်အဝေါ်တွင် "ဝံပုလွေ" ဟူသော အခေါ်
ဝေါ်ရှိကြသည်။

သို့စေကာမူ မြန်မာများနည်းတူပင် ကြားဖူးသူသာ
၍ မျက်မြင်တွေ့ရှိသူ ကြုံကြိုက်ဆုံစည်းဘူးသူမှာ ရှာမှရှား
ပြန်ပေသည်။

ဂန္ဓာရီ ဝိဇ္ဇာပညာရှင်များ သိရှိခဲ့သော မျက်စေ့ဖြင့် မြင်ရ
ည့် ရူပက္ခန္ဓာခေါ် ရုပ်ကြွင်းပေါ်ဝယ် လွန်စွာသိမ်မွေ့နူးညံ့
သဖြင့် မျက်စေ့ဖြင့် မမြင်နိုင်သည့် ဇောတိခန္ဓာရှိလေသည်။

၎င်းမှာ ဝေဒနာအထိ အတွေ့ကိုခံစားနိုင်သော နတ်
ကဲ့သို့သော သုခုမရုပ်ကိုဆောင်သည့် ဝေဒနက္ခန္ဓာ ဖြစ်၏။

ဝံပုလွေ၏ အသွင်၊ သမန်းကျား၏အသွင်၊ လင်းတ၏
သွင် သို့မဟုတ် အခြားတစ်စုံတစ်ခုသော အသွင်သို့ ပြောင်း
သောပညာရှင်သည် မိမိ၏ ရူပက္ခခန္ဓာမှ ဝေဒနာက္ခန္ဓာဖြစ်
ည့် ဇောတိခန္ဓာကို ထွက်စေ၍ ကျားအသွင် ဖန်တီးလေသည်။

ထိုအခါ မူလရူပက္ခန္ဓာမှာ ဖန်တီးသူ၏ ပညာအဆင့်အ
လျော်စွာ ငိုက်မျဉ်းခြင်း၊ အိပ်ပျော်ခြင်း၊ မေ့လျော့ခြင်းဖြစ်၍
သည်။

သို့ဖြစ်၍ ကျားအဖြစ်ဖန်တီးထားသော ဇောတိခန္ဓာမှာ
ရှာသို့ လှည့်လည်ကျက်စားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားသော လင်းတအစရှိသည့် အသွင်များသို့ပြော
လဲမှုမှာလည်း ဤသဘောအတိုင်းပင် ထပ်တူဖြစ်လေသည်။

အထက်ဖော်ပြပါ နည်းတို့ဖြင့်သာ ပြောင်းလဲကြော
ကို ဆက်လက်ဖော်ပြမည့် သာဓကများကို ထောက်ထား၍
နောက်တိုင်းမှ ဂန္ဓာရီဝိဇ္ဇာပညာရှင်လီဗီက ကောက်ချက်ဆွဲ
သုံးရပ်ရှိပေသည်။

အဆိုပါ သမန်းကျားကိုက်သည်ဆိုသော သူအား
ဆေးသောအခါတိုင်း၌ ဒဏ်ရာဒဏ်ချက်များ လုံးဝမတွေ့ရ
အကြောက်လွန်၍သော်လည်းကောင်း၊ အသက်ရှူ မွန်း၍သေ
လည်းကောင်း သေကုန်ကြရသည်ကိုသာလျှင် တွေ့ရသည်

အဆိုပါ သမန်းကျားအား သေနတ်၊ ဒူးလေး၊ ဓါး
စသော လက်နက်များဖြင့် ပစ်ခတ်၍ သေချာစွာ ထိသော်လည်း
ထိသောနေရာ၌ မည်သည့်အခါမှ လဲခြင်း သေခြင်း မရှိ

ထိုသို့လဲခြင်းသေခြင်းမရှိ၍ နောက်မှထက်ချပ်မ
လိုက်သွားကြည့်ရာ အိမ်အတွင်းသို့ဝင်သွားသည်ကိုသာ
ပြီး တစ်ခါတည်းလိုက်လံဖမ်းဆီးသောအခါ ကျားအသွင်
ပျောက်ကာ လူအသွင်ဖြင့်သာလျှင် ဒဏ်ရာဒဏ်ချက်တို့ကို
ရခြင်းကြောင့် အထက်ပါတိုင်း ရူပက္ခန္ဓာမှ ဇောတိခန္ဓာသို့
ဇောတိခန္ဓာမှ မူရင်း ရူပက္ခန္ဓာသို့၄င်း အပြန်အလှန် ရုပ်ပြော
များဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အခြားသာဓကတစ်ခုကို ကြားဘူးသည်ဖြစ်၍ ဖော်
လိုပါသေးသည်။





သမထ နည်းပြဆရာ မနဝိဇ္ဇာကြီး ဂုရုဦးခန့်သည် ငယ်
ရွယ်စဉ်က ဟသ်ာတမြို့နယ်၊ ခမောက်စုရွာ၌ အလွန်ကျော်ကြား
သော ကဝေမကြီးတစ်ယောက်နှင့် သားအမိအသွင် ခင်မင်ခဲ့ကြ
သည်။

ဂုရုဦးခန့်သည် ကြွယ်ဝချမ်းသာသူဖြစ်သည်နှင့်အညီ
အမယ်အိုအား အိမ်ဆောက်ပေးခြင်း၊ ဆန်၊ ဆီ၊ ဆေးစသော
အသုံးအဆောင်နှင့်အပ်သည့်ပစ္စည်းအဝဝတို့ကိုပါ ပေးကမ်းထောက်ပံ့နိုင်သော
ကြောင့်လည်း ဤမျှ ရင်းနှီးချစ်ခင်ခြင်းဖြစ်လေသည်။

ဂုရုဦးခန့်၏ ရည်ရွယ်ချက်မှာ ၄င်းအမယ်အို၏ ပညာ
များကို စုံစမ်းလိုသောကြောင့်ဖြစ်သည်။

ဂုရုဦးခန့်က မည်သို့ပင် နည်းလမ်းအသွယ်သွယ်ဖြင့်
စုံစမ်းစေကာမူ အမယ်အိုက ပြောပြခဲ့ခြင်းမရှိပေ။

သို့သော် တစ်နေ့သောအခါ၌မူ အမယ်အိုက လင်းတ
အသွင်းပြောင်းပြပါမည်ဟု ဂုရုဦးခန့်ကို ကတိပေးလေသည်။

သို့ဖြင့် လင်းတအသွင်သို့ ပြောင်းမည့်နေ့တွင် အမယ်
အိုသည် ဂုရုဦးခန့်ကို ရွာ၏အပြင်သို့ ခေါ်သွား၍ တောစပ်တစ်
ခုသို့ရောက်သောအခါ ဆယ်ပေပတ်လည်ရှိသော ချုံ၏တစ်ဖက်
၌ ဂုရုဦးခန့်အား ထိုင်နေစေ၏။

အမယ်အိုက ဂုရုဦးခန့်အား ၄င်းကိုယ်တိုင် ပြန်ရောက်
လာမချင်း ထိုနေရာမှ မထပါဟု သစ္စာဆိုစေပြီး ချုံဖုတ်တစ်
ဖက်သို့ ထွက်သွားလေသည်။

(၁၀)မိနစ်ခန့်ကြာလျှင် ချုံ၏တစ်ဖက်မှ လင်းတတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသည်။

ဂုရု ဦးခန့်က ထိုလင်းတကို မျက်ခြည်မပြတ် ကြည့် စဉ် ကောင်းကင်၌ (၁၀)ပတ်ခန့် ဝဲပျံကာ မူရင်းနေရာချုံ၏ တ ဖက်သို့ ထိုးကျသွားသည်ကို တွေ့မြင်လိုက်ရပြီးနောက် (၅)မိ ခန့်စောင့်နေသောအခါ အမယ်အိုသည် ဂုရုဦးခန့်ထံ ပြန်ရော လာသည်။

“ကဲ. . မြင်ပြီမဟုတ်လား ”

ဟုမေးမြန်းသည်ဟု ကြားသိခဲ့ရလေသည်။

အဆိုပါဖြစ်ရပ်ကို လေ့လာကြည့်ပါလျှင် အနော တိုင်း ဂန္ဓာရီပညာရှင် လီဗီမှတ်ချက်ချသကဲ့သို့ ၎င်းအမယ် သည် ၎င်း၏ ရူပကာ္ခန္ဓာမှထွက်၍ ဇောတိခန္ဓာဖြင့် လင်းတအ ဖန်တီးကာ ကောင်းကင်၌ ပျံဝဲနေစဉ် သူ၏မေ့လျော့ခြင်း( ဝိုက်မျဉ်းခြင်းဖြစ်နေမည့် မူလရုပ်ကြမ်း ရူပကာ္ခန္ဓာကို မမြင်မ စေလိုသောကြောင့် ချုံ၏တစ်ဖက်သို့ မလာစေရန် သူ ရောက်မချင်း ထိုင်ရာမှ မထပါရန် ဂုရုဦးခန့်အား သစ္စာခံ ခြင်း ဖြစ်ဟန်တူပေသည်။

“စုန်း၊ ကဝေ” ဆိုသည့် နာမပညတ်သည် သတ္တဝါ သီးအခြား မဟုတ်”

လူမျိုး (၁၀၀)ပါးမှ အပလည်း မဟုတ်ပေ။

စင်စစ်ကား လူ၊ လူမျိုးပင်ဖြစ်သော်လည်း သူတို့၏ မျိုးမှာ များပြားလွန်းလှသည်။

အတတ်ပညာ၏ အစွမ်းမှာကား အဇောမဂ္ဂဝါဒီ





န္ဓာရီအနွယ်၊ ဂန္ဓဗ္ဗနတ်တို့၏ အစွမ်းအာနုဘော်တို့နှင့် ယှဉ် ပြုခြင်းကြောင့် တစ်ဖက်သား၏ စိတ်ကိုနှံ့စေအောင် တတ်နိုင် ကြရုံသာမက ရုပ်ကိုလည်း သိမ်မွေ့အောင် ဖန်တီးနိုင်သည့်အစ ွက် ကိုယ့်ကိုယ်ကိုယ် ကာကွယ်စေနိုင်ခြင်း၊ ကျား၊ ခွေး၊ ဝက်၊ ကြောင် စသည့်သတ္တဝါန်တို့၏ အယောင်ဆောင်ပြုနိုင်ခြင်း. . ၊ မိအကြောင်းကို ပြောသော အဝေးမှစကားကို ကြားသိနိုင်ခြင်း၊ တ်ကြိုးဆင်၍ ကောင်းကင်၌ လူးလာသွားနိုင်ခြင်း. . စသော ညာတန်ခိုးများကို တတ်နိုင်စွမ်းသော သတ္တိရှိကြလေသည်။

ဆေး၊ အင်း၊ သံ၊ ပြဒါး စသည့်အတတ်ပညာကြောင့် ဖြစ်စွမ်းကြသော တန်ခိုးကိုမူ ဝိဇ္ဇာမဟိဒ္ဓိ တန်ခိုးဟူ၍ မှတ်သား သင့်သည်။

စုန်း၊ ကဝေများ၏ ပညာတောက်စားခြင်းကို ဆက်လက် ဖော်ပြလိုပါသည်။

စုန်း၊ ကဝေများနှင့် နာမ်လောကမှ ကာကနီ၊ ဇော်ဂနီ၊ သရဲတို့၏ ပညာစက်တောက်စားမှုများသည် သဘာဝတရား ကြောင့် ဖြစ်ပေါ်လာသော တောက်စားမှုများနှင့် လက္ခဏာအား ခြင်း တူသယောင်ရှိကြသည်။

အဆိုပါနှစ်မျိုးအနက် လူသိနည်းသော. . သဘာဝ တောက်စားမှုများအကြောင်းကို ဗဟုသုတအလို့ငှာ ဖော်ပြလိုပါ သည်။

“တောက်စားခြင်း” ဆိုသည့် မြန်မာစကား၏ အဓိပ္ပာယ် မှာ “အရောင်ထွက်ခြင်း” ပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာကြောင့် ဖြစ်စေ၊ သဘာဝကြောင့်ဖြစ်စေ၊ အ ရောင်ထွက်သောသက်ရှိသက်မဲ့များကို "စုန်း" ဟု ခေါ်ဆိုကြ လေသည်။

အရောင်ထွက်သော ပိုးကောင်ကို "ပိုးစုန်းကြူး" ဟူ၍ ၎င်း၊ အရောင်ထွက်သောတီကို "တီစုန်း" ဟူ၍၎င်း၊ အရော ထွက်သောသစ်ကို "သစ်စုန်း" ဟူ၍၎င်း ၊ အရောင်ထွက်သော ကျောက်ကို "ကျောက်စုန်း" ဟူ၍၎င်း၊ အရောင်ထွက်သော ကို "လူစုန်း" ဟူ၍၎င်း ခေါ်ဆိုကြခြင်းကို အထောက်အထားပြု "စုန်း"ဟူသည်မှာ "တောက်စားခြင်း" ဟု အဓိပ္ပါယ် သက်ရော ပေသည်။

မိုးပေါ်သို့တက်ပြီး တောက်စားကြသော စုန်းများ ဤစုန်းကား (၆) ကြိုး၊ ဤစုန်းကား (၁၂)ကြိုး စသည်အားဖြ အဆင့်အတန်းကို ခွဲခြားပြီး ပြောဆိုကြသည်။

ထိုသို့ပြောကြရာ၌ "ကြိုး" ဆိုသောစကားအရ ဇာတ် များမှာပြသော စက်ကြိုးယန္တရားကဲ့သို့ စုန်းများအား မိုးပေ တက်နိုင်ကြသည်ဟူ၍၎င်း၊ ကြိုးအရေအတွက် ပိုများသော က အရေအတွက်နည်းသည့်စုန်းထက် တန်ခိုးအဆင့်အတ ပိုမြင့်သည်ဟူ၍၎င်း ပြောဆိုကြသည်နှင့် တူလေသည်။

အမှန်မှာ ဤသို့မဟုတ်ပေ။

"ကြိုး" ဆိုသည်ကား "အမျိုးအစား" သို့မဟုတ် "အုပ် ကို ဆိုလိုပါသည်။

စုန်းနှင့်ကဝေဆိုသည်မှာ ပညာအဆင့်အတန်းသာ





ခြားမှုရှိသည်။

"ကဝေ"ဆိုသော စကားသည် "ကဝိ"ဆိုသော စကား မှ ဆင်းသက်၍ "စုန်းပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက် သောပညာရှင်"ကို ခေါ်ပါသည်။

စုန်း၊ ကဝေတို့သည် "ကြိုး"(သို့မဟုတ်) "အမျိုးအစား" (သို့မဟုတ်)"အုပ်စု"အားဖြင့် (၁၄)အုပ်စု ရှိလေသည်။

ကြိုးအမျိုး (၁၄)မျိုး၏ အမည်များကို ဖော်ပြလိုက်ပါ သည်။

[redacted]

စမျဉ်းတိုင် စုန်းကလေး
ရူပဝိပရိ စုန်းကလေး
ကုဋ္ဌဒိပ္ပ စုန်းကလေး
စက် စုန်းကလေး
နာနာရုပ် စုန်း
ကုလင်သ စုန်း
ဗာလီ စုန်း
ကဝေပျံ စုန်း
တေဇ စုန်း
ဂန္ဓဗ္ဗ စုန်း
တက္ကဲ့ စုန်း
နာဂဝံသ စုန်း
တိရစ္ဆာန် စုန်း
စဏ္ဍာလ စုန်း

[redacted]



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း. . . ( ၉၉ ) မျိုး

စုစုပေါင်း စုန်း(၉၉)မျိုး (သို့မဟုတ်) ကြိုး(၉၉)ကြိုးတို့ ဖြစ်လေသည်။

တစ်မျိုး တစ်မျိုးလျှင် ကဝေလက္ခဏာ(၉၉)ပါးစီနှင့် မြှောက်လျှင် (၉၈၀၁)မျိုး ပွားလေသည်။ ၄င်းကို မူလအမျိုး (၁၄)မျိုးနှင့်မြှောက်ပြန်လျှင် (၁၃၇၂၁၄)မျိုးပွားပြန်သည်။

ထို့ကြောင့် မူလကြိုးကြီး (၁၄)ကြိုးအလယ်တွင် (၉၉) ကြိုးလတ်မြှောက်လာဒ် (၉၈၀၁)မျိုး၊ စစ်ကြိုးကိန်း (၁၃၇၂၁၄) ရှိ လေသည်။

ပညာရှိများက "စုန်းသွေးခြင်းရာ၊ ဖွေထုတ်ရှာ၊ သင်္ချာမကုန်သေး" ဟူ၍ပညာရှိများက စပ်ဆိုထားကြလေသည်။

(၁၂)ကြိုးတို့ မည်သည် အစွမ်းသိပ်ထက်သည်ဟု လူအများက ဆိုတတ်ကြသည်။

သာမန်လူများက ကြိုးများ (၁၂)ကြိုးရှိလေသောကြောင့် အစွမ်းထက်သည်ဟု ယူဆကောင်း ယူဆပေမည်။

ဤသို့ကား မဟုတ်ပါ။

အထက်တွင် ဖော်ပြခဲ့သည့်ကြိုး (သို့မဟုတ်) အမျိုးအစား (၁၄)မျိုးရှိသည့်အနက် နံပါတ်(၁၂) အမျိုးအစားသည် နာဂဝံသ စုန်းမျိုးဖြစ်သောကြောင့် ထက်ခြင်းဖြစ်လေသည်။

၄င်းတို့အမျိုး၌ မောက်လုံး၊ မောက်ပြား၊ မောက်တို မောက်ရှည်တို့ ပါဝင်ကြကုန်သည်။

နာဂဝံသစုန်းမျိုးတို့သည် အလွန်ဒေါသကြီးပြီး သုံးကြိမ်





အထိသာ အများခံ၍ လေးကြိမ်မြောက်တွင် အသေသတ်သောကြောင့် နာမည်ကြီးသော "(၁၂)ကြိုး" ဖြစ်ခဲ့ဟန်ရှိသည်။

ကိန်းဂဏန်းပမာဏအားဖြင့် (၁၂)ကြိုးထက်များသော (၁၃)ကြိုးဖြစ်သည့် တိရစ္ဆာန်စုန်းမျိုးတွင် ပါဝင်သော တီစုန်း၊ မြွေစုန်း၊ ပိုးစုန်းတို့ကား (၁၂)ကြိုးလောက် တန်ခိုးမရှိကြချေ။

အချို့လူများ ယူဆသကဲ့သို့ အဆိုပါစုန်းတို့သည် ခေါင်းပိုင်းကိုဖြတ်ထားပြီးမှ ကောင်းကင်သို့ တက်သွားကြသည်ဆိုသည်များမှာလည်း မဟုတ်တန်ရာ။

အဆိုပါ စုန်းတို့၏ ခန္ဓာကိုယ်ထဲမှ အရောင်များ၊ ပညာစက်များ ထွက်ပြီးကောင်းကင်မှာ တောက်စားကြခြင်းဖြစ်တန်ရာ၏။

တကွစုန်းများအဖို့မူ မြေပြင်၌ပင်လျှင် တောက်စားတတ်ကြလေသည်။

အထက်ပါအကြောင်း အရာများမှာ ဦးဗန်ကောင်းက သူမှတ်သားထားသော စုန်းကဝေများအကြောင်းများကို ပြန်ပြောပြခြင်းပင်ဖြစ်သည်။

"အို သူတို့ဘယ်လောက်ပဲ အစွမ်းထက်ကြပါစေ ကျွန်တော်အပေါ်မှာ တစ်ခုခုနဲ့ အကျပ်ကိုင်လာရင်တော့ ကျွန်တော့်အနေနဲ့ ဘယ်နည်းနဲ့မှလက်မခံနိုင်ဘူး"

ဟုပြောရာ ဦးဗန်ကောင်းနှင့် ဦးမွန်သော်တို့က စိတ်မချမ်းသာစွာဖြင့် သက်ပြင်းချလိုက်ကြသည်။

"ဒါတွေက နောက်ပိုင်းမှ စဉ်းစားဆုံးဖြတ်ရမယ့် ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တွေပါကွာ၊ လောလောဆယ်မှာတော့ မင်းရဲ့ရောဂါ သက်သာလို့ သက်သာငြား ငါ့မှာပါလာတဲ့ဆေးတွေနဲ့ ကုပေးပါ့မယ်"

ဟုပြောပြီး ၎င်းမှာပါလာသော ဆေးများဖြင့် ကုသပေးသော်လည်း နီမောင်အခြေအနေကတော့ မထူးခြားဘဲ ဒီအတိုင်းပဲ ရှိလေသည်။







# အခန်း(၁၂)

# ချစ်ရေးမပြေသာသည့် ဝင်္ကြွေးကြမ္မာ

ဦးဗန်ကောင်းမှာ နီမောင်အခြေအနေကို မသိရသေးသောကြောင့်ရွာကိုပင် မပြန်တော့။ မဟာမြိုင်ရွာမှာရှိသော ဘုန်းကြီးကျောင်း၌ တည်းခိုနေသည်။

ကျောင်းထိုင်ဘုန်းကြီးကလည်း ၎င်းနှင့်ခင်မင်နေသောကြောင့် လွတ်လွတ်လပ်လပ်တည်းစေရန် ခွင့်ပေးထားသည်။

ညအချိန်ရောက်တော့ ဘုရားရင်ပြင်တော်ပေါ် ထက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ပုတီးစိပ်နေရာ ညဉ့်နက်ပိုင်း အချိန်ရောက်သောအခါ သူ့နောက်သို့ အမျိုးသမီးတစ်ယောက်ရောက်လာလေသည်။

ဦးဇန်ကောင်းကလည်း ပုတီးစိပ်နေရာမှ သူမရောက်လာသောအခါ သတိပြုမိလေသည်။

"မင်းဘယ်သူလဲ ဘုရားရင်ပြင်ပေါ် အထိတက်လာနိုင်တယ်ဆိုတော့ မိစ္ဆာတော့ ဟုတ်မယ်မထင်ဘူး"

ဟု နောက်လှည့်မကြည့်ပဲ ပြောလိုက်သည်။

"ကျွန်မ မိစ္ဆာမဟုတ်ပါဘူး၊ ဆရာကြီးနဲ့စကားပြောချင်လို့ လာခဲ့တာပါ"

ဟု သူမကပြောသဖြင့် ဦးဇန်ကောင်းက ပုတီးစိပ်နေခြင်းကိုအဆုံးသတ်လိုက်ပြီး နောက်သို့လှည့်လိုက်ရာ သူနှင့် မနီးမဝေးမှာ ရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

အသက်အရွယ်က နှစ်ဆယ်ကျော်လောက်ပင်ရှိသေးပြီး ချောမောလှပသူဖြစ်သည်။

"မင်း ဘယ်သူလဲ"

"မြနှင်းဖြူပါ"

"နှစ်ဆောင်ပြိုင်ရွာက မြနှင်းဖြူလား"

"ဟုတ်ပါတယ်"

ဦးဇန်ကောင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းက စုန်းကဝေပညာတတ်တဲ့သူလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ပရလောကသားတစ်ဦးလား"





"တစ်ဝက်တော့ မှန်ပါတယ်"

"ဒီလိုဆိုရင် သိုက်စောင့်မဟုတ်ပါဘူး၊ ဘုရားကိုစောင့်ရှောက်ပေးဖို့တာဝန်ယူထားရတဲ့သူပါ"

"ဒေးစွန်ပါ ဘုရားကိုပြောတာလား"

"ရွှေစေတီကို စောင့်ရှောက်ပေးရတဲ့သူပါ"

ထိုစကားကြားသောအခါ ဦးဇန်ကောင်းပင်စိတ်ဝင်စားသွားလေသည်။

"ငါ သဘောပေါက်အောင် ပြည့်စုံအောင်ပြောပြပါလား"

ထိုအခါမြနှင်းဖြူက ဦးဇန်ကောင်းနှင့်မနီးမဝေးမှာ ကျုံ့ကျုံ့ကလေးဝင်ထိုင်ပြီးမှ စကားပြန်စလေသည်။

"ကျွန်မ ဒီအကြောင်းတွေကိုပြောပြချင်လို့ လာခဲ့တာပါ ကျွန်မက သိုက်စောင့်လည်း မဟုတ်ပါဘူး၊ စုန်းကဝေပညာတတ်တဲ့သူလည်းမဟုတ်ပါဘူး၊ ရွှေစေတီကို စောင့်ရှောက်ပေးနေရတဲ့သူပါ"

"ဒီလို အဆင့်အတန်းရှိတဲ့လူတစ်ယောက်က ဘာကြောင့် လူတစ်ယောက်ကို ဒုက္ခရောက်အောင် လုပ်ရတာလဲ"

"ကျွန်မ သူ့ကို ဒုက္ခရောက်အောင်လုပ်တာမဟုတ်ပါဘူး သူနဲ့ကျွန်မနဲ့က ဆုတောင်းဖက်ဖြစ်ပါတယ်"

"ဟင်. . ဘယ်လိုဆုတောင်းဖက်လဲ"

"သူလည်း အရင်ဘဝကတည်းက ရွှေစေတီကိုစောင့်ရှောက်ပေးပါ့မယ်လို့ သစ္စာဆိုခဲ့တဲ့သူ ဖြစ်ပါတယ် ဒါကြောင့် ဒီနေ



www.burmeseclassic.com

www.burmeseclassic.com



ရာကို ပြန်ရောက်လာရတာပါ၊ သူဒီနေရာရောက်လာကတည်းက ကျွန်မနဲ့ ဆုတောင်းဖက်ဖြစ်မှန်းသိလို့ အမျိုးမျိုးအကူအညီပေးခဲ့ပါတယ်"

"ဆေးလုံးတွေက ဘာကြောင့်တိုက်ခဲ့တာလဲ"

"သူတခြားနေရာ ပြန်ရောက်မသွားစေဖို့ရယ် ကျွန်မနဲ့ လက်တွဲပြီးရွှေစေတီနဲ့ ပတ်သက်တဲ့ဆောင်ရွက်ပေးရမယ့်ကိစ္စတွေကို ပြုနိုင်အောင်လို့ ဆေးတိုက်ထားခဲ့တာပါ"

"ဒီအကြောင်းတွေကို သူ့ကိုဖွင့်ပြောပြလို့ မရဘူးလား"

"ကျွန်မက အရှုးတစ်ပိုင်းဘဝမျိုးနဲ့ နေရတာဆိုတော့ ကျွန်မပြောလည်း ဘယ်နည်းနဲ့မှ သူယုံကြည်မှာမဟုတ်ပါဘူး"

"မင်းက အမှန်အတိုင်းမပြောတော့ သူကမင်းကိုစုန်းမလို့ထင်နေမှာပေါ့"

"အချိန်တန်ရင်တော့ သူသိလာမှာပါ ဒီအတောအတွင်းမှာလည်း သူ့ကိုရှင်းပြဖို့ အခွင့်အရေးမရှိပါဘူး"

ဟု ဝမ်းနည်းသံလေးဖြင့် ပြောသည်။

"အခုဒီကို ဘာကိစ္စနဲ့လာတာလဲ"

"ဆရာကြီးကိုပြောပြစရာလည်းရှိ၊ အကူအညီလည်းတောင်းစရာရှိလို့ပါ"

"ပြောပါ. . တတ်နိုင်တာရှိရင် အကူအညီပေးပါမယ်"

"ကျွန်မပြောတဲ့ ရွှေစေတီနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ဆရာကြီးအပြင် ဘယ်သူမှ မသိပါစေနဲ့၊ ကိုနီမောင်ကိုတောင် အသိမပေးပါနဲ့"





"ဘာကြောင့်လဲ"

"ရွှေစေတီက လျှို့ဝှက်တဲ့နေရာ လျှို့ဝှက်တဲ့စခန်း တစ်ခုဖြစ်ပါတယ် ဒီနေရာအကြောင်းကို ဘယ်သူကိုမှ ပြောခွင့် မရှိပါဘူး၊ ပြောမိရင် အထက်ပုဂ္ဂိုလ်တွေရဲ့ အပြစ်ပေးတာကို ခံရပါတယ်"

"ငါနားလည်ပါပြီ ဒီအကြောင်းတွေကို ဘယ်သူကိုမှ မပြောပါဘူးလို့ ကတိပေးပါတယ်"

ဒေးစွန်ပါ၌ ရွှေစေတီကို မဖူးဘူးသေးသော်လည်း ထိုအကြောင်းကိုတော့ ကြားဖူးပြီး၊ သိဖူးပြီးဖြစ်လေသည်။

ဒေးစွန်ပါတောတောင် စခန်းဌာနသည် မဟာဂန္ဓာရီကိုဦးတည်လျက် ကျင့်ကြံအားထုတ်ကြသူများအတွက်. . အဓိဋ္ဌာန်ဝင်ကြသော စခန်း(၁၂)ခုတို့တွင် တစ်ခုအပါအဝင်ဖြစ်သည်။

ထိုပုဂ္ဂိုလ်တို့သည်. . ဒေးစွန်ပါတောင်သို့ မဖြစ်မနေရောက်အောင် သွားကြရပြီး ကျင့်ကြံအားထုတ်မှ ပြီးမြောက်ခြင်းသို့ရောက်သည်ဟုလည်း အဆိုရှိပေသည်။ ထိုသို့ ပြီးမြောက်သွားကြသော ရွှေစေတီကို ဖူးတွေ့ရပြီး. . ထိုနေရာမှာ ဆက်လက်ပြီး အဓိဋ္ဌာန်ဝင်ကြရပြန်လေသည်။

ထို့ကြောင့် ဒေးစွန်ပါတောင်ဘုရားအကြောင်းကိုပြောရင်း ရွှေစေတီအကြောင်းကိုလည်း ကြားဖူးနေကြခြင်း ဖြစ်၏။

ဦးဇန်ကောင်း မဟာဂန္ဓာရီလမ်းကို လေ့လာလိုက်စားသူဖြစ်သောကြောင့် ရွှေစေတီကိုစိတ်ဝင်စားသည်။ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ရောက်ဖူးချင်သည်။ ယခု ရွှေစေတီနှင့် ဆက်စပ် သူ မြနှင်းဖြူနှင့် တွေ့ရသောအခါ မျှော်လင့်ချက်တစ်ခု တိုး သကဲ့သို့ ဖြစ်သွားလေသည်။

"နောက်တစ်ခုပြောချင်တာက သူသောက်ထားတဲ့ဆေး သုံးလုံးကို ပြန်ထုတ်ပေးဖို့ မကြိုးစားပါနဲ့၊ ဘာကြောင့်လည်း တော့ ဒီဆေးသုံးလုံးက သူ့အတွက်ပေးထားတဲ့ ဆေးသုံး ဖြစ်တာကြောင့်ပါ၊ သူ ကျွန်မနဲ့လက်တွဲပြီး ရွှေစေတီနဲ့ ပတ်သ တဲ့ကိစ္စတွေ ဆောင်ရွက်ပေးရင် ဘယ်လိုအန္တရာယ်မှ မရှိနိုင် ဘူး၊ တကယ်လို့ တခြားသွားမယ်ဆိုရင်တော့ သက်ဆိုင်ရာပုဂ္ဂိုလ် တွေက လက်ခံကြမှာ မဟုတ်ပါဘူး၊ ဘာကြောင့်လည်းဆိုတော့ သူက အရင်ဘဝဟောင်းမှာကတည်းက ဒါကိုသူကိုယ်တိုင် သ ပြုထားပြီးလို့ပဲဖြစ်ပါတယ်"

ဟုရှင်းပြလေသည်။

"သူ့အပါအဝင် ကျုပ်တို့တစ်တွေကတော့ မိန်းကလေး ကို စုန်းကဝေတစ်ယောက်လို့ ထင်နေကြပြီး၊ သူ့ကိုပြုစားထား တယ်လို့ ယူဆနေကြတာ၊ အခုမိန်းကလေး ရှင်းပြမှပဲ ရှင်းသွား ပေတော့တယ်"

"ဒါပေမယ့် ဒီအကြောင်းတွေက မဟာဂန္ဓာရီပညာရှ တွေလျှို့ဝှက်ထားတဲ့ ရွှေစေတီနဲ့ ပတ်သက်နေတာတွေ ဖြစ် တာကြောင့် သူ့ကိုလည်း မပြောပါနဲ့ တခြားသူတွေလည်း လုံး မသိပါစေနဲ့ ဆရာကြီး"

"ကျုပ်က ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားနိုင်





တယ်၊ ဒါပေမယ့် ဒီလိုမပြောပဲထားရင် သူကမိန်းကလေးအပေါ် မှာအထင်လွဲနေမှာပေါ့"

"ဒီလိုပဲ စိတ်ရှည်ရှည်နဲ့ သည်းခံခွင့်လွှတ်ပေးရမှာပါပဲ အ ချိန်တန်ရင်တော့ သူသိလာမှာပါ"

"ကောင်းပြီလေ မိန်းကလေးပြောတဲ့အတိုင်း ကျုပ်ဘက် က အကူအညီပေးဖို့ကတိပေးပါတယ်"

ထိုစကားကြောင့် မြနှင်းဖြူက ကျေနပ်သောအသွင်ဖြင့် ခေါင်းညိတ်ပြကာဆက်ပြောသည်။

"ကျွန်မတို့အတွက် အခုလိုအကူအညီပေးတဲ့အတွက် ကျွန်မလည်း ဆရာကြီးကိုပြန်ပြီး ကျေးဇူးဆပ်ပေးပါ့မယ်၊ ဆရာ ကြီး ကျားဖြူသိုက်အကြောင်းကို ကြားဖူးတယ်မဟုတ်လား"

"အင်း. . . ကြားတော့ကြားဖူးပါတယ်"

"အဲဒီသိုက်က ဥစ္စာသိုက်မဟုတ်ပါဘူး ပညာသိုက်ဖြစ် ပါတယ်"

"ဘယ်လိုပညာသိုက်မျိုးလည်းကွယ့်"

"ရှေးကမဟာဂန္ဓာရီလမ်းက ထွက်ရပ်ပေါက်သွားခဲ့တဲ့ ရသေ့ကြီးတစ်ပါးထားခဲ့တဲ့ ထွက်ရပ်ပေါက်ပညာရပ်တွေ ထားခဲ့ တဲ့နေရာပါ၊ ကျားဖြူသိုက်လို့ အမည်ပေးထားကြတာလည်း အဲဒီ နေရာမှာကျားဖြူကြီးတစ်ကောင် ရှိပါတယ်"

"အင်း ဒါလည်းကြားဖူးတယ်၊ အဲဒီနေရာမှာ သိုက်တူးဖို့ လာတဲ့ဆရာတိုင်း ကျားဖြူကြီးထွက်ကိုက်လို့ သေကြတာ တော့ ရွာလူကြီးကတောင် အဲဒီနေရာကို သိုက်တူးခွင့်မပေး



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလို့ သတင်းကြားမိပါရဲ့"

"မှန်ပါတယ် အဲဒီနေရာက သာမန်ဥစ္စာသိုက်နေရာမ မဟုတ်တော့ ပြုလုပ်ရမယ့်နည်းတွေမသိပဲနဲ့ လာတူးရင်သေ မှာပါပဲ လူတွေကိုထွက်ပြီး ကိုက်သတ်တဲ့ကျားဖြူကြီးကလည်း တခြားမဟုတ်ပါဘူး၊ ပြဒါးရှင်နဲ့ပြုလုပ်ထားခဲ့တဲ့ အစီအရင်ကျား ဖြစ်ပါတယ်"

မြနှင်းဖြူပြောနေသော စကားများထဲမှာ ပြဒါးရှင်ဖြင့် လုပ်ထားသော ကျားရုပ်အကြောင်းကို ကြားရသောအခါများ စိတ်ဝင်စားမှုဖြစ်မိလေသည်။

"အဲဒီကျားဖြူရုပ်ကို ဖမ်းနိုင်တဲ့နည်းများ မိန်းကလေး ပါသလား"

"သိပါတယ် ဆရာကြီးကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ လုပ်ရမယ့်နည်းကို ကျွန်မပြောပြပေးခဲ့ပါ့မယ်"

"ကျေးဇူးတင်ပါတယ် မိန်းကလေးရယ်"

မြနှင်းဖြူက ဦးဇန်ကောင်းအား ကျားဖြူသိုက်နှင့် သက်သောလျှို့ဝှက်ချက်များ၊ အစီအရင်များကို ပြောပြ ပြီးမှ ပြန်သွားလေတော့သည်။

ဦးဇန်ကောင်းအနေကတော့ မထင်မှတ်ပဲ မမျှော် သော လျှို့ဝှက်ချက်များကို ရလိုက်လေသည်။

နောက်ရက်များမှာတော့ နီမောင် စိတ်သက်သာ စေရန် သာမန်ဆေးများကိုသာ တိုက်ပေးသည်။

"မင်းရောဂါက ပယောဂ ပြုစားထားတယ်ဆို





သိပ်မစိုးရိမ်ရပါဘူး၊ မကြာခင် သက်သာသွားမှာပါ"

"ကျေးဇူးတင်ပါတယ်ဆရာကြီး"

"ငါ့အနေနဲ့ တစ်ခုပြောချင်တာက ရောဂါသက်သာ သွားခဲ့ရင်လည်း ဘယ်သူ့အပေါ်မှ အာဃာတမထားပါနဲ့၊ ဘယ် ကိစ္စမဆိုလည်း စိတ်လိုက်မာန်ပါ မလုပ်စေချင်ဘူး"

"မလုပ်ပါဘူးဆရာကြီး၊ ဒါထက် ဆရာကြီးကို သိချင် တာတော့မေးပါရစေ"

"မေးလေကွယ်"

"ကျွန်တော်ကို ပြုစားလိုက်တာ ဟိုမြနှင်းဖြူဆိုတဲ့ စုန်းမ မဟုတ်လား"

ထိုစကားကြောင့် ဦးဇန်ကောင်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဒီကိစ္စမျိုးတွေက ဆရာတို့ အနေနဲ့ဘာမှ ပြောပိုင်ခွင့် မရှိပါဘူး၊ တစ်နေ့ကျရင်တော့ မင်းသိလာရမှာပါ"

ဟုသာ မတင်မကျပြောထားရလေသည်။

ထိုသို့ပြောလေလေ နီမောင်စိတ်ထဲမှာ မြနှင်းဖြူအပေါ် မှာ ပိုပြီးအထင်လွဲကာ ဒေါသဖြစ်မိလေဖြစ်နေတော့သည်။

ထို့ကြောင့် . . နောက်ပိုင်း ရောဂါသက်သာသွားသော် လည်း မြနှင်းဖြူရှိရာသို့ မသွားတော့ပေ။ တွေ့လည်းမတွေ့ကြ တော့ပေ။ ထိုသို့မတွေ့ရတော့မှ မြနှင်းဖြူကို မကြာခဏ သတိ ရနေတော့သည်။

"ဒီစုန်းမက သူ့ပညာနဲ့ သူ့ကိုသတိမရပဲမနေနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုစားထားလို့သာ အခုလို သူ့ကို သတိရနေတာဖြစ်မယ်"

ဟုတွေးကာ စိတ်ကိုတင်းထားသည်။

တစ်နေ့တွင် သစ်တောထဲမှာ အလုပ်လုပ်နေရာမှ အ လုပ်နားသောအချိန်တွင် မြနှင်းဖြူ ရောက်လာလေသည်။

မြနှင်းဖြူက သူ့ကိုမြင်တော့ ပြုံးပြလေသည်၊

"နင် ငါ့ဆီကို ဘာဖြစ်လို့ မလာတော့တာလဲဟင်"

"နင်က စုန်းမတစ်ယောက်ပဲ တခြားလူတွေ ပြောတုန်းက ငါသိပ်မယုံဘူး၊ အခုငါကိုယ်တိုင် လက်တွေ့ခံရတော့မှ သိရတော့တယ်"

"ငါက နင်ထင်သလို စုန်းမတစ်ယောက် မဟုတ်ပါဘူး"

"ငါကိုယ်တိုင် အပြုစားခံနေရတာတောင် ငြင်းချင်သေး သလား၊ နင်မပြုစားပဲနဲ့ ဟိုဆေးသုံးလုံးက ငါ့ဗိုက်ထဲဘယ်လို ရောက်လာရတာလဲ ဘယ်သူထည့်ပေးလိုက်တာလဲ ပြောပါဦး"

"အဲ့ဒါက နင်ဘာသာ သစ္စာပြုလို့ရတဲ့ ဆေးသုံးလုံး ဒါတွေက ငါနဲ့မဆိုင်ပါဘူး နီမောင်ရယ်"

"ဒါပေမယ့် အဲ့ဒီဆေးတွေက ငါ့ကို ဒုက္ခပေးနေပြီ နင့် ကို သတိမရပဲ မနေနိုင်ဘူး၊ စိတ်ထဲမှ နင့်ဆီကိုပဲ အမြဲလာချင် နေတယ်"

"အဲ့ဒီလိုဆိုတော့လည်း လာခဲ့ပေါ့၊ နင်လာတော့ ငါက ဝမ်းတောင်သာသေးတယ်"

"အေး . . ဒီလိုဖြစ်နေတာ ငါစိတ်ထဲကရှိနေလို့ မဟုတ် မှန်းငါသိတယ်၊ ဟိုဆေးသုံးလုံးက ဒုက္ခပေးနေလို့ ဖြစ်နေတာ





တာ ငါသိရပြီ၊ ဒီတော့ နင့်ဆီလည်းဘယ်တော့မှ မလာတော့ ဘူး ချစ်သူအဖြစ် ရွေးပြီးလက်ထပ်ရမယ်ဆိုရင်လည်း နင့်ကို တော့ ဘယ်တော့မှ မယူဘူး"

"အဲ့ဒီလိုဆိုရင် နင်သစ္စာပျက်မှာပေါ့"

"ဘာကြောင့် သစ္စာပျက်ရမှာလဲ ငါက နင့်ကိုချစ်ပါ တယ်၊ ကြိုက်ပါတယ်လည်း မပြောရသေးဘူး၊ လက်ထပ်ပါ့မယ့် လို့လည်း တစ်ခါမှ ကတိမပေးရသေးဘူး"

"ဒါပေမယ့် နင် ရွှေစေတီမှာ သစ္စာဆိုခဲ့ပြီးပြီလေ"

"ဟင်"

နီမောင်က မျက်လုံးပြူးသွားသည်။

"နင် သစ္စာပြုနေတဲ့အချိန်မှာ အဲ့ဒီရွှေမှာ နင်နဲ့ငါနဲ့ ယောက်တည်းရှိတာမဟုတ်လား"

"ဒါ . . ဒါ . . နင်သက်သက် အကွက်ဆင်ပြီး ဒီလိုဖြစ် အောင် လုပ်ခဲ့တာမဟုတ်လား"

"မဟုတ်ပါဘူး နီမောင်ရယ် ငါ့ကို အထင်မလွဲပါနဲ့၊ ဒီ ကိစ္စမျိုးတွေက ငါလုပ်ချင်တိုင်းလည်း ဘာမှလုပ်မရပါဘူး"

ဟု မျက်ရည်အဝိုင်းသားဖြင့် ပြောပြသည်။

"နင် စိတ်ထဲမှာ မြဲမြဲမှတ်ထားပါ လူတစ်ယောက်ရဲ့ မေတ္တာကို ဒီလိုနည်းနဲ့ လုပ်ယူလို့ရမယ်ထင်နေသလား၊ ဘယ် တော့မှမရဘူး၊ တကယ်လို့ ရခဲ့ရင်လည်း ခိုင်မြဲမှာ မဟုတ်ဘူး၊ နင့်ကို ဘယ်တော့မှ မယူဘူး၊ ဒီလိုမယူလို့ အသေသတ်မယ် ဆိုရင်တော့ အသေခံပစ်လိုက်မယ်၊ ဒီဘဝနဲ့နေလို့မရဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဘဝပြောင်းပြီး တခြားမှာ သွားနေမယ်"

ဟု စိတ်လိုက်မာန်ပါပြောဆိုပြီး ထိုနေရာမှ ထလာခဲ့သည်။

မြနှင်းဖြူကတော့ ထိုနေရာမှာပင် မျက်ရည်အစိုင်းသား နှင့် ကျန်ခဲ့လေသည်။

သူမအနေနှင့် အခြေအနေမှန်ကို ရှင်းပြခွင့်မရနိုင် သော အခြေအနေမျိုးကြောင့်လည်း ထိုကဲ့သို့ မျက်ရည်ကျ ရုံမှလွဲပြီး ဘာမှမတတ်နိုင်တော့ပါချေ။







# အခန်း(၁၃)

# ကျားဖြူသိုက်မှ ပြဒါးရှင်

ဦးဇန်ကောင်းအနေဖြင့် စိုင်ကော်သဖြင့် ချုပေါ်ရောက် ရသကဲ့သို့. . မမျှော်လင့်ပဲ မြနှင်းဖြူနှင့် တွေ့ရပြီးနောက်တွင် ရွှေစေတီနှင့် ပတ်သက်သော အကြောင်းအရာအချို့ကို သိခွင့် ရခဲ့သည်။

ထို့ထက် ကျားဖြူသိုက်နှင့် ပတ်သက်သည့် လျှို့ဝှက်ချက် များကိုပါ သိခွင့်ရခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျားဖြူသိုက်မှာ ဒေးစွန်ပါတောင် တစ်ကြောမှာ လူသိများသော နေရာတစ်ခုဖြစ်သည်။

လူအတော်များများကတော့ ကျားဖြူသိုက်ကို ရွှေငွေရတနာများရှိသော ဥစ္စာသိုက်ဟုထင်ခဲ့ကြသည်။ ထင်နေကြဆဲလည်းဖြစ်၏။

ထို့ကြောင့်လည်း မကြာခဏဆိုသလို သိုက်ဆရာများရောက်လာပြီး ကျားဖြူသိုက်ကို တူးကြသည်။ သို့သော်လည်း အောင်မြင်သည်ဟု မရှိပဲ သိုက်လာတူးသူမှန်သမျှ သိုက်စောင့်ကျားရန်စွယ်ကြောင့် အသက်သေဆုံးကြရသည်သာဖြစ်၏။

ထိုသို့ဖြစ်ပါများသော ထိုနယ်ကို စီမံအုပ်ချုပ်ရသောသူကြီးဦးစံသာကျော်က ကျားဖြူသိုက်ရှိသော နေရာတစ်ဝိုက်ကို သိုက်တူးခွင့်ပိတ်ထားလေတော့သည်။ နောက်ထပ် လူများသေလျှင် သူ့အပေါ် တာဝန်ကျလာမည်စိုးသောကြောင့် နောက်ထပ်ရောက်လာသော သိုက်ဆရာမှန်သမျှ မည်သူ့ကိုမှ သိုက်တူးခွင့်မပေးတော့ပေ။

မြန်မာနိုင်ငံရှေ အတော်များများတွင် သိုက်များစွာရှိကြသည်။

သို့သော်. . အမျိုးအစားကွဲပြား ခြားနားမှုတော့ ရှိကြသည်။

အချို့သိုက်မှာ ဥစ္စာသိုက် မဟုတ်ပေ။ အင်းသိုက်၊ ပြဒါးသိုက် စသည်ဖြင့် ရှိကြလေသည်။

ထိုအခါ သိုက်တွင်းရှိ ပြဒါးလုံး၊ အင်း၊ ကြေးပုရပိုက်





စသည်တို့ကို လိုချင်သည့် သိုက်ဆရာများက ပညာဖြင့် နှိမ်နင်း၍ တူးဖော်ယူကြလေသည်။

အချို့မှာ မိမိပိုင်ပစ္စည်းများကို လောဘတပ်၍သေသဖြင့် မြွေကြွက်စသည်သော်လည်းကောင်း၊ နာနာဘာဝသော်လည်းကောင်းဖြစ်၍. . ကိုယ့်ပစ္စည်းကို စောင့်ကာ နေရလေရာမိမိကိုနိုင်သူနှင့်တွေ့၍ ပစ္စည်းများ ယူသွားပါက ရင်ကွဲနာကျ၍သေဆုံးခါ ဘဝပြောင်းကြရလေသည်။

အချို့ကား၊ နောင်ပွင့်လတ္တံ့သော ဘုရားရှင်အတွက် ရည်စူးလှူဒါန်းအပ်သော ရတနာများကို အာဏာဖြင့် ဆိုင်ရာကအစောင့်ခန့်ခါ စောင့်စေသော ပြန်တမ်းဝင် ဥစ္စာစောင့်များဖြစ်ကြလေသည်။

အချို့သိုက်များမှာ အင်း၊ စမ၊ ရုပ်၊ ပြဒါးရှင် တစ်ခုခုကို စီမံ၍ အစောင့်ထားခဲ့ရာ အစစ်အမှန် ဥစ္စာစောင့် နာနာဘာဝမဟုတ်ဘဲ ၎င်းအင်း၊ စမ၊ ရုပ်၊ ပြဒါးလုံးများကပင် တစ်စုံတစ်ရာ ဖန်တီးသူ တူးဖော်လာသူအား ခုခံကာကွယ်ကြလေသည်။

အချို့သိုက်များမှာ အစောင့်မရှိ၊ အဓိဋ္ဌာန်ဖြင့် ပစ္စည်းကို မြင်ရပါလျက် ယူမရအောင် စီမံခဲ့သော သိုက်များဖြစ်လေသည်။

တိရစ္ဆာန် သတ္တဝါ တစ်မျိုးမျိုးသော်၎င်း၊ နာနာဘာဝသော်၎င်း ဖြစ်၍ ကိုယ့်ပစ္စည်းကိုယ် စောင့်ရသူများ အကြောင်းမှာ နိပါတ်များမှာပင် ပါရှိလေသည်။

ရွှေဂုံးဖြူ - မူလခဲသိုက်၊ ရွှေတိဂုံမဟာဇော်ဂျီသိုက်၊



www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင် - မမင်းစိန်သိုက်၊ မှော်ဘီ - မနှင်းစိန်သိုက် စသည်တို့ သည်ကား ဘုရားပစ္စည်းများကို စောင့်ရသော ပြန်တမ်းဝင် ဥစ္စာစောင့်များစောင့်သည့် သိုက်များဟု အဆိုရှိသည်။

ဦးဖန်ကောင်းအနေဖြင့် ကျားဖြူသိုက်ကို ဖော်ထုတ်ရန် စိစဉ်သောအခါ ဦးစွာ ရွာသူကြီးဖြစ်သည့် ဦးစံသာကျော်ထံ ခွင့်တောင်းရလေသည်။

"ဖြစ်ပါ့မလားဆရာကြီး၊ ဒီသိုက်က အတော်ကြမ်းတယ် လာဖော်သမျှ လူမှန်သမျှ ကျားကိုက်လို့သေကြရတယ်၊ တော်ကြာ တစ်ခုခုထပ်ဖြစ်သွားရင် ကျုပ်အပေါ် အပြစ်ရောက်လာမှာစိုးရပါတယ်"

"စိတ်မပူပါနဲ့ သူကြီးမင်းရယ်၊ ကျုပ်အနေနဲ့ ဒီကိစ္စတို့ ဆောင်ရွက်နိုင်လို့ သူကြီးမင်းဆီကိုလာပြီး ခွင့်တောင်းတာပါ တကယ်လို့ အောင်မြင်ခဲ့ရင် သူကြီးမင်းတို့လည်း အကျိုးရှိစေရပါမယ်"

ဟုပြောတော့မှ ဦးစံသာကျော်က စိတ်ပါလာဟန်ရှိသည်။

"ခွင့်ပြုတာတော့ ဟုတ်ပါပြီ ကျုပ်ကဘာတွေများ အကူအညီပေးရမလဲ"

"တခြားတော့ မလိုတော့ပါဘူး ကျုပ်ကိုခွင့်ပြုပေးရင် တော်ပါပြီ၊ နောက်ထပ် အဖော်လေးယောက်တော့ ခေါ်သွားရမယ်"

ဟုပြောပြီး သူကြီးအိမ်မှ ပြန်လာခဲ့သည်။





နောက်တစ်နေ့တွင် ကျားဖြူသိုက်ရှိရာသို့သွားရန် လူလေးယောက်ကို ခေါ်လိုက်လေသည်။

ဦးမွန်ထော်၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့ လေးယောက်ပင်ဖြစ်သည်။

၎င်းတို့လေးယောက်ကလည်း ဦးဖန်ကောင်းနှင့်အတူ လိုက်ရမည်မို့ များစွာစိတ်ဝင်စားနေကြသည်။

"ကျွန်တော်တို့က ဘာမှအတွေ့အကြုံမရှိတော့ ဖြစ်ပါ့မလားဆရာကြီး"

"ဘာမှ မစိုးရိမ်ပါနဲ့ ငါပြောတဲ့အတိုင်း လိုက်နာကြရင် ဘယ်လိုအန္တရာယ်မျိုးမှ မရှိနိုင်ပါဘူး၊ ငါတို့က ဘုရားနဲ့သက်ဆိုင်တဲ့ပစ္စည်းတွေ၊ သာသနာရေး၊ ဘာသာရေးနဲ့ သက်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေကို ဖျက်ဆီးကြမှာမှ မဟုတ်တာ စိုးရိမ်စရာမရှိပါဘူး"

"ဒါဖြင့် ဆရာကြီးတူးဖော်မှာ ဘယ်လိုသိုက်မျိုးလဲ ဆရာကြီး"

"ဥစ္စာသိုက်တွေထက် ပိုပြီးအရေးကြီးတဲ့ ပညာသိုက်မျိုးပါပဲ"

ဦးဖန်ကောင်းက ထိုမျှလောက်သာပြောပြီး ယူဆောင်ရမည့် ဆေးဝါးပစ္စည်းများကို စုဆောင်းယူငင်ကာ နေဝင်ရီတရောအချိန်တွင် တောင်ခြေဘက်သို့ သွားကြလေသည်။

လေးယောက်စလုံးကတော့ သတ္တိနည်းကြသူများ မဟုတ်ပေ။ သို့သော်လည်း အတွေ့အကြုံမရှိသော အလုပ်တစ်ခုကို လုပ်ရတော့မည်မို့ စိတ်လှုပ်ရှားနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေတစ်နေရာရောက်သောအခါ စခန်းချကြလေသည်။ ဦးဖန်ကောင်းက စေခိုင်းသဖြင့် ဝါးများခုတ်ယူပြီး ရာဇမတ်ကွက်များယက်ပြီး လေးဘက်လေးတန်ကာရံလေသည်။

ပြီးသောအခါမှ ဦးဖန်ကောင်းက ထိုရာဇမတ်ကွက်များအပြင်ဘက်မှ အသင့်ယူလာသော ပရိတ်ချည်၊ ပရိတ်ကြိုးများကို ကာရံပြီး အားလုံးကို အတွင်းမှာဝင်နေကြသည်။ အချိန်ကလည်း ညဥ့်ဦးပိုင်း အချိန်ရောက်လာပြီဖြစ်သောကြောင့် အမှောင်ထုများက ဖုံးလွှမ်းစပြုလာချေပြီ။

“ဘာမှ ကြောက်စရာမလိုဘူး၊ ကျုပ်ဝိုင်းထားတဲ့ စည်းအတွင်းကို ဘယ်လိုအန္တရာယ်မျိုးမှ ဝင်မလာနိုင်ဘူး၊ တကယ်လို့ ကြောက်စရာကောင်းတဲ့ အန္တရာယ်တွေ အနားရောက်လာရင်လည်း စည်းဝိုင်းထဲက အပြင်ဘက်ကြွဖို့တော့ အရေးကြီးတယ်”

“စိတ်ချပါ ဘယ်လိုအန္တရာယ်မျိုးမှ မကြောက်ပါဘူး”

ဟု ပြောလိုက်သည်။

နီမောင်တို့ လေးယောက်က စည်းဝိုင်းထောင့်လေး နေရာတွင် တစ်ယောက်စီထိုင်နေကြပြီး ဦးဖန်ကောင်းက စည်းဝိုင်းအလယ်မှာ ပုတီးစိပ်နေလေသည်။

အတန်ကြာလာသောအခါ ရွာဘက်မှ ဆူဆူညံညံအသံများ ကြားရသောကြောင့် လှည့်ကြည့်ကြရာ မီးတုတ်များကိုင်ကာ လျှောက်လာသောလူအချို့ကို တွေ့ရလေသည်။





အနီးရောက်တော့ . ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ သူကြီး ဦးစံသာကျော်ဖြစ်နေသည်ကို မြင်ရသည်။

“ဟင် သူကြီးကိုယ်တိုင် လိုက်လာပါလား ဘာများဖြစ်လို့ပါလိမ့်”

ဟု ရေရွတ်လိုက်ကြသည်။

ထိုအခါ ဦးဖန်ကောင်းက ပုတီးစိပ်နေရာမှ ရပ်ပြီး ခပ်တိုးတိုး ပြောလိုက်သည်။

“သူတို့ အနားရောက်လာပြီး ဘာတွေပဲလာပြောနေနေ ဘာမှပြန်မပြောကြနဲ့၊ သူတို့ကိုမကြည့်ဘဲ မျက်စိမှိတ်ထားပြီး ကိုယ်ရတဲ့ ဘုရားစာကိုသာ အာရုံပြုပြီး ရွတ်နေကြ”

ထိုသို့ပြောပြီး ပုတီးပြန်စိပ်နေသည်။

ခဏကြာတော့ သူကြီးဦးစံသာကျော် ခေါင်းဆောင်လာသော ရွာသားအချို့သူတို့ရှေ့နေသော နေရာနှင့် မနီးမဝေးနေရာသို့ ရောက်လာကြသည်။

“နီမောင်ရေ မင်းတို့အလုပ်ကိုလာပြီး အနှောင့်အယှက်ပေးတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သေရေးရှင်ရေး ကိစ္စရှိလို့ ငါတို့လိုက်လာရတာ”

ထိုစကားသံကြောင့် နီမောင်စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိသည်။

သို့သော် ဦးဖန်ကောင်းမှာထားသည့်အတိုင်း မျက်စိကိုမှိတ်ထားလေသည်။

“မင်းကငါပြောတာမယုံဘူးထင်တယ် သေရေးရှင်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တခြားအကြောင်းမဟုတ်ဘူး၊ မင်းညီမ မာလာ ပိုးထိခံရလို့ သေတော့မယ့် အခြေအနေရောက်နေပြီ အဲဒါဆေးဆရာကြီးပါ တစ်ပါတည်းခေါ်ပြီး ငါတို့နဲ့ တစ်ခါတည်းလိုက်ခဲ့ကြ"

"ဟင်"

ထိုစကားကြောင့် များစွာတုန်လှုပ်သွားသည်။ စိုးရိမ်စိတ်များဝင်လာသောကြောင့် မျက်စိဖွင့်ပြီး ဦးဗန်ကောင်းကို တစ်ချက်ကြည့်သည်။ ဦးဗန်ကောင်းက ဘာမှပြန်မပြောပဲ ပုတီးစိပ်နေရာမှ ရပ်ပြီး ရှေ့မှာချထားသော ဆန်မန်းများကို ယူပြီး ပစ်ပေါက်လိုက်ရာ စည်းဝိုင်းနှင့် မနီးမဝေးမှာ ရပ်နေကြသော လူတစ်စုမှာ စူးစူးဝါးဝါးအော်ဟစ်ကာ တောဘက်သို့ ပြန်ပြေးသွားကြလေသည်။

ထိုအခြေအနေကို မြင်ရတော့မှ . . . နီမောင်တို့လေးယောက်မှာလည်း အခြေအနေကို သဘောပေါက်သွားကြလေတော့သည်။

သို့သော်လည်း ထိုမျှနှင့်ပြီးမသွားပဲ သူတို့လေးယောက်နှင့် သက်ဆိုင်သူများ၊ တစ်ဦးပြီးတစ်ဦး တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြကာ အကြောင်းအမျိုးမျိုး ပြကာလာရောက်ခေါ်နေကြသဖြင့် ဆန်မန်းဖြင့်ပေါက်မှ ပြန်ပြေးသွားကြလေသည်။

ညဥ့်နက်ပိုင်းရောက်လာတော့ ထိုကဲ့သို့ လူများမလာတော့ပဲ သရဲ၊ သဘက်၊ ဘီလူး အစရှိသော ကြောက်မက်ဖွယ်ရာပုံပန်းသဏ္ဌာန်ရှိသော ပရလောကသားများရောက်လာကြပြီး





နည်းအမျိုးမျိုးဖြင့် လာရောက်နှောင့်ယှက်ကြပြန်လေသည်။

အချို့ဆိုလျှင် ကာရံထားသော ရာဇမတ်ကွက်များကိုကျော်ကာ တိုးဝင်လာတော့ပုံသဏ္ဌာန်အထိ ရှိကြသည်။ တကယ်တော့ အနားကပ်ရုံသာ ကပ်နိုင်ပြီး အတွင်းတော့ မဝင်နိုင်ကြပေ။ ဦးဗန်ကောင်းမှလွဲပြီး ကျန်လေးယောက်မှာ သာမန်လူများ ဖြစ်ကြသဖြင့် ထိုအတွေ့အကြုံများ မကြုံဖူးသောကြောင့် ထမတော့ အံ့သြနေကြသည်။

နောက်တော့ ပရလောကသားများက ကြောက်အောင် လန့်အောင် နည်းအမျိုးမျိုးဖြင့် ခြောက်လှန့်သောအခါ ကြောက်လန့်လာကြသည်။

နောက်ပိုင်း ၎င်းတို့ကို မကြည့်မိအောင် မျက်စိမှိတ်ထားကြသော်လည်း ဝူးဝူးဝါးဝါး အသံများကိုတော့ အတိုင်းသားကြားနေရသည်။

ဦးဗန်ကောင်းက ဆန်မန်းဖြင့်သော်လည်းကောင်း၊ ကိတ်ရေဖြင့်သော်လည်းကောင်း ပက်လိုက်လျှင်တော့ ပြန်ပြေးသွားကြလေသည်။

အတော်ကလေး ညဥ့်နက်သွားတော့ ထိုကဲ့သို့သော အနှောင့်အယှက်များ မလာတော့ပေ။

ထိုအချိန်တွင် ကျားဖြူသိုက်ရှိသောနေရာဆီမှ အလင်းရောင်မှာ ဖြာတက်လာသည်။ မရှေးမနှောင်မှာပင် ထိုနေရာဘက်မှ ကျားဟိန်းသံကြီးပေါ်ထွက်လာသည်။

ကျားဟိန်းသံကြားသောအခါ ဦးဗန်ကောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ပုတီးကိုလည်ပင်းမှာ စွပ်ထားလိုက်ပြီး ပြင်ဆင်စရာရှိသော ဆေးတော်၊ အင်းတော်၊ များကို ပြင်ဆင်လေသည်။ (ထိုဆေးတော်၊ အင်းတော်များ စီရင်ပုံကို မြနှင်းဖြူက ပြောပြသွားသဖြင့် ထိုနည်းအတိုင်း စီမံဆောင်ရွက်ထားခြင်းဖြစ်၏)

ထိုအခိုက်မှာပင် ကျားဖြူသိုက်ရှိသော နေရာဘက်မှ ကျားတစ်ကောင်ပြေးဆင်းလာသည်ကို လှမ်းမြင်ရသည်။ ကျားမှာ နွားမဒန်းမအရွယ်လောက်ရှိကာ အကောင်အရွယ်အစားကြီးသည်။ တစ်ကိုယ်လုံး အဖြူရောင်များဖြစ်သည်။ ကျားကြီးက ဒေါသတကြီးဖြင့် ပြေးလာပြီး အနားရောက်တော့ ခုန်အုပ်ရ ဟန်ပြင်လိုက်သည်။ ဦးဇန်ကောင်းက စီရင်ထားသော အင်းချ ပေါ်သို့ ဆေးဖယောင်တိုင် ထွန်းလိုက်သည်။

ကျားကြီးကသူတို့အပေါ်သို့ လွှားခနဲ ခုန်အုပ်လိုက် ကာထားသော ရာဇမတ်နားမရောက်မီမှာပင် ပျောက်ကွယ်သွား လေသည်။ ထိုအခါမှ နီမောင်တို့လည်း သက်ပြင်းချနိုင်ကြ သည်။ နောက်တစ်ကြိမ် ကျားဟိန်းသံထပ်ကြားရပြီး ကျား ထပ်ပေါ်လာပြန်သည်။ အရွယ်အစားကတော့ စောစော လောက် မကြီးတော့ပေ။ ထိုကျားလည်း ရာဇမတ်ကို မ နိုင်ပဲ ပြန်ပျောက်သွားပြန်သည်။ ဤသို့ဖြင့် တစ်ကြိမ်ပြီးတစ်ကြိမ် ပေါ်လာပြီး သူတို့အပေါ်သို့ခုန်အုပ်လေသည်။

ထိုသို့အုပ်တိုင်း မရဘဲ ပျောက်သွားလေရာ တဖြည်း ဖြည်းနှင့် အရွယ်အစားက သေးသွားလေသည်။

နောက်ဆုံးမှာ ကြောင်အရွယ်အစားလောက်ရော





သွားလေသည်။

စောစောပိုင်းက မီးဝင်းဝင်းတောက်နေသော မျက်လုံး လည်း တဖြည်းဖြည်းနှင့် အရောင်မှိန်ကျသွားလေပြီ။ သို့ သော်လည်း မာန်မလျှော့သေးပဲ မကြာခဏ ခုန်အုပ်ရင်းမှပင် ဖြည်းဖြည်းသေးငယ်သွားရာ နောက်ဆုံးမှာတော့ မီးထွန်းထား သော အင်းချပ်ပေါ်သို့ 'ဒေါက်'ခနဲမြည်ကာ အရာဝတ္ထုကျလာ တော့သည်။

ဦးဇန်ကောင်းက ကောက်ယူပြီး ကြည့်လိုက်ရာ ပြဒါး ဖြင့် စီမံပြုလုပ်ထားသော ကျားဖြူရုပ်ကလေးကို တွေ့ရသည်။

"အင်း. . ကျုပ်တို့ရဲ့ လုပ်ငန်းတော့ အောင်မြင်ပါပြီ" ဟု ဝမ်းသာသောအသံဖြင့် ပြောလေသည်။

"စောစောကကျားကြီးက ဘယ်ရောက်သွားပြီလဲ ဆရာ ကြီး"

"ဒီမှာလေ"

ဦးဇန်ကောင်းက ကျားဖြူရုပ်ကလေးကို လက်ဝါးပေါ် တင်ပြလေသည်။

"အရင်လာတဲ့လူတွေကို ဒုက္ခပေးနေတာ ဒီကျားပဲ ပေါ့"

"ဟုတ်ပါတယ်"

"အခုကိစ္စအောင်မြင်ပြီဆိုတော့ ကျွန်တော်တို့ ပြန်ကြ တော့မလား"

"မပြန်ရသေးဘူး၊ ကျားဖြူသိုက်ရှိတဲ့နေရာ သွားကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရဦးမယ်၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်က ဘယ်လိုညွှန်ကြားချက်ပေး ထားခဲ့တယ်ဆိုတာကြည့်ပြီး သူစေခိုင်းတာတွေ လုပ်ပေးဖို့တာဝန် ရှိသေးတယ်"

ဟု ပြောပြီး ကျားဖြူသိုက်ရှိသော တောင်ခြေဘက်သို့ ထွက်လာကြသည်။

ထိုနေရာရောက်တော့ ဟင်းလင်းပွင့်နေသော ဂူပေါက် တစ်ခုကို တွေ့ရပြီး ဂူအတွင်းမှ မီးခိုးငွေ့များ ထွက်နေလေသည် ငါးယောက်သား ဂူအတွင်းသို့ ဝင်သွားကြသည်။

ဂူအတွင်းမှာ ကျယ်ကျယ်ဝန်းဝန်းတော့မရှိပေ။

ကွပ်ပျစ်တစ်လုံး၊ ဘုရားစင်တစ်ခု၊ သောက်ရေအိုး တစ်လုံး၊ ဖိုထိုးသောနေရာတစ်ခု၊ ဖိုထိုးရာမှာ အသုံးပြုသော လုံခွက်အပါအဝင် အခြားအသုံးအဆောင်တို့ရှိသည်။ ကွပ်ပျစ် ပေါ်မှာ ရသေ့တစ်ဦး၏ အသုံးအဆောင်ပစ္စည်းအချို့ကိုလည်း တွေ့ရသည်။

"ဒီဂူထဲမှာ ရသေ့တစ်ပါး နေထိုင်ခဲ့ပြီး၊ ပြဒါးနဲ့ထွက်ရပ် လမ်းကြွသွားတာပဲ ဒီကျားဖြူရုပ်က သူစီရင်ထားတဲ့ ပြဒါးရှင်"

ဟုပြောပြီး ဟိုဟိုဒီဒီလိုက်ကြည့်ရာ ဘုရားစင်ပေါ်၌ တင်ထားသည့် ကြေးပုရပိုက်တစ်ချပ်ကို တွေ့ရသဖြင့် ဦး မီးရောင်ဖြင့် ဖတ်ကြည့်လေသည်။

"ကျွန်ုပ်စီရင်ထားခဲ့သော ပြဒါးရှင်ကို ထိုက်သူတို့ ရပါစေ၊ ရသူတို့သည် သာသနာအကျိုး သယ်ပိုးနိုင်ပါစေ၊ အများ အကျိုးဆောင်ရွက်နိုင်ပါစေ၊ ကျွန်ုပ်ထားရစ်ခဲ့သော ရွှေများ





ပြီး ဤတောင်ပေါ်မှာ စေတီတော်တစ်ဆူတည်ပြီး ပြဒါးရှင် စေတီတော်ဘွဲ့အမည်သမုဒ်ပါလေ၊ ကျန်သောရွှေများကို ထိုက် သူတို့ မျှဝေခံစားကြပါစေ"

ဟူသောစာများကို တွေ့ရသဖြင့် ဂူအတွင်းသို့လိုက် ကြည့်ရာ ဖိုထိုးသောနေရာအနီးတွင် အဂ္ဂိရတ်ပညာဖြင့် ပြုလုပ် ထားခဲ့သည့် ရွှေတုံး၊ ရွှေခဲများကို တွေ့ကြရသည်။

နှစ်ပေါင်းကြာပြီဖြစ်သဖြင့် အရောင်အဆင်း မပေါ် သောသဖြင့် ရွှေတုံးများဖြစ်မှန်း မသိကြခြင်းဖြစ်၏။ ထို့နောက် တော့ ဦးဇန်ကောင်းက အဂ္ဂိရတ်ထိုးသော ပစ္စည်းများကို အိတ်စဖြင့် စုထုပ်ယူလေသည်။ နီမောင်တို့လေးယောက်က တော့ ဦးဇန်ကောင်းက စေခိုင်းသဖြင့် ဂူထဲမှာရှိသမျှ တွေ့သမျှ ရွှေတုံးရွှေခဲများကို သယ်ယူကြကာ ကျားဖြူသိုက်ဂူအတွင်းမှ ထွက်ခဲ့ကြလေသည်။

သူတို့ပြန်ထွက်လာတော့ အရှေ့မှာ အရုဏ်ဦး အလင်း ရောင်များပင် တက်လာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

# ဘဝဟောင်းမှ သစ္စာပြုဖက်များ

ထို့နောက်မှာတော့ ဦးဗန်ကောင်းက ရွှေများကို ဘုရားအည်ရန်ဖယ်ထားပြီးနောက် ကျန်သောရွှေများအား ဦးမွန်ထော်မောင်၊ စောထီး၊ ငမဲအောင်တို့ကို ခွဲပေးသည်အပြင် အချို့ကို သူကြီးဦးစံသာအောင်ကိုပါ ဝေပေးလိုက်ရာ များစွာကျေနပ်သွားလေသည်။

ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်တို့မှာ ရွှေများရကြသ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် သစ်တောအလုပ်မှထွက်ကာ ကိုယ်ပိုင်အလုပ်လုပ်ရန် စီမံကြလေသည်။

ထို့ပြင် ဦးဇန်ကောင်း ဘုရားတည်မည့်လုပ်ငန်းများကိုလည်း အားတက်သရောပါဝင်ဆောင်ရွက်ကြတော့သည်။

ခါတိုင်းကဲ့သို့ အခြားသူများထံမှ အလုပ်မလုပ်ကြရတော့သဖြင့်လည်း သူတို့လုပ်ချင်သော အလုပ်များကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ကြပြီဖြစ်လေသည်။

အခက်ကြုံနေသည်က နီမောင်ပင်ဖြစ်သည်။ ယခုအခါမှာတော့ သူဆုတောင်းထားသော အချက်သုံးခုမှ နှစ်ခုပြည့်စုံသွားခဲ့ပေပြီ။ တစ်အချက် မိဘများကို စိတ်ချမ်းသာအောင် ထားနိုင်ခဲ့ပြီးဖြစ်ပြီး သူ့ဘဝလည်း ဆင်းရဲတွင်းမှလွတ်ကာ ချမ်းသာလာခဲ့ပြီဖြစ်၏။

ထိုကဲ့သို့ အခြေအနေမျိုးဖြစ်လာအောင် မြနှင်းဖြူက ဦးဇန်ကောင်းအား ဥပါယ်တံမျဉ်ဖြင့် အကူအညီပေးခဲ့ခြင်း ဖြစ်သည်ကိုတော့ နီမောင်မသိသေးပေ။

မြနှင်းဖြူထံ ကတိပေးထားပြီးဖြစ်သဖြင့်လည်း ဦးဇန်ကောင်းကအကြောင်းစုံကို ပြောပြခွင့်မရပေ။

"ငါဆုတောင်းထားတဲ့အတိုင်း ဆုတောင်းနှစ်ခုကတော့ ပြည့်ခဲ့ပြီ ဒီလိုပြည့်လာမယ် ဖြစ်လာလိမ့်မယ်လိုလည်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး၊ အခုတော့ ငါ့ဘဝလည်း ပြည့်စုံလာပြီ မိဘတွေကိုလည်း စိတ်ချမ်းသာအောင် ထားနိုင်ခဲ့ပြီ၊ ချစ်တဲ့သူကို လက်ထပ်ဖို့တစ်ခုပဲကျန်တော့တယ်"





ထိုအတွေးကသူ့ကို စိတ်ဒုက္ခဖြစ်အောင် အနှောင့်အယှက်အပေးဆုံးဖြစ်နေသည်။

"သူပြောတာက ငါကသူနဲ့ ဆုတောင်းဖက်တဲ့၊ သူကိုပဲ လက်ထပ်ရမယ်လို့ပြောတယ်. . ၊ ဒီလိုယုတ်မာတဲ့ စုန်းမတစ်ယောက်ကိုတော့ ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ဘူး၊ ဒီအတိုင်းနေလို့လည်း ရမှာမဟုတ်ဘူး၊ သူလာပြီး အမျိုးမျိုးအနှောင့်အယှက်ပေးနေဦးမှာပဲ၊ ဒီတော့ သူ့လက်ကလွတ်အောင် ဘယ်လိုလုပ်ရင်ကောင်းမလဲ"

ဟုတွေးတောကြံစည်နေတော့သည်။

နောက်ဆုံးမှာတော့ လွတ်မြောက်ရန် နည်းလမ်းတစ်ခုကိုစဉ်းစားမိလေသည်။

အခြားတော့မဟုတ်ပေ။ ဘဝပြောင်းပစ်ရန်ပင်ဖြစ်၏။ ဘဝပြောင်းခြင်းမှာ လူ့ဘဝမှ ရဟန်းဘဝသို့ ကူးပြောင်းရန်ပင်ဖြစ်၏။

ထိုအကြံအစည်အား မိဘများထံ ခွင့်ပန်သောအခါ ကြည်ဖြူစွာပင် ခွင့်ပေးကြသဖြင့် ချက်ချင်းဆိုသလိုပင် ရွာဦးကျောင်းသို့သွားကာ ဆရာတော်အား လျှောက်ထားခွင့်ပန်ပြီး ရှင်ဘဝသို့ ပြောင်းလိုက်လေတော့သည်။ ထိုကဲ့သို့ ပဉ္စင်းဘဝသို့ရောက်တော့မှ ဗိုက်ထဲမှ အောင့်သောဝေဒနာက ပြန်ပေါ်လာလေတော့သည်။ ထိုအခါ ဘုန်းတော်ကြီးက ပြောသည်။

"မောင်ပဇင်း မင်းရောဂါက သွေးရိုးသားရိုး ဟုတ်ဟန်မတူဘူး၊ လောကမှာ လူပဲဖြစ်ဖြစ်၊ ရဟန်းဘဝပဲဖြစ်ဖြစ်၊ ကံကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိရင်လည်းဆပ်ရတယ်၊ ဝဋ်ကြွေးရှိရင်လည်း ချေရတယ်၊ ကိုယ်ပြုထားတဲ့ သစ္စာရှိရင်လည်း သစ္စာပြုခဲ့တဲ့အတိုင်း ဆောင်ရွက်ရတယ်ကွယ့်"

ဟု မိန့်ကြားလေသည်။

ဆရာတော်ကြီးက နီမောင်နှင့်ပတ်သက်သည့် အကြောင်းများကို ဘယ်လိုသိထားသလဲတော့ မပြောတတ်ပေ။

၎င်းမိန့်ကြားသောစကားမှာ ရဟန်းဘဝနှင့် ဆက်မနေဝံ့လောက်အောင် ဖြစ်မိလေသည်။

နီမောင် ရဟန်းဝတ်ပြီး ကျောင်းမှာရှိနေစဉ် မြနှင်းဖြူရောက်လာကာ . . စားသောက်စရာများနှင့် အခြားအသုံး အဆောင်များ လာရောက်လှူဒါန်းလေသည်။

"မင်း ဘာကြောင့် ဒီကျောင်းအထိ လာတာလဲ၊ ဘုန်းကြီးကျောင်းဆိုတာ သာသနာမြေဖြစ်တော့ မင်းတို့လို မိန္ဓာတွေလာအပ်တဲ့နေရာမျိုး မဟုတ်တာ မသိဘူးလား"

"အရှင်ဘုရား ပြောချင်သလိုသာပြောပါဘုရား၊ တပည့်တော်လာတာ အရှင်ဘုရားကို သတိပေးရအောင်လာခဲ့တာပါ"

"ဘာကိုသတိပေးမှာလဲ"

"အရှင်ဘုရား ရွှေစေတီမှာ တပည့်တော်နဲ့ အတူတူ သစ္စာပြုခဲ့တာ သုံးခုရှိပါတယ်"

"ငါ မှတ်မိပါတယ်"

"သစ္စာပြုတဲ့ သုံးခုက နှစ်ခုပြည့်မြောက်သွားပြီးမို့ တစ်ခုပဲ ကျန်ပါတော့တယ်"





"အဲ့ဒီကျန်တဲ့ တစ်ခုကိုတော့ ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူး၊ မင်းနဲ့ငါနဲ့လည်း ဘဝခြားနေပြီ"

"တပည့်တော်က အရှင်ဘုရားအတွက်လာပြီး သတိပေးတာပါ၊ တပည့်တော်အတွက် လာပြောနေတာ မဟုတ်ပါဘူး၊ တကယ်လို့ ကိုယ်ပြုထားတဲ့သစ္စာအတိုင်း မလုပ်ဘဲ ပျက်ကွက်ခဲ့ရင် အရှင်ဘုရားတစ်ယောက်ပဲ ဒုက္ခခံရမှာမဟုတ်ပါဘူး၊ မိသားစုတွေပါအားလုံး ဒုက္ခရောက်ကြမှာမို့ လာပြီး သတိပေးနေတာပါ"

"မင်းငါ့ကို ခြိမ်းခြောက်နေတာလား"

"မဟုတ်ပါဘူး ဘုရား၊ တပည့်တော်မှာ ယုတ်မာတဲ့ အကြံအစည်မျိုး ဘယ်တုန်းကမှ မရှိခဲ့ပါဘူး၊ အခုလာပြောနေတာတွေကလည်း အမှန်တရားတွေချည်းပါပဲ"

ဟုပြောရာ ဦးပဇင်းက စိတ်မချမ်းမသာဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"လောလောဆယ်တော့ ငါ့ဒီဘဝမှာပဲ နေချင်သေးတယ်၊ အခုလိုဘဝမျိုးနဲ့ မြန်မာပြည် နေရာအနှံ့သွားပြီး စာသင်ချင်သေးတယ်၊ ပြီးတော့ ဘုရားတွေလည်း ဖူးဖို့စိတ်ကူးရှိတယ်"

ဦးပဇင်းက အဝေးသို့ထွက်သွားတော့မည်ဖြစ်ကြောင်း ဥပါယ်တံမျဉ်ဖြင့် ပြောလိုက်ခြင်းဖြစ်၏။

"အရှင်ဘုရား သွားချင်တဲ့နေရာကိုသွားပါ၊ နေချင်တဲ့နေရာမှာ နေခွင့်ရှိပါတယ်၊ ဒါပေမယ့် အရှင်ဘုရားအနေနဲ့ သုံးနှစ်ပဲ နေခွင့်ရှိပါတယ်၊ သုံးနှစ်ပြည့်ရင်တော့ ဒီနေရာကို ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြီး တပည့်တော်နဲ့ လက်တွဲပြီးတော့ ရွှေစေတီနဲ့ပတ်သက်တဲ့ သာသနာပြုလုပ်ငန်းတွေ လုပ်ပေးရပါလိမ့်မယ်၊ ဒီကိစ္စကတော့ အရှင်ဘုရား မဖြစ်မနေဆောင်ရွက်ပေးရမယ့် အရာတစ်ခုဖြစ်ပါတယ်"

ဦးပဇင်းက သက်ပြင်းချလိုက်သည်။

"နောက်တစ်ချက်က အရှင်ဘုရား ဘယ်နေရာမှာပဲ ရောက်နေနေ တပည့်တော် အနားမှာ အမြဲရှိနေမှာပါ"

"မင်းဘာကြောင့် ဒီလောက်လိုက်ပြီး နှောင့်ယှက်နေတာလဲ"

"နှောင့်ယှက်တာမဟုတ်ပါဘူး၊ အရှင်ဘုရား အနှောင့်အယှက်တွေတွေ့ပြီး အန္တရာယ်ဖြစ်မှာစိုးလို့ အနားက အကာအကွယ်ပေးရုံသက်သက်ပါဘုရား"

ပြောဆိုလျှောက်ထားပြီး မျက်စိမျက်နှာမကောင်းစွာဖြင့် ပြန်သွားလေတော့သည်။

နီမောင်လည်း စိတ်မချမ်းမသာဖြစ်ကာ ကျန်ခဲ့လေသည်။ နောက်ပိုင်းရက်များမှာလည်း မြနှင်းဖြူတစ်ယောက် မကြာခဏရောက်လာပြီး လိုအပ်သောပစ္စည်းများ လာရောက်လှူဒါန်းလေသည်။

ထို့နောက်မှာ ဦးဇန်ကောင်းက ဦးဆောင်ပြီး ယခင်က ကျားဖြူသိုက်ရှိသည်ဆိုသော တောင်ကုန်းပေါ်မှာ စေတီတည်ရန် ဆောင်ရွက်နေရာ ဦးမွန်ထော် စောထီး၊ ငမဲအောင်တို့ပါ ထိုနေရာမှာပင် ရှိနေကြပြီး ဝိုင်းဝန်းကူညီပေးနေကြသည်။





ထို့ပြင် သူကြီးဦးစံသာကျော်နှင့် ရွာသူရွာသားများလည်း သွားရောက်လုပ်အားပေးနေကြလေသည်။

နီမောင်တစ်ဖြစ်လဲ ရှင်တိက္ခမလည်း ထိုနေရာသို့ တစ်ခါတစ်ရံ ရောက်သွားပြီး လိုအပ်တာများ လုပ်ပေးလေသည်။ နီမောင်မှာ သူ့အခြေအနေနှင့်သူ စိတ်ရှုပ်ထွေးနေရသဖြင့် ဦးဇန်ကောင်းတို့နှင့်အတူ ဝိုင်းဝန်းမလုပ်ပေးနိုင်သဖြင့် စိတ်မချမ်းသာဖြစ်နေသည်။

ကျန်လူများကလည်း သူ့ကိုကြည့်ပြီး စိတ်မကောင်းကြပေ။ တစ်နေ့တော့ ဦးဇန်ကောင်းကမေးသည်။

"ဦးပဇင်း ရဟန်းဝတ်ရတာ အဆင်ပြေရဲ့လား"

"မပြေပါဘူး ဆရာကြီးရယ် သူကတော့ အမြဲလာပြီး အနှောင့်အယှက်ပေးနေတာပါပဲ"

"ဒီတော့ ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားသလဲ"

"တစ်နေရာသွားပြီး စာလေးဘာလေး လိုက်မလားလို့တော့ စိတ်ကူးထားတာပဲ"

"သွားပေါ့ဘုရား၊ နောက်ကလူတွေအတွက် အေးနေမှာ အပြောင်းအလဲ ဖြစ်တာပေါ့"

"ဒါပေမယ့် ကျုပ်ကို သုံးနှစ်ပဲ ခွင့်ပေးမယ်လို့ပြောတယ်"

"သုံးနှစ်ပြည့်ရင်တော့ ဒီဒုက္ခတွေကလွတ်အောင် တပည့်တော် အကူအညီပေးနိုင်မယ်ထင်ပါရဲ့"

"အခုမပေးနိုင်ဘူးလား ဆရာကြီးရယ်၊ အကူအညီပေးနိုင်ရင်လည်း မြန်မြန်ပေးပါ၊ ကျုပ်သူ့လက်က မြန်မြန်လွတ်


www.burmeseclassic.com

www.burmeseclassic.com



ချင်ပါပြီ"

"အချိန်တန်တော့ ဖြစ်လာမှာပေါ့ ဘုရား . .၊ အခုတော့ အချိန်မကျသေးလို့ သည်းခံပါဦး၊ အရှင်ဘုရားသွားချင်တဲ့နေရာ တွေကိုသာ စိတ်အေးလက်အေး ကြွပေးဦးတော့"

ဟု ပြောလိုက်လေသည်။

နောက်ထပ်ရက်အနည်းငယ်ကြာသောအခါ ကျောင်းထိုင်ဆရာတော်ကြီးက စာတစ်စောင်ရေးပေးလိုက်သဖြင့် . . မန္တလေးစာသင်တိုက်ကြီးတစ်ခုသို့ ရောက်သွားကာ စာသင်လေသည်။

သို့သော်လည်း သင်သမျှစာတို့ကို သူကကောင်းစွာ မရနိုင်ပဲ အနားမှာရှိနေသည့် မြနှင်းဖြူက ရနေလေသည်။

တစ်ခါတစ်ရံ သူသတိမေ့နေသောစာများကိုပင် မြနှင်းဖြူက အနားမှ ပြောပြပေး၊ ရွတ်ပြပေးလေသည်။

ထိုအကြောင်းကို အခြားစာသင်ဖော်များက သိသွားသောအခါ ဒါယကာများကိုပြောပြလေသည်။ ဒါယကာအချို့က ဦးပဇင်းမှာ ပယောဂစွဲကပ်နေသည်ထင်သောကြောင့် အောက်လမ်းပညာတတ်ကျွမ်းသော ဆရာတစ်ယောက် ခေါ်ကုရာ . . ဆရာက ၄င်းပညာဖြင့် ချုပ်နှောင်ပြီး ရိုက်နှက်ခြင်းပြုလေသည်။

ထိုသို့ ရိုက်သော်လည်း ဦးပဇင်းကတော့ တစ်ချက်က လေးမှ မထိသဖြင့် ဘာမှမဖြစ်ပေ။ ဆရာလည်း မောဟိုက်နေပြီး ဘယ်လိုဆက်လုပ်ရမှန်း မသိတော့ပေ။

ထိုအချိန်မှာ အမျိုးသမီးတစ်ယောက်အသံကို ကြားကြ





ရလေသည်။

"သူ့မှာ ဘာပယောဂမှမရှိဘူး၊ မသိပဲနဲ့ ရိုက်နေကြပါ နဲ့၊ သူဘာမှမဖြစ်ဘူးဆိုတာ သူနာမှာစိုးလို့ ငါကြားထဲက ခင်းပေးထားလို့ မဖြစ်တာ၊ ဘာပညာမှမတတ်ပဲနဲ့ ဒီကစ်ခါ သူ့အသားနာအောင် ရိုက်ရဲရိုက်ကြည့်၊ သူ့ကိုယ်ပေါ်မှာ ဒဏ်ရာတစ်ချက်ပေါ်တာနဲ့ အသက်ထွက်အောင် လုပ်ပစ်မယ်"

ထိုသို့ ပြောသောစကားသံကို ဆရာလည်းကြားရုံမက အနားမှာရှိနေသူများ ကြားရသောကြောင့် ဘယ်သူမှ ဆက်မရိုက်ဝံ့တော့ပဲ ဆရာလည်း ပြန်ပြေးလေတော့သည်။ နောက်ပိုင်းတော့ . . မန္တလေးမှာ စာသင်ရတာ အဆင်မပြေလှသောကြောင့် တစ်နှစ်ကျော်ခန့်ကြာသောအခါ ရန်ကုန်သို့ ပြန်ဆင်းလာပြီး ကမာရွတ်ဘက်မှ ကျောင်းတစ်ကျောင်းမှာနေလေသည်။

ထိုကျောင်းမှာ ရှိနေစဉ်အခိုက်မှာလည်း မကြာခဏဆိုသလို မြနှင်းဖြူကိုတွေ့ရလေသည်။

သူမအနေနှင့် ဘာမှထွေထွေထူးထူး အနှောင့်အယှက်လာပေးနေခြင်းမဟုတ်ပဲ သူ့အတွက်လိုအပ်သော ပစ္စည်းများကိုလာရောက်ပို့ပေးနေခြင်းဖြစ်သည်။

တစ်နေ့တော့ ဦးပဇင်းကမေးသည်။

"နင်ကစုန်းကဝေတစ်ယောက် မဟုတ်ဘူးဆိုတာတော့သားပါတော့၊ ငါနဲ့ သစ္စာပြုဖက်ဆိုတာကဘာလဲ"

"အရှင်ဘုရားနဲ့ တပည့်တော်နဲ့က အရင်ဘဝကလည်း ဒီဘဝမှာ သာသနာရေးကိစ္စတစ်ခုဆောင်ရွက်ကြဖို့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



သစ္စာပြုခဲ့ကြတာပါ။ ဒါကြောင့် ဒီဘဝမှာလည်း ထပ်ပြီးသစ္စာပြုတော့ အလိုရှိတဲ့အတိုင်း အောင်မြင်ခဲ့ကြတာပါ"

"နင် ငါ့ကိုတမင်လိုက်ပြီး အနှောင့်အယှက် ပေးနေတာတော့မဟုတ်ပါဘူးနော်"

"သစ္စာပြုဖက်ချင်းဆိုတာ အနှောင့်အယှက်ပေးလို့ မရပါဘူး၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က လိုက်ပြီး အကူအညီပေးရပါတယ်၊ လူတွေမပြောနဲ့ နတ်ဘဝရောက်နေရင်တောင် သစ္စာပြုဖက်တွေ ဒုက္ခတွေ့ရင် အကူအညီလာပေးရပါတယ်၊ ရာဇဝင်မှာ မင်းမဟာဂီရိနတ်ကြီးက သစ္စာပြုဖက်တွေကို အကူအညီပေးခဲ့တာကို တပည့်တော်ပြောပြပါ့မယ်"

ဟု အောက်ပါအကြောင်းအရာအချို့ကို ပြောပြလေသည်။

မင်းမဟာဂီရိနတ်ကား ထီးရိပ်နန်းရိပ်တွင်သာ အစဉ်ခိုလှုံခဲ့သူဟု ဆိုရအံ့ထင်သည်။

ဘုရားတည် ကျောင်းဆောက်ပြုခဲ့ရုံမျှမက ရှင်အရဟံ၏ အကူအညီဖြင့် ထေရဝါဒသာသနာတော်ကြီးကို ထိန်ထိန်ညီးအောင် ထွန်းညှိတောက်ပြောင်းစေခဲ့သည့် အနော်ရထာမင်းကြီးနှင့်လည်း မကင်းမကွာ ရှိခဲ့ရုံမျှမက ကျန်စစ်သားမင်းကြီးနှင့်လည်း ဆုတောင်းဖက်ဖြစ်သည်။

တစ်ခုသောဘဝက -

- အလောင်းစည်သူမှာ မင်းသား၊
- ရှင်အရဟံကား ပုဏ္ဏားသား၊





- မဟာဂီရိနတ်မင်းကား သူဌေးသား၊
- သက်မင်းငတုံကား စစ်သူကြီး၊
- ထီးလှိုင်ရှင်ခေါ် ကျန်စစ်သားကား မင်း၊

ဖြစ်ခဲ့ကြပြီး အပေါင်းအဖော်ငါးယောက်သားတို့ ဆုတောင်းခဲ့သည်မှာ. . .

- မင်းသားက နောင်အခါ၌ သူခပ်သိမ်းတို့ကို အစိုးရသောမင်း ဖြစ်ရပါလို၏ ဟူသောဆု၊

- ပုဏ္ဏားသားက မင်းရိုးရှည်စွာ မင်းဆရာဖြစ်ရလို၏ ဟူသောဆု၊

- သူဌေးသားက နောင်သောအခါ မင်းပူဇော်ခံရသည့် နတ်ကြီးတစ်ပါး ဖြစ်ရလို၏ဟူသောဆု၊

- စစ်သူကြီးသားက အနောက်တစ်ရိုးကို ပိုင်ဆိုင်စိုးမိုးရပါလို၏ဟူသောဆု၊

- မင်းကြီးက ဤသူလေးယောက်တို့နှင့် ဖြစ်လေရာဘဝမှာ ငါနှင့်မကွာ ဖြစ်ရပါလို၏ဟူသောဆု၊

ဟူ၍ ကိုယ်စိတ်နှစ်ပါး ညီညွတ်စွာဖြင့် ဆုတောင်းပန်ခဲ့ကြ၏။ တစ်ယောက်ဆုတောင်းလျှင် ကျန်လေးယောက်က "တောင်းသောဆုပြည့်ပါစေ" ဟုဆို၍ ဝမ်းမြောက်ဝမ်းသာ ရှိကြသည်။

ထိုဆုတောင်းဖက်ငါးယောက်တို့မှာ တောင်းသမျှဆုတို့နှင့် အသီးသီးပြည့်စုံခဲ့ကြလေသည်။

တစ်ခါသော်. . .



www.burmeseclassic.com

www.burmeseclassic.com



သက်မင်းငတုံသည် တိုင်းစွန်ပြည်ဖျား၌ စစ်အင်္ဂါသေး ပါးဖြည့်တင်းလျက် ထီးလှိုင်ရှင်မင်းကြီးကို ပုန်ကန်ခြားနားရန် စီမံကွပ်ကဲလျက် ရှိသည်ကို မင်းကြီးကြားလျှင် ရန်သူကို နှိမ်နင်းအံ့ဟု စစ်ပြင်သော်လည်း ရှင်အရဟံနှင့် မဟာဂီရိနတ်တို့က. .

"ရှေးကဆုတောင်းဖက်၌ သက်မင်းအား စစ်ပြင်၍ တိုက် မလုပ်သင့်ကြောင်း" တားမြစ်လျှင် ထီးလှိုင်ရှင်မင်းကြီး က. . .

"နတ်မင်းကြီးတို့ ဆုတောင်းဖက်ဟူသော် ငါဆင်း သောအခါ အဘယ်ကြောင့် မကယ်ပါသနည်း"

ဟုမေးလျှင် မဟာဂီရိနတ်မင်း ဤသို့ရှင်းလင်းဖြေ လေသည်။

"မင်းကြီးကို နော်ရထာမင်းက ကြိုးဖြင့် ချည်၍ လှံဖြင့် ထိုးသည့်ကာလ ကြိုးကို ထိုးမိစေ၍ ကြိုးပြတ်ရသည်။ ငါကယ် ၍မဟုတ်လော. . .၊

တောင်ခွင်ကျွန်းက စစ်ပျက်၍ ပြေးရသည့်ကာလ ညည့်မိုက်မိုက်တွင် ဖွတ်ရေအကျီဝတ်လျက် မြင်းကျားနှင့် ခရီး ညွှန်သည်မှာ ငါမဟုတ်လော. . .၊

မင်းစောလူးကို အနုရာဓရွာ၌ ခိုးပြေးသောအခါ ရန်သူ တို့ထက်ကြပ်လိုက်၍ မြစ်ကိုကူးသည်တွင် ပင်ပန်းလေအော့ မည်ဟု သောင်ဖန်ဆင်း၍ မြစ်တွေးငှက်ယောင်မြည်နှင့်သည် မှာ ငါမဟုတ်လော. . .၊

ထိုကသည် တံငါသားအဖယောင်ဖန်ဆင်း၍ လှေနှင့်





အောင်သာသို့ ပို့လိုက်သည်မှာ ငါမဟုတ်လော. . .၊

မင်းကြီးဆင်းရဲ၍ စီးမြင်းကျောင်းရာ အိပ်ပျော်စဉ် နဂါး ယောင်ဖန်ဆင်း၍ ပါးပျဉ်းကာသည်မှာ ငါမဟုတ်လော. . ."

ထိုစကားကိုကြားလေသော်. . .

"နတ်မင်းဆိုသမျှအားလုံး အမှန်တွေချည်းဖြစ်ပါ၏၊ နတ်မင်းမှန်းသာ ငါမသိသည်"

ဟု ထီးလှိုင်ရှင်က ဝမ်းမြောက်ဝမ်းသာဆိုလျက် သက် မင်းအား စစ်ချီတိုက်ခိုက်ခြင်း မပြုတော့ဘဲ အမျက်ပြေတော်မူ ၏။

သက်မင်းငတုံကိုလည်း ရှင်အရဟံက ဆိုဆုံးမတော် မူလေသည်။

အလောင်းစည်သူမင်းကြီးလက်ထက်တွင် ထိုသက်မင်း ငတုံထကြွသောင်းကျန်းပြန်၍ မင်းကြီးကိုယ်တိုင် သွားရောက် နှိမ်နင်းပြန်ရာ သက်မင်းငတုံ ဖမ်းမမိနိုင်ရှိသောကြောင့် သူခိုး စဉ့်ကို ဖြားယောင်းတိုက်တွန်းလေလျှင် သူခိုးငစဉ့်၏ စွမ်းရည် သတ္တိဖြင့် သက်မင်းငတုံကိုဖမ်းဆီးမိကာ ဦးခေါင်းဖြတ်၍ ဆက် လာသောဟူ၏။

ထိုအခါ မဟာဂီရိနတ်က. . .

"မင်းကြီး၊ ဆုတောင်းဖက်ကို သတ်သည်မှာ အလွန်မှား ၏" ဟုဆိုသော် မင်းကြီးက. . .

"ဆုတောင်းဖက်ဖြစ်သော်လည်း ငါ့တိုင်းစွန်ပြည်ဖျား ကျေးရွာများကို ကျူးကျော်စော်ကားလာသောကြောင့် သာ



www.burmeseclassic.com

www.burmeseclassic.com



ငါတားဆီးရသည်၊ ငါ့အဆွေသေသည်ကို ငါအလိုမရှိ၊ ထို့အပြင် ငါ့အဆွေအသေသတ်စေ ငါမစေ၊ မင်းတို့ ဓမ္မတာ တိုင်းပြည်မြို့ ရွာသာယာအေးချမ်းအောင်သာ ငါပြုရသည်”

ဟု ဆိုလေသည်။

“ယင်းသို့ဆိုက သက်မင်းငတုံးကိုပူဇော်လေ”

ဟု မဟာဂီရိနတ်က ဆိုသောကြောင့်.. ရတနာပန်း တောင်းထက်တွင် သက်မင်းငတုံးခေါင်းပြတ်ကိုတင်၍ မင်းကြီး နှင့် မျက်နှာဆိုင်ထားသော် ဦးခေါင်းပြတ်သည် မျက်နှာလှည့်၍ မင်းကြီးကို မျက်ကွယ်ပြုကာ မျက်နှာချင်းမဆိုင်ဘဲနေ၏။

မင်းကြီးလည်း မိမိပြုမူခဲ့သည်ကို သင်ပုန်းချေရန်နှင့် မဟာဂီရိနတ်၏ တိုက်တွန်းပြောဆိုမှုကို လေးစားလျက် တူရွင်း တောင်ရံတွင် ရှင်အရပ်ရုပ်တုနှင့်အတူ သက်မင်းငတုံးဦးခေါင်း ပြတ်ထားရှိလျက် ပြည်သူအများအား ပူဇော်ရာဖြစ်စေခဲ့ပါ၏။

သေဥ်လည်ကြောင်မင်းစတင်ကိုးကွယ်ခဲ့သော မဟာ ဂီရိနတ်မင်းအား.. ပဒေသရာဇ်ခေတ် မင်းအဆက်ဆက် အသိ အမှတ်ပြု ကိုးကွယ်ခဲ့ကြရာ.. ရတနာပုံခေတ်၌လည်း နန်းဦး ဆောင်ရှိ ရာဇပလ္လင်ဥကင်အတွင်းဘက် “သည်မ” တိုင်အတွင်း ၌ မဟာဂီရိနတ်ကွန်းကို အမိုးသုံးထပ်၊ ပွတ်လုံးလက်ရန်းများ တပ်ဆင်ပြီး တစ်ပင်တိုင်နတ်ကွန်း ပြုလုပ်ထားလေသည်။

“အရှင်ဘုရား တပည့်တော်က အရှင်ဘုရားကို တမင် ဒုက္ခရောက်အောင် လုပ်နေတာမဟုတ်ပါဘူးဘုရား၊ သစ္စာပြု ဖက်တစ်ယောက် ဒုက္ခရောက်မှာစိုးလို့ လာပြီးသတိပေးနေခြင်း





ဖြစ်ပါတယ်ဘုရား”

ဟုပြောပြီး ပြန်သွားလေသည်။

(၁၃၁၅)ခု သီတင်းကျွတ်လဆန်း(၁၂)ရက်၊ (၁၉၅၃) ခုနှစ် အောက်တိုဘာလ (၂၀)ရက်.. အင်္ဂါနေ့ နံနက်ပိုင်းတွင် ဟံသာဝတီအဝိုင်းနားမှ ကားမှတ်တိုင်တွင် တွေ့ရပြီးနောက်တွင် ထပ်မတွေ့ရတော့ပေ။

ထိုနေရာတွင် နီမောင်ဘဝမှ ရှင်တိက္ခမဘဝရောက် လာသော ဦးပဇင်း၏ အတိတ်အကြောင်းများမှာလည်း ရပ်တန့် သွားလေတော့သည်။

တစ်မျှော်တစ်ခေါ် တွေးတောနေသော အတွေးများ လည်း ပြီးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

# သစ္စာပြုဖက် တွဲလက်မကွာ

နီမောင်တစ်ယောက် ရဟန်းဘ၀သို့ရောက်နေခဲ့သည် ... နှစ်နှစ်ကျော်လာခဲ့ပေပြီ။ ထိုအချိန်များအတွင်းမှာတော့ ...င်းဖြူနှင့် မကြာခဏတွေ့ခဲ့ရလေသည်။

မန္တလေးမှ ရန်ကုန်သို့ ရွှေ့ပြောင်းလာပြီး ကမာရွတ် ...တ်မှ ကျောင်းမှာနေစဉ်မှာပင် တစ်ကြိမ်နှစ်ကြိမ်ထပ်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ နောက်တော့ မတွေ့ရပြန်တော့ . . .။

တစ်နေ့သ၌ နီမောင်တစ်ဖြစ်လဲ ရှင်တိက္ခမရှိရာသို့ ဦး… ဇန်ကောင်းရောက်လာလေ တော့သည်။

ဦးဇန်ကောင်းနှင့်မတွေ့ရတာ နှစ်နှစ်ကျော်ခဲ့ပြီဖြစ်… သူကလည်း တစ်နယ်တစ်ကျေးရောက်နေပြီး၊ ဦးဇန်ကောင်း… လည်း ဘုရားတည်သောအလုပ်များနေသောကြောင့် မတွေ့… ခြင်းဖြစ်လေသည်။

မမျှော်လင့်ပဲ ဦးဇန်ကောင်းကို တွေ့ရသဖြင့် နီမော… စိတ်ထဲမှာ ဝမ်းသာသွားလေသည်။

"ဦးပဇင်းနေကောင်းရဲ့လား"

"လူကကောင်းပါတယ် စိတ်ကတော့ တစ်နေ့မှ မချ… သာပါဘူး၊ ဒါထက် ရွာကကျုပ်ရဲ့ မိသားစုတွေရော တခြား… တွေပါ နေကောင်းကြရဲ့လား"

"ကောင်းကြပါတယ်၊ ဦးပဇင်း မိဘတွေလည်း ကျန်း… ကြပါတယ်၊ လုပ်ငန်းတွေလည်း အဆင်ပြေကြပါတယ်၊ ကျန်… လူတွေလည်း အဆင်ပြေကြပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ဒါထက် ဆ… ကြီး ဘုရားတည်တဲ့ကိစ္စရော အဆင်ပြေရဲ့လား"

"ပြေပါတယ် ရွာသူရွာသားတွေရော ပရလောက… တွေရော ဝိုင်းဝန်းအကူအညီပေးကြလို့ ဘုရားတည်ပြီးသွာ… ပြီး၊ ကျုပ်ဆောင်ရွက်ရမယ့် ကိစ္စတွေလည်း ပြီးသွားပြီဆိုရုံ…

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ဆရာကြီး…





ကျုပ်မှာသာ ရပ်ဝေးရောက်နေလို့ ဘုရားတည်တဲ့ကိစ္စမှာ ဝင်ပြီး အကူအညီမပေးခဲ့ရတာ စိတ်မကောင်းပါဘူး"

"ဘုရားတည်တဲ့ကိစ္စမှာ ဦးပဇင်းက ကိုယ်တိုင်ကိုယ်ကျ မပါနိုင်ခဲ့ပေမယ့် ဒီကိစ္စတွေ အားလုံး ဖြစ်မြောက်လာအောင် ဆောင်ရွက်တဲ့နေရာမှာတော့ အရှင်ဘုရားက အဓိကကျပါတယ်၊ ဒါကြောင့် အရှင်ဘုရားရဲ့ ကုသိုလ်တွေလည်း အများကြီး ပါဝင်ပါတယ်"

ထိုစကားကြောင့် များစွာ အံ့ဩသွားလေသည်။

"ဗျာ. . ဆရာကြီးပြောတာ ကျုပ်သိပ်ပြီး နားမရှင်းဘူး ဖြစ်သွားတယ်၊ ကျုပ်ကဒီမှာရောက်နေတာ ဘုရားတည်တဲ့ ကိစ္စမှာ ဘယ်လိုအဓိက ကျရတာလဲ"

"တပည့်တော် အဲ့ဒီအကြောင်းတွေ ပြောပြချင်လို့ ဒီကို တကူးတက လာခဲ့တာပါ၊ ကျုပ်အနေနဲ့ ဆောင်ရွက်ပေးရမယ့် ကိစ္စတွေ ပြီးပြီမို့ မဟာဂန္ဓာရီစခန်းကို သွားတော့မယ်၊ ဒါကြောင့် ခရီးမထွက်ခင် အရှင်ဘုရားကို ပြောသင့်တဲ့ကိစ္စတွေ ပြောပြချင်လို့ တမင်လာခဲ့တာပါ"

နီမောင်ကတော့ စိတ်ဝင်စားစွာဖြင့် ကြည့်နေလေသည်။

"နှစ်ဆောင်မြိုင်ရွာက မြနှင်းဖြူဆိုတဲ့ မိန်းကလေးဟာ ကိုယ်တော်ထင်သလို စုန်းကဝေပညာသည်တစ်ယောက် မဟုတ်ပါဘူး"

"ဒါဖြင့်. . ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"သူက ရွှေစေတီနဲ့ ပတ်သက်ပြီး တာဝန်ယူဆောင်ရွက်ပေးနေရတဲ့သူတွေထဲမှာ တစ်ဦးပါတယ်"

"ဟင်"

"ရွှေစေတီအကြောင်းကို အခြားသူတွေသိမှာစိုးတာကြောင့် တမင်မပြောပဲနဲ့ ဖုံးကွယ်ထားတာပါ၊ ဒီလို ပတ်သက်တဲ့သူက သူတစ်ယောက်တည်းလည်း မဟုတ်ဘူး၊ ကိုယ်တော်လည်း အတူပါတယ်"

"ဟင်. . ကျုပ်လည်းပါတယ် ဟုတ်လား"

"ဟုတ်ပါတယ် မြနှင်းဖြူနဲ့ ကိုယ်တော်နဲ့က သစ္စာပြုဖက်တွေဖြစ်ပါတယ်"

"ဒါ. . ဒါဖြင့် သူပြောသွားတာအမှန်တွေပဲပေါ့၊ ဒါထက် သစ္စာပြုဖက်ဆိုတာ ဘယ်လိုဟာမျိုးလဲ ဆရာကြီး"

"သစ္စာပြုဖက်ဆိုတာ အရင်ဘဝက တစ်စုံတစ်ခုကို ပြုလုပ်ဖို့ သစ္စာပြုဆုတောင်းတဲ့အခါ မိမိနဲ့ အတူတကွ ရှိနေသူတွေဟာ သစ္စာပြုဖက်တွေဖြစ်ပါတယ်၊ ကိုယ်တော်နဲ့ မြနှင်းဖြူတ အရင်ဘဝက ရွှေစေတီနဲ့ ပတ်သက်ပြီး သာသနာပြုကိစ္စတွေ အတူတကွ ဆောင်ရွက်ပါမယ်လို့ သစ္စာပြုဆုတောင်းခဲ့ကြတဲ့ သစ္စာပြုဖက်တွေဖြစ်ပါတယ်"

"ဆရာကြီး ကျုပ်ကို ဒီအကြောင်းတွေကို စောစောက ဘာကြောင့်မပြောတာလဲ"

"ဒီအကြောင်းမျိုးတွေက ပြောချိန်မတန်သေးပဲနဲ့ ပြောလို့မရပါဘူး၊ ပြောခွင့်လည်းမရှိပါဘူး ဒါကြောင့် မပြောတာပါ"





"ဒါထက် ဘုရားတည်တဲ့ကိစ္စတွေမှာ ကျုပ်က အဓိကကျတယ်ဆိုတာကရော ဘယ်လိုအဓိပ္ပာယ်လဲ"

"တပည့်တော်တို့သွားဖူးတဲ့ ကျားဖြူသိုက်ဟာ ထွက်ရပ်ပေါက်ရသေ့တစ်ပါး ထားခဲ့တဲ့ ပညာသိုက်ဖြစ်ပါတယ်၊ ဘယ်လိုဆရာမျိုးမှ တူးဖော်လို့မရနိုင်ပါဘူး၊ ကျုပ်ဖော်လို့ အောင်မြင်တယ်ဆိုတာလဲ ကျုပ်အစွမ်းအစကြောင့် မဟုတ်ပါဘူး၊ ကျုပ်အစွမ်းမျိုးနဲ့ အနားတောင်မကပ်နိုင်ပါဘူး"

"ဒါဖြင့် ဘယ်လိုကြောင့် အောင်မြင်ခဲ့တာလဲ"

"မြနှင်းဖြူ အကူအညီပေးလို့ အောင်မြင်တာပါ၊ သူက လျှို့ဝှက်ချက်တွေနဲ့ နည်းလမ်းတွေပြောပြလို့ သူပြောတဲ့အတိုင်းလုပ်ပြီး အောင်မြင်ခဲ့တာပါ"

"သူက ဘာကြောင့် အကူအညီပေးရတာလဲ"

"ကိုယ်တော်ရဲ့ဆုတောင်းပြည့်အောင်လို့ ကျုပ်ကို အကူအညီပေးခဲ့တာပါ၊ သိုက်ထဲက ရွှေတုံးတွေရလာတော့ ကိုယ်တော် သစ္စာပြုခဲ့တဲ့အတိုင်း မိဘတွေကို ချမ်းချမ်းသာသာနဲ့ စိတ်ချမ်းသာအောင် ထားနိုင်ခဲ့တယ် မဟုတ်လား၊ ဒါကြောင့် ဒီကိစ္စမျိုးတွေလုပ်နိုင်ခဲ့တာ ကိုယ်တော်က အဓိကကျသလို ကိုယ်တော်ရဲ့ကျေးဇူးတွေ အများကြီးရှိတယ်လို့ ပြောတာပေါ့"

ဟု ပြောပြလေသည်။

ထိုစကားကြားသောအခါမှ နီမောင်မှာ နောင်တကြီးစွာရသွားလေသည်။

မြနှင်းဖြူကိုပြောခဲ့ဆိုခဲ့မိသည်များအတွက်လည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်မိလေသည်။

"ဒါတွေကို မသိခဲ့ရတဲ့အတွက် သူ့အပေါ်မှာ အထင်မှား ခဲ့မိတယ်၊ ဒီအတွက် ကျုပ်တကယ်ပဲစိတ်မကောင်းပါဘူး"

"ဒါကတော့ မသိလို့ပြောမိဆိုမိတာပဲ အပြစ်မရှိပါဘူး"

"ဒါထက် ဆရာကြီးကို မေးပါရစေဦး သူက သာမန်လူ တစ်ယောက်ဖြစ်ပါရက်နဲ့ ကမ္မဋ္ဌာန်း တန်ခိုးရနိုင်မလား"

"မြနှင်းဖြူက သာမန်မိန်းကလေးတော့ မဟုတ်ဘူး.. သိုက်နန်းရှင်တစ်ယောက်လိုပဲ ကမ္မဋ္ဌာန်းအစွမ်းမျိုးရှိတယ်၊ ရုပ် ပြောင်းနာမ်ခွာ ပညာမျိုးလည်းတတ်တယ်၊ ဒါကြောင့်. . . ပ လောကသားတွေကို သူ့အလိုရှိသလို စေခိုင်းနိုင်တာပေါ့. . . ဒါကြောင့် အရင်ကဆိုရင် ကျားဖြူသိုက်ထဲက ကျားဖြူကိုတော သူခေါ်ပြီး အသုံးပြုနိုင်ခဲ့တာပေါ့"

ထိုစကားကြားတော့မှ မြနှင်းဖြူနှင့်တွေ့တိုင်း ကျားဖြ အရုပ်ကလေးတစ်ရုပ်ကို ကြိုးဖြင့်ဆွဲယူလာသည်ကို ပြန်လည် သတိရမိလေသည်။

"ဒါဖြင့် သူခိုင်းထားတဲ့ ပေတလူဆိုတာလည်း လူတစ် ယောက်ဟုတ်ချင်မှ ဟုတ်မှာပေါ့နော်"

"ပေတလူက သရဲတစ်ပိုင်း ဖြစ်နေတဲ့ လူတစ်ယောက် ပါပဲ"

"ဆရာကြီးဆီက အကြောင်းတွေသိရတာ ကျေးဇူးတင် ပါတယ်၊ မဟုတ်ရင် ရဟန်းဘဝမှာလည်း အဆင်မပြေ လူဘ မှာနေရင်လည်း မဖြစ်တော့ဘူးလို့ထင်ပြီး စိတ်ညစ်နေတာ၊ အခု





မှပဲ ကျုပ်ဘာလုပ်ရမယ်ဆိုတာ သိရပေတော့တယ်"

ဟု စိတ်ပေါ့ပါးသွားသောအသံဖြင့် ပြောလိုက်လေ သည်။

"ကဲ. . ဒီလိုဖြင့်လည်း တပည့်တော်ရဲ့ တာဝန်ပြီးသွားပြီ လို့ဆိုရမှာပဲ၊ ဒီတော့ တပည့်တော်လျှောက်ရမယ့်လမ်းကိုလည်း ဖြောင့်ဖြောင့်သွားနိုင်ပြီပေါ့"

"ကိုင်း. . အရှင်ဘုရားကို တပည့်တော် နှုတ်ဆက်ခဲ့ပါ တယ်"

ဟု ပြောဆိုကာ ဦးပန်ကောင်းက ၄င်း၏ လွယ်အိတ်ကြီး ကိုလွယ်၊ တောင်ဝှေးကိုယူကာ အပြင်သို့ ထွက်သွားလေတော့ သည်။

နီမောင်အနေဖြင့် စိတ်ထဲမှာ မကောင်းဖြစ်မိသော် လည်း မတားသာတော့ပါချေ။

သံသရာခရီးမဆုံးမချင်း ကိုယ်လမ်းကိုယ်လျှောက်နေ ကြရသည်ဖြစ်ပေရာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ထိုကဲ့သို့ ဝင် လမ်းခွဲကြရပေမည်။

နောက်တစ်နေ့မှာတော့ ကျောင်းထိုင်ဆရာတော်ထံမှ ခွင့်ပန်ပြီး သင်္ကန်းဝတ်ချွတ်လိုက်လေသည်။

နီမောင်အခြေအနေကို တစွန်းတစအကဲခတ်မိနေ သော ဆရာတော်ကလည်း ထွေထွေထူးထူး ဘာမှမေးမြန်းနေ ခြင်းမပြုတော့ပဲ ခွင့်ပြုပေးလိုက်သည်။

သူ့လက်ထဲ၌ ကားဂိတ်တွင် မြနှင်းဖြူပေးထားသော



www.burmeseclassic.com

www.burmeseclassic.com



ငွေအချို့ရှိနေရာ လိုအပ်သော အသုံးအဆောင်ပစ္စည်းများ ဝယ်ယူပြီး မဟာမြိုင်ရွာသို့ ပြန်လာခဲ့တော့သည်။

သူပြန်ရောက်လာတော့ မိဘများကလည်း ဝမ်းသာကြသည်။

အပေါင်းအသင်းမိတ်ဆွေများကလည်း ဝမ်းသာကြသည်။

ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်တို့ပင် သူတို့ရသော ရွှေများကို အသုံးပြုပြီး ဘဝထူထောင်ကြရာ အခြေတကျ ဖြစ်နေကြလေပြီ။

"မင်းပြန်ရောက်လာတာ ငါတို့သိပ်ဝမ်းသာတာပဲ ဘုရားထီးတင်ပွဲနေ့ကတော့ မြနှင်းဖြူကို တွေ့လိုက်ရသေးတယ်. . ဒီနောက်ပိုင်းတော့ မတွေ့ရတော့ဘူး"

"မင်းအခုလို ပြန်လာတာသိရင် သူတော့ သိပ်ပြီးဝမ်းသာရှာမှာပဲ"

"ငါတို့လည်း ဆရာကြီး ဦးဇန်ကောင်း ပြောပြသွားမှ သိတန်သလောက် သိကြရတော့တယ်၊ မသိကြတော့ ကိုယ့်ကိုချမ်းသာအောင်လုပ်ပေးတဲ့ ကျေးဇူးရှင်ကို စုန်းမတစ်ယောက်လို့ထင်နေမိတယ်၊ စိတ်မကောင်းစရာပါပဲကွာ"

ဟု စောထီးနှင့် ငမဲအောင်တို့က ပြောကြသည်။

နီမောင်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ညနေပိုင်းအချိန်မှာပင် နှစ်ဆောင်မြိုင်ရွာဘက်သို့ လာခဲ့လေသည်။





နှစ်ဆောင်မြိုင်ရွာအဝင် ထိပ်ရောက်သောအခါ တဲတစ်လုံးဖြင့် တစ်ယောက်တည်းနေဟန်တူသော အဘွားအိုနှင့် ထပ်တွေ့ရပြန်သည်။

"မင်းအရင်တစ်ခါက ဒီရွာကို လာတဲ့သူငယ်ပဲမဟုတ်လား"

"ဟုတ်ပါတယ်"

"ကတုံးနဲ့ဆိုတော့ ကောင်းကောင်းတောင် မမှတ်မိတော့ဘူး၊ အခုကော ဘယ်သွားမှာလဲ"

"မြနှင်းဖြူတို့အိမ်သွားမှာပါ"

"အော် စိတ်မနှံ့ရှာတဲ့ မိန်းကလေးဆီ သွားမှာထင်ပါရဲ့ မင်းလည်း မကြာခင် စိတ်မနှံ့တဲ့ဘဝမျိုး ရောက်ရတော့မှာပဲ"

ထိုသို့ပြောသော်လည်း ဒီတစ်ခါတော့ နီမောင်က ပြုံးနေလေသည်။

"မင်း အခုတော့ သူ့အကြောင်းတွေ သိခဲ့ရပြီ မဟုတ်လား"

ဟု ထပ်မေးပြန်သည်။

နီမောင်ကခေါင်းညိတ်ပြလိုက်သည်။

"တစ်ယောက်အကြောင်း တစ်ယောက်သိမှာလည်း ပေါင်းသင်းဆက်ဆံလို့ဖြစ်မှာပေါ့၊ ကဲ သွားပေဦးတော့. . သွားပေဦးတော့"

ဟုပြောသဖြင့် နီမောင်လည်း ရွာထဲသို့ ဝင်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူတို့ ခြံဝရှေ့ရောက်တော့ ခြံအတွင်းမှ ခွေးနက်ကြီးနှစ်ကောင် ပြေးထွက်လာပြီး ဟောင်လေသည်။

ခဏကြာခဲ့တော့ ဒေါ်ငွေရုံ၊ ဒေါ်ငွေမှုံတို့ ညီအစ်မ နှစ်ယောက်ထွက်လာသည်။

"အော် . . မင်းပါလား"

"မြနှင်းဖြူရှိပါသလား သူနဲ့တွေ့ချင်လို့ပါ"

"သူအတော်ကလေး နေမကောင်းဖြစ်နေရှာတယ်"

ဟုပြောပြီး ခွေးနှစ်ကောင်ကို မောင်းထုတ်လိုက်ပြီး ခြံတံခါးဖွင့်ပေးသည်။

နီမောင်ကို အိမ်ပေါ်ခေါ်သွားပြီး အခန်းတစ်ခုကို လက်ညှိုးထိုးပြသည်။

"သူကတော့ အိပ်ရာကမထနိုင်ရှာဘူး"

"သူဘာဖြစ်တာလဲ အဒေါ်"

"မင်းအတွက် စွမ်းအားတွေကို မသုံးသင့်ပဲ ထုတ်သုံးတော့အခုလို ပုံကျသွားတာဖြစ်မှာပေါ့၊ ဟိုးတလောတုန်းကလည်း အပြင်ကပြန်လာတော့ သူ့ကျောမှာအရှိုးရာတွေပါလာတယ်"

"ဟင်"

နီမောင် စိတ်ထဲမှာ သူ့ကို ဆရာက ကြိမ်ဖြင့်ရိုက်စဉ် . . မြနှင်းဖြူက ကြားမှဝင်ခံပေးသွားသည်ကို ပြန်သတိရလေသည်။

"မင်းနဲ့ သစ္စာပြုဖက်မို့ ဒီလောက်ဝင်ပြီး အကူအညီပေးတယ်ဆိုပေမယ့် သူအတော်ကလေး ခံရရှာတယ်"





"အဒေါ်တို့ ဒီအကြောင်းတွေကို သိနေပြီဟုတ်လား"

"အစကတည်းက သိပါတယ် . . ၊ ငါတို့က မြနှင်းဖြူကို စောင့်ရှောက်ပေးဖို့ ပါရမီဖြည့်ဖက်အနေနဲ့ ပါလာကြတာ မသိပဲ ရှိပါ့မလား"

ထိုသို့ပြောပြတော့မှ သဘောပေါက်ရလေတော့သည်။

"ကျွန်တော် သူနဲ့တွေ့ပါရစေ"

နှစ်ယောက်စလုံးက ခေါင်းညိတ်ပြသဖြင့် သူတို့ ညွှန်ပြသော အခန်းထဲသို့ ဝင်လာခဲ့လေသည်။

အခန်းထဲရောက်တော့ ခုတင်ပေါ်မှာ တစ်ဖက်စောင်းလျက်သားအိပ်နေသော မြနှင်းဖြူကိုတွေ့ရသည်။ သူ့မှာ ယခင်နှင့်မတူတော့ပဲ အနည်းငယ်ပိန်ကျသွားလေသည်။

"မြနှင်းဖြူ"

နီမောင်ကခပ်တိုးတိုး ခေါ်လိုက်တော့ သူ့ဖက်သို့ လှည့်လာသည်။

မျက်နှာပေါ်မှာ မျက်ရည်များစီးကျနေသည်။

"မငိုပါနဲ့တော့ မြနှင်းဖြူရယ် ငါအခုအဖြစ်မှန်တွေကိုလည်း သိခဲ့ရပါပြီ၊ ငါ နင့်အပေါ်မှာအထင်လွဲပြီး ပြောခဲ့ဆိုခဲ့မိတာတွေကိုလည်း ငါတောင်းပန်ပါတယ်"

ထိုသို့ပြောတော့မှ မျက်ရည်များက ပိုကျလာလေသည်။

နီမောင်က နံဘေးနားမှာထိုင် ပဝါဖြင့်မျက်ရည်များကို သုတ်ပေးလေသည်။

"ငါ့ကို ခွင့်လွှတ်ပေးပါ မြနှင်းဖြူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါနှင့်အပေါ်မှာ ခွင့်လွှတ်ပါတယ်၊ သစ္စာပြုဖက်တစ်ယောက်အနေနဲ့ ဘယ်တုန်းကမှ အပြစ်မယူခဲ့ပါဘူး"

ဟု အားနည်းသောအသံဖြင့် ပြန်ပြောသည်။

"နင်က အခုလိုခွင့်လွှတ်ပေးလေ. . ငါကပိုပြီး စိတ်မကောင်း ဖြစ်ရလေပါပဲ"

"ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့တော့ဟာ အဖြစ်မှန်တွေကိုသိပြီး နင်အခုလို ပြန်လာတာကိုပဲ ငါဝမ်းသာလှပါပြီ"

"ငါအခုပြန်လာတာ နင်နဲ့အမြဲအတူနေပြီး ငါတို့တာဝန်ယူခဲ့တဲ့အလုပ်တွေကို လုပ်ဖို့ပါပဲ၊ နောက်ဘယ်တော့မှ နင်နဲ့ခွဲမသွားတော့ပါဘူး"

"ဒီစကားကြားရတာ ငါဝမ်းသာပါတယ်၊ အခုနေ သေမယ်ဆိုရင်တောင် ငါသေပျော်ပါပြီ"

"အို. . မဟုတ်တဲ့စကားတွေ မပြောပါနဲ့တော့ ငါတို့နှစ်ယောက် လက်တွဲပြီးတော့ ရွှေစေတီနဲ့ပတ်သက်ပြီး လုပ်စရာတွေရှိသေးတယ်မဟုတ်လား"

မြနှင်းဖြူက ခေါင်းညိတ်ပြရင်း အိပ်ရာမှထရန် ကြိုးစားလေရာ နီမောင်က ကြင်နာစွာ ပွေ့ထူပေးလိုက်လေသည်။

ထို့နောက် ချစ်သူ၏ ကိုယ်ကလေးကို ဖက်ထားပေးသောရာ မြနှင်းဖြူကလည်း အားနည်းနေသော ဟန်အမူအရာဖြင့် မှီတွယ်ထားလေသည်။

တကယ်တော့ သူတို့နှစ်ယောက်မှာ ဘဝဟောင်းမှ သစ္စာပြုဖက်များ ဖြစ်ခဲ့ကြသည်။





ယခုဘဝမှာတော့ ပါရမီဖြည့်ဖက်များ ဖြစ်လာကြသည်။ သစ္စာပြုဖက်၊ ပါရမီဖြည့်ဖက် တွဲလက်မကွာ ရှိကြရမည်မှာ ချစ်သူတိုင်း၏ တာဝန်များသာ ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(ချစ်ပြီးမပြေတဲ့အချစ်ကြိုးကဝေ) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနီယာဟောန္တု သုခိအတ္တာနံ ပရိဟရန္တု။



ရေးပြီးဆုံး။ ။(၂၀၁၂)ခုနှစ်၊ဧပြီလ၊(၁၅)ရက်၊တနင်္ဂနွေနေ့၊နံနက်(၁၀)နာရီ။



www.burmeseclassic.com